Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၆၆) ခရစ်နှစ် ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ (၁) ရက် မြန်မာသက္ကရာဇ် (၁၃၆၇) ( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည်။

## ကမ္ဘာ့ငြိမ်းချမ်းရေး နိုဗယ်လ်ဆုရှင်နှစ်ဦးမှ "ငြိမ်းချမ်းရေးကိုခြိမ်းခြောက်မှု" အစီရင်ခံစာ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့တင်ပြ


ဘုန်းတော်ကြီး ဒက်စ်မွန်တူးတူး

နိုဗယ်လ်ဆုရှင်နှစ်ဦး ဖြစ်သော မစ္စတာဗား ကလပ်ဟာဗယ်နှင့် တောင်အာဖရိကမှ ဘုန်းတော်ကြီး ဒက်စ်မွန်တူးတူးတို့က မြန်မာပြည်တွင် အပြောင်းအလဲများ ဖြစ်ပေါ်လာစေရေး ကုလ သမဂ္ဂလုံခြုံရေးကောင်စီမှ အဆော တလျင် ကြားဝင်ဖြေရှင်းပေးရန် တိုက်တွန်းလိုက်သည်။

ချက်သမတဟောင်း ဗားကလပ်ဟာဗယ်နှင့် ဘုန်းတော်ကြီးဒက်စ်မွန်တူးတူးတို့က ("Threat to Peace - A call to the UN Security Council to act in Burma") ငြိမ်းချမ်းရေးကို ခြိမ်းခြောက်မှု (မြန်မာပြည်အရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အရေးယူဆောင်ရွက်ရန် တောင်းဆိုခြင်း) ဟုအမည်ရသော စာမျက်နှာ (၇၀) ပါ အစီရင်ခံစာတစောင်ကို တင်သွင်းခဲ့သည်။

အစီရင်ခံစာတွင် မြန်မာပြည်အခြေအနေသည် ကုသမဂ္ဂလုံခြုံရေးကောင်စီမှ ဝင်ရောက်အရေးယူဖြေရှင်းခဲ့ရသည့် ကမ္ဘောဒီးယား၊ လိုင်ဘေးရီးယား၊ ရဝမ်ဒါ၊ ဟေတီ၊ ယီမင်၊ အာဖဂန်နစ္စတန်နှင့် ဆီရာလီယွန်နိုင်ငံတို့ထက် ပိုမိုဆိုးဝါးသည်ဟုဆိုသည်။

"(၁၅) နှစ်လုံးလုံး မြန်မာစစ်အစိုးရဟာ ကုလသမဂ္ဂရဲ့ အကောင်အထည်ဖော်ဖို့ အကြံပြုချက်များကို ငြင်းပယ်ခဲ့ပြီး အခြေအနေတွေဟာ ပိုပိုဆိုးဝါးလာပါတယ်" ဟု မစ္စတာဟာဗယ်က အစီရင်စာတွင်ပြောသည်။ "တကယ်စင်စစ်တော့ မြန်မာနိုင်ငံအခြေအနေဟာ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ယခုနှစ်ပိုင်းတွေအတွင်း ဝင်ရောက်ဖြေရှင်းဖို့ရွေးချယ်ခဲ့တဲ့နိုင်ငံတွေထက် အများကြီး ပိုဆိုးဝါးပါတယ်"ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

အစီရင်ခံစာအရ မြန်မာပြည်၏ ပြည်တွင်းရေးကို လုံခြုံရေးကောင်စီမှ ဝင်ရောက်ဖြေရှင်းပေးရန်အတွက် အချက်အလက်များစွာရှိကြောင်း၊ ပြည်သူလူထုမှ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခဲ့သည့်အစိုးရတရပ်ကို အာဏာလွှဲပေးရန် ငြင်းဆိုခြင်း၊ စစ်အစိုးရနှင့် တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်များအကြား ပဋိပက္ခများဖြစ်ပွားနေခြင်း၊ တိုင်းပြည်တွင်း လူသားချင်းစာနာမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးတက်ကျယ်ကျယ်ပြန့်ပြန့်စွာ ဖြစ်ပွားနေခြင်း၊ ဒုက္ခသည်အများအပြားထွက်ပြေးတိမ်းရှောင်မှုများ ရှိနေခြင်း စသည့်အချက်အလက်များသည် လုံခြုံရေးကောင်စီမှ ကြားဝင်ဖြေရှင်းရန် လိုလောက်သည့်အချက်များပင် ဖြစ်ကြောင်း ဖော်ပြထားသည်။

ယူအဲန်လုံခြုံရေးကောင်စီမှ ၁၉၉၀ ဆုံးဖြတ်ချက်ဖြင့် ဝင်ရောက်ဖြေရှင်းပေးခဲ့သည့် ကမ္ဘောဒီးယားမှာ အထက်ပါအချက်များမှ တခုသာအကြုံးဝင်ကြောင်း၊ မြန်မာပြည်မှာ အထက်ပါအချက်များအားလုံးနှင့် အကြုံးဝင်နေပြီဟုဆိုသည်။

အစီရင်ခံစာတွင် မြန်မာ့နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေနှင့် စစ်အုပ်စု၏ လူနည်းစုတိုင်းရင်းသားများနှင့် ဒီမိုကရေစီရေးလှုပ်ရှားထောက်ခံသူများအပေါ် လူ့အခွင့်အရေးချိုးဖောက်နေမှုများကို အသေးစိတ်အစီရင်ခံတင်ပြထားသည်။


ဗားကလက်ဟာဗဲယ်

ပြီးခဲ့သည့် ဇွန်လက မြန်မာ့အရေးကို လုံခြုံရေးကောင်စီတွင် ဆွေးနွေးရန် ပြင်သစ်နှင့် ဗြိတိန်တို့၏ထောက်ခံမှုဖြင့် အမေရိကန်၏ ကြိုးပမ်းမှုကို ရုရှနှင့်တရုတ်တို့က ဟန့်တားပိတ်ပင်ခဲ့သည်ဟု သတင်းများကဆိုသည်။ ထိုသို့ ပိတ်ပင်တားမြစ်မှုများအတွက် ရုရှားနှင့်တရုတ်တွင် တာဝန်ရှိကြောင်းကို မစ္စတာဗားကလပ်နှင့် ဘုန်းတော်ကြီးတူးတူးတို့၏တာဝန်ပေးချက်ဖြင့် အစီရင်ခံစာကို အဓိကတာဝန်ယူရေးသားခဲ့သူထဲတွင် တဦးဖြစ်သော မစ္စတာ (Jared Genser)က ပြောကြားသည်။

မစ္စတာ (Jared Genser) က "တကယ်လို့ တရုတ်နဲ့ရုရှားက ကန့်ကွက်ခဲ့ရင်လည်း မြန်မာ့ပြဿနာကို နိုင်ငံရေးအဖြေတခုခုထွက်အောင် ရှာဖို့တာဝန်ဟာ သူတို့ခေါင်းပေါ်ရောက်သွားမှာပါပဲ။ ဆိုလိုတာက ကျနော်တို့တင်တာကို လက်မခံရင် ခင်ဗျားတို့မှာရော ဒီပြဿနာပြေလည်ဖို့ ဘာအားထုတ်မှုရှိလဲဆိုတဲ့မေးခွန်းကို တရုတ်၊ ရုရှားတို့က ဖြေဆိုရပါတော့မယ်။ နောက်ဆုံးခေါင်းဆောင်ကြီးနှစ်ဦးရဲ့ အဆိုပြုချက် ရှုံးသွားရင်တောင် မြန်မာပြည်သူပြည်သားတွေအတွက်တော့ အောင်ပွဲပဲလို့ မြင်ချင်ပါတယ်။ နောက်ဆုံးတော့ မြန်မာပြည်တွင်းရေးပြဿနာကို မြန်မာပြည်သူတွေကသာ ဖြေရှင်းနိုင်မှာရမယ်လို့ ကျနော်ထင်ပါတယ်။ နိုင်ငံတနိုင်ငံ၊ လူပုဂ္ဂိုလ်တဦးဦးက မြန်မာ့အရေးကိုလုံခြုံရေးကောင်စီမှာ ဖြေရှင်းပေးပါလို့ ပြောရုံနဲ့ မရပါဘူး။ မြန်မာပြည်သူတွေကသာသူတို့ရဲ့ ပြဿနာကို လုံခြုံရေးကောင်စီမှာတင်ပြီးတော့ ဖြေရှင်းမှသာ ဒီကိစ္စပြေလည်မှာဖြစ်တယ်လို့ ကျနော်ယူဆပါတယ်"ဟု အာရ်အက်ဖ်အေသို့ ပြောကြားသွားသည်။ ❖

## မြန်မာ့ဒီမိုကရေစီရေး ထိုင်းနိုင်ငံမှအကူအညီပေးရန် ထိုင်းဝန်ကြီးချုပ်အား ဘုရှ်ပြောကြား

ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်ထရာနှင့် အမေရိကန်သမတ ဂျော့ဘုရှ်တို့ စက်တင်ဘာ (၂၀) ရက်က ဝါရှင်တန်ရှိ သမတအိမ်ဖြူတော်တွင် တွေ့ဆုံပြီး စစ်တပ်အုပ်စိုးနေသည့် မြန်မာနိုင်ငံ၏အခြေအနေကို စိုးရိမ်ပူပန်ကြောင်းဖော်ပြသည့် ကြေညာချက်တရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ မြန်မာနိုင်ငံဒီမိုကရေစီရေးပြုပြင်ပြောင်းလဲရန်နှစ်နိုင်ငံစလုံးမှ ဆန္ဒရှိကြကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်အား ပြန်လည်လွှတ်ပေးရန်၊ အဓိပ္ပါယ်ပြည့်ဝသည့် နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်ရန် ထိုပူးတွဲကြေညာချက်တွင်ဖော်ပြထားသည်။ ဘုရှ်က ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၏ အိမ်နီးနားချင်းနိုင်ငံဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအောင်မြင်အောင် ထိုင်းအစိုးရအနေနှင့် အကူအညီပေးရန်ပြောကြားခဲ့ရာ ထိုင်းဝန်ကြီးချုပ်မှ မြန်မာနိုင်ငံတွင်ဒီမိုကရေစီပြုပြင် ပြောင်းလဲရေးဖြစ်ပေါ်တိုးတက်မှုကို ၎င်းအနေဖြင့်လည်း မြင်တွေ့လိုကြောင်း ထိုင်းနိုင်ငံ၏ရပ်တည်ချက်ကို ပြောကြားခဲ့သည်ဟု သိရှိရသည်။


အမေရိကန်သမတ ဂျော့ဘုရှ်နှင့် ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်ထရာ

ထိုင်းနိုင်ငံတွင် အာဏာရှင်ဆန်ဆန်ကိုင်တွယ်အုပ်ချုပ်မှုများရှိနေပြီး မြန်မာနိုင်ငံအပေါ် ထိုင်းအစိုးရမှ ဖေးဖေးမမဆက်ဆံမှုများရှိနေသည်ဆိုသော စွပ်စွဲမှုများရှိနေချိန်တွင် ထိုင်းဝန်ကြီး၏မူဝါဒများကို သမတမှ အတည်ပြုပေးသကဲ့သို့ မဖြစ်စေသင့်ကြောင်း အမေရိကန်ကွန်ဂရက် လွှတ်တော်အမတ် (၁၁) ဦးက သမတဘုရှ်ထံသို့ ထိုင်းဝန်ကြီးချုပ်နှင့်မတွေ့ဆုံခင် စာရေးသားပေးပို့ခဲ့သည်။ ထိုင်းဝန်ကြီးချုပ်သက်ဆင်မှာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများရှိနေပြီး မြန်မာစစ်အုပ်စုနှင့် နီးနီးကပ်ကပ်ဆက်ဆံနေသူဖြစ်သည်။ သက်ဆင်သည် ဝါရှင်တန်တွင်တမျိုး ရန်ကုန်တွင်တမျိုး၊ စကားအမျိုးမျိုးပြောသူတယောက်ဟု ဝေဖန်ခံနေရသူဖြစ်သည်။

(US Campaign for Burma) အဖွဲ့မှ မူဝါဒရေးရာဒါရိုက်တာ ကိုအောင်ဒင်က "သမတဘုရှ်က မြန်မာနိုင်ငံကိစ္စ ထည့်သွင်းပြောကြားတယ်ဆိုတာ အမေရိကန်ပြည်ထောင်စုအစိုးရအဖွဲ့ဟာ မြန်မာဒီမိုကရေစီရေးလှုပ်ရှားမှုကြီးအပေါ်မှာ ဘယ်လောက်လေးနက်တယ်ဆိုတာ သူဖော်ပြတာပဲ။ အမေရိကန်ပြည်ထောင်စုက မြန်မာ့ဒီမိုကရေစီအရေးကို တခဲနက်ထောက်ခံအားပေးတယ်။ တဖက်က ထိုင်းအစိုးရကကျတော့ နအဖစစ်အုပ်စုကို ထောက်ခံအားပေးနေတယ်။ သမတဘုရှ်ကထိုင်းဝန်ကြီးချုပ်ကို အခုလိုနှစ်ယောက်ချင်းတွေ့တဲ့အချိန်မှာ ပြောတဲ့စကားဟာသာမာန်သဘောထားကွဲလွဲမှုကို ညှိနှိုင်းယုံလောက်တင်မကတော့ဘဲနဲ့ ထိုင်းဝန်ကြီးချုပ်ကို သတိပေးတဲ့သဘောလို့တောင် ကျနော်ယူဆနိုင်ပါတယ်"ဟု ပြောပြသွားခဲ့သည်။ မြန်မာပြည် ဒီမိုကရေစီရရှိရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် နှစ်နိုင်ငံ တိုင်တိုင်ပင်ပင်နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားရန်လည်း သဘောတူခဲ့ကြကြောင်း သိရသည်။

❖

မင်းဆိုးကို ⚡ မိုးကြိုး ⚡ ပစ်ပြီ

# သမိုင်းကပေးလာတဲ့အပြစ်ဒဏ်ကို ခံရလိမ့်မည်

၁၉၉၀ ပြည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးအား၊ ရှစ်လေးလုံး အရေးတော်ပုံကြီးတွင် အသက်သွေးပေါင်းများစွာပေးဆပ်ခဲ့ရသည့် ပြည်သူတို့၏ အရိုးပြာတို့ဖြင့် တည်ဆောက်ခဲ့ရခြင်းဖြစ်သည်ဟု နိုင်ငံရေး သမားကြီးတဦး၏ ပြောကြားမှုအား ချဲ့ကားလွန်းသည်ဟု ယူဆနိုင်စရာ အကြောင်းတစုံတရာမရှိခဲ့ပေ။ ရှစ်လေးလုံးအရေးတော်ပုံ၊ (၁၉၉၀) ပြည့်ရွေးကောက်ပွဲ၊ ဒီမိုကရေစီနိုင်ငံတော်ဟူသော ဝေါဟာရတို့သည် တဆက်တစပ်တည်းသောသမိုင်းရေးဖြစ်ပေါ်တိုးပွားမှုများ၊ ကျိုးကြောင်း ဆက်စပ်မှုများနှင့် နိုင်ငံရေးကွင်းဆက်များအဖြစ် ပြည်သူတို့က ရှုမြင်ခဲ့ သည်။ (၉၀) ပြည့်ရွေးကောက်ပွဲတည်းဟူသော အကြောင်းတရားကို အရင်းတည်၍ ဒီမိုကရေစီနိုင်ငံတော်ဟူသော အကျိုးတရားကို ပြည်သူ တို့မျှော်လင့်၍ (၉၀) ပြည့်ရွေးကောက်ပွဲအား လူထုနည်းဖြင့် ပါဝင် ဆင်နွှဲခဲ့သည် ဆိုသည်။ သို့ပါ၍ (၉၀) ပြည့်ရွေးကောက်ပွဲရလဒ်၏ မူလပိုင်ရှင်သည် နိုင်ငံရေးသမားများမဟုတ် နိုင်ငံရေးပါတီများမဟုတ်၊ ရွေးကောက်ပွဲရလဒ်ကို ပိုင်ဆိုင်သူ (Ownership) မှာ ပြည်သူသာ ဖြစ်သည်ကို အလေးအနက်သတိပြုရန်လိုအပ်ပေသည်။ (Sense of ownership) ပိုင်ဆိုင်မှုကို တာဝန်သိစိတ်ကင်းမဲ့သည့် နိုင်ငံရေးသမား တချို့၏ သွေးလေချောက်ချားစွာ ကမူးရှူးဒိုးပြောကြားချက်များကို ပြည်သူ တို့ကလက်မခံ ရွေးကောက်ပွဲရလဒ်၏ မူလပိုင်ရှင်ဖြစ်သော ပြည်သူ လူထုက ဆေးမြီးတို နိုင်ငံရေးသမား၊ နိုင်ငံရေးပါတီတို့အား သမိုင်း အမှိုက်ခြင်းတွင် စွန့်ပစ်ခံရမည့်ရက်အား မကြာမီရောက်လာပေလိမ့်မည်။

စီအာရ်ပီပီ အတွင်းရေးမှူး ဦးအေးသာအောင်က စက်တင်ဘာလ (၂၉) ရက်နေ့ ရေဒီယိုတွေ့ဆုံမေးမြန်းခန်းတခုမှနေ၍ ''ဒီကြားကာလမှာ စီအာရ်ပီပီပဲဖြစ်ဖြစ်၊ ၁၉၉၀ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ အထူးသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တိုင်းရင်းသားအဖွဲ့တွေက ဒီမိုကရေ စီထွန်းကားရေးကို အဓိကကြိုးစားဖို့လိုသလို တိုင်းရင်းသားပါတီတွေ မှာလည်း တိုင်းရင်းသားလူမျိုးအသီးသီးတွေရဲ့ ရပိုင်ခွင့်ကိုရအောင် ဒီမိုက ရေစီနည်းနဲ့ ပါလီမန်နည်းနဲ့ ကြိုးပမ်းဆောင်ရွက်ပေးရမယ့် တာဝန်တွေ ရှိတယ်။ ဒီတာဝန်တွေကိုမကျေပဲနဲ့ (၁၉၉၀) ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်ပဲနဲ့ မိမိရဲ့ပါတီသဘောနဲ့ ပုဂ္ဂိုလ်သဘောနဲ့ လုပ် ဆောင်သွားကြမယ်ဆိုရင် ပြည်သူတွေရဲ့ ဒဏ်ခတ်တာကိုခံရလိမ့်မယ်။ သမိုင်းကပေးလာတဲ့ အပြစ်ဒဏ်ကို ခံရလိမ့်မယ်လို့ အန်ကယ်ကတော့ ပြောချင်တယ်''ဟု နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများအား ထောက်ပြ ဝေဖန်သွားသည်ကို အထူးသတိပြုဖွယ်ကောင်းပေသည်။

ထို့အပြင် ဦးအေးသာအောင်က တွေ့ဆုံဆွေးနွေးရေးမှတဆင့် (၉၀) ပြည့်ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ရန် ချမှတ်ထားသည့် စီအာရ်ပီပီ၏ ခိုင်မာမြဲမြံသည့် လုပ်ငန်းစဉ်များကို ရှင်းပြသွားသည်ကို သိရှိရသည်။ သို့ပါ၍ မိမိ၏ နိုင်ငံရေးအရ ပိုင်ဆိုင်မှုကို တာဝန်သိစိတ် (Sense of ownership) ဖြင့် နအဖ၏ ဖော်မပြနိုင်လောက်အောင် ဆိုးရွားယုတ်မာလှသည့် ဖိနှိပ်မှုအကြပ်အတည်းများကို အနိုင်မခံ အရှုံး မပေးစိတ်ဓာတ်ဖြင့် တွန်းလှန်လျက်၊ တဖက်မှလည်း ရေတိုအမြင်သာ ရှုသည့် ဆေးမြီးတို လုပ်ဖော်ကိုင်ဖက် နိုင်ငံရေးသမားများ၏ သခွပ်ပင်က မီးတကျီကျီလုပ်နေမှုကို သည်းခံစိတ်ရှည်စွာဖြင့် ကြံ့ကြံ့ခိုင်ရင်ဆိုင်လျက် ပြည်သူချမှတ်ပေးသော မူဘောင်အတွင်းမှ ဒီမိုကရေစီလူ့ဘောင်ကို ထူထောင်ရန်ကြိုးပမ်းနေသည့် စီအာရ်ပီပီအား ဂုဏ်ပြုလေးစားပါကြောင်း နှင့် စီအာရ်ပီပီအား ပြည်သူတရပ်လုံးမှ ဝိုင်းဝန်းပံ့ပိုးကြရန် လိုအပ်နေပါ ကြောင်း ဖော်ပြရပေသည်။ ❖

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တည်ထောင်ခြင်း (၁၇)နှစ်မြောက် အခမ်းအနားကျင်းပ



(၁၇) နှစ်မြောက်အခမ်းအနားသို့ တက်ရောက်လာသော အဖွဲ့ချုပ်ခေါင်းဆောင်များ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တည်ထောင်ခြင်း (၁၇) နှစ်မြောက်အခမ်းအနားကို ရန်ကုန်မြို့ရွှေဂုံတိုင်ရုံးချုပ်၌ စက်တင်ဘာလ (၂၇) ရက်နေ့က ကျင်းပခဲ့ရာ ပြည်နယ်တိုင်းအသီးသီးမှ အဖွဲ့ချုပ်ခေါင်းဆောင်များ၊ သခင်သိန်းဖေအပါအဝင် ဝါရင့်နိုင်ငံရေးသမားကြီးများ၊ မင်းကိုနိုင်၊ ကိုကိုကြီး အပါအဝင် ကျောင်းသားခေါင်းဆောင်များ၊ နိုင်ငံခြားသံတမန်များ စုံစုံညီညီတက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် သဘာပတိဦးလွင်မှ ''အထွေထွေရွေးကောက်ပွဲကျင်းပပေးခဲ့ပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲသာကျင်းပပေးနိုင်ခဲ့ပေမယ့် ဥပဒေနဲ့အညီ လွှတ်တော်ခေါ်ယူပေးနိုင်မှုမရှိပါဘူး။ တကယ်လို့သာ ဥပဒေနဲ့အညီသာ လွှတ်တော်ကိုခေါ်ယူကျင်းပပေးခဲ့ရင် ဒီကနေ့တိုင်းပြည်မှာ ရင်ဆိုင်ကြုံတွေ့နေရသော နိုင်ငံရေးတည်ငြိမ်မှုမရှိတဲ့ ပြဿနာကြီးများဟာလည်း ဖြစ်ပေါ်လာနိုင်စရာအကြောင်းရှိမှာ မဟုတ်ပါဘူး။ နောက်ဆက်တွဲပြဿနာများဖြစ်တဲ့ စီးပွားရေး၊ လူမှုရေးပြဿနာများကိုလည်း ယခုလိုအလူးအလဲခံနေစရာအကြောင်းရှိမှာမဟုတ်ဘူး ဆိုတာကိုကျနော်ပြောကြားလိုပါတယ်'' ဟု ပြောကြားသည်။

ညီညွတ်သောတိုင်းရင်းသားများ မဟာမိတ်အဖွဲ့ပြောခွင့်ရပုဂ္ဂိုလ် ဦးကျင်ရှန်းထန်က''ကျနော်တို့ဒီမိုကရေစီဆိုတာ သူများပေးလို့ရမှာ မဟုတ်ပါဘူး။ ကျနော်တို့ ကိုယ်တိုင်ကိုက အားလုံးဝိုင်းဝန်းကူညီကြမှ ရမယ့်အရာပါ။ အဲဒါကြောင့် ကျနော်တို့ ဒီမိုကရေစီအရေးကို အန်အယ်လ်ဒီကနေပြီးတော့ ဦးဆောင်ပြီး (၁၇) နှစ်လုံးလုံး ဒီလိုပဲလုပ်လာတာကို အားလုံးက အသိပင်ဖြစ်တဲ့အတွက် ဒီဥစ္စာကိုသူတို့ချည်းပဲ၊ ကျနော်တို့လောက်မလုပ်ဘဲ ကျန်တဲ့သူတွေပါ ဝိုင်းဝန်းကူညီကြပြီး အားလုံးအောင်မြင်နိုင်မယ်လို့အဲဒါကိုအားလုံးက ဒီဥစ္စာကိုအားယူပြီးတော့ အားကျပြီးတော့ ကူညီကြပါဆိုတာ ကျနော်ပြောလိုပါတယ်''ပြောသည်။

ကျောင်းသားခေါင်းဆောင် ကိုကိုကြီးက အဖွဲ့ချုပ်ထူထောင်ခြင်း (၁၇) နှစ်မြောက်အခမ်းအနားကိုစုံစုံညီညီတက် ရောက်လာသောပရိသတ်များ၏ ထောက် ခံအားပေးမှုကိုကျေနပ်မိကြောင်းကို '' (၁၇) နှစ်


အခမ်းအနားမကျင်းပမီ အဲန်အယ်ဒီရုံးချုပ်ရှေ့တွင် အဖွဲ့ဝင်များအား တွေ့မြင်ရစဉ်

တိုင်တိုင် ကြံ့ကြံ့ခံရပ်တည်လာခဲ့ပြီးတော့ အခုအချိန်ထိမဆုတ်မနစ် ဆက်ပြီးတော့ရပ်တည်ပြီး ဒီမိုကရေစီရေးအတွက် ကြိုးပမ်းနေတဲ့သူတွေကို ဒီလိုတလုံးတစည်းထဲတွေ့လိုက်ရတော့ တော်တော်လေးကို ကျနော်အားရကျေနပ်ဖြစ်မိပါတယ်။ တချို့ဆိုရင် လေဖြတ်နေရက်တန်းလန်းနဲ့ တုတ်ကောက်နဲ့လာတယ်။ တချို့ဆို တွဲပြီးလာရတယ်။ အမယ်ကြီးတွေကအစ အရွယ်စုံ၊ အလွှာစုံတွေ့ခဲ့တဲ့အတွက်ကြောင့် ဒီကနေ့တက်ရောက်ရတဲ့ပွဲနဲ့ပတ်သက်ပြီး တော်တော်ကိုအားရကျေနပ်မိတယ်လို့ ကျနော်ပြောကြားလိုပါတယ်''ဟု ပြောကြားသည်။

(၁၇) နှစ်မြောက်အခမ်းအနား ကြေညာချက်တွင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ ကုလသမဂ္ဂအဖွဲ့အစည်းနှင့် အထွေထွေအတွင်းရေးမှူးချုပ်၏ တိုက်တွန်းချက်ကို လိုက်နာရန်လိုကြောင်း၊ အထီးကျန်ရပ်တည်၍အောင်မြင်နိုင်မည်မဟုတ်ကြောင်း၊ ကမ္ဘာ့မိသားစုနိုင်ငံများ၏ မိမိတို့အပေါ် အမြင်ကို အလေးထားရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အခမ်းအနားတွင် ပညာရေးနှင့်ပတ်သက်သည့်အစီအစဉ်နှင့် လူသားစွမ်းရည်နှင့်ပတ်သက်သည့်အစီအစဉ်တို့ကို ချမှတ်နိုင်ခဲ့သည်။ ပညာရေးအစီအစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်ပညာရည်ချွန်ဆုကို ထူးချွန်သည့်ကျောင်းသားများအားပေးအပ်မည်ဖြစ်ပြီး (၂၀၀၇/၂၀၀၈) ပညာသင်နှစ်မှစတင်၍ လစဉ်ပုံမှန်ချီးမြှင့်သွားမည်ဖြစ်သည်။ လူသားစွမ်းရည်နှင့်ပတ်သက်သည့်အစီအစဉ်တွင် လူ့အခွင့်အရေး၊ ကိုယ်ခံအားကျဆင်းမှုရောဂါအကြောင်း စာပေးစာယူသင်တန်းတခုကို သင်ကြားပို့ချသွားမည်ဟုသိရသည်။

❖



# ၈၈ မျိုးဆက်ကျောင်းသားများက လူသားချင်းစာနာမှု အထောက်အကူများရရှိရေးကြေညာချက်ထုတ်ပြန်

မြန်မာနိုင်ငံတွင် အမျိုးသားကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ လူသားချင်းစာနာမှုဆိုင်ရာအထောက်အကူများရရှိရန် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရေးကို မဖြစ်မနေလိုအပ်ကြောင်း မင်းကိုနိုင်၊ ကိုကိုကြီး၊ မင်းဇေယျတို့အပါအဝင် (၈၈) မျိုးဆက်ကျောင်းသားများက စက်တင်ဘာ (၆) ရက်နေ့က ကြေညာချက်တရပ် ထုတ်ပြန်ကြေညာခဲ့သည်။

ကြေညာချက်တွင် မြန်မာနိုင်ငံ၏ပညာရေး၊ ကျန်းမာရေးအခြေအနေများသည် ထိရောက်စွာဆောင်ရွက်ရမည့်အခြေအနေသို့ ရောက်နေပြီး နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်နိုင်ရန် ဒီမိုကရေစီအင်အားစုများနှင့် တပ်မတော်အစိုးရတို့ ညှိနှိုင်း၍ ဖြေရှင်းမှုတရပ်ပြုလုပ်ရန် လိုအပ်ကြောင်း နိုင်ငံတကာမှအထောက်အပံ့များ ရရှိရန် လိုအပ်သည့်စံနှုန်းအခြေခံများကို ဖန်တီးပေးရန်မှာ သက်ဆိုင်ရာအိမ်ရှင်နိုင်ငံ၏ တာဝန်ဖြစ်ကြောင်း ဖော်ပြထားသည်။

နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အစဉ်တစိုက်တောင်းဆိုခဲ့သော ကျောင်းသားခေါင်းဆောင်များအနေနှင့် ယခုကဲ့သို့ ကြေညာချက်ထုတ်ပြန်ခဲ့ရခြင်းနှင့်ပတ်သက်၍ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်က "နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးဖို့ အရေးတကြီးလိုအပ်တယ်ဆိုတာ ကျနော်တို့ စွဲကိုင်ထားဆဲပါ။ မျက်ခြေပြတ်လည်း မခံပါဘူး။ ဒီကျန်းမာရေးကိစ္စဆိုတာ အမျိုးသားရေးအဆင့်အထိကို အရေးကြီးလာလို့ပါ။ အထူးသဖြင့် တိုင်းရင်းသားဒေသတွေမှာ ပိုပြီးတော့ ဆိုးဆိုးဝါးဝါးခံစားနေရတယ်။ ကျနော်တို့ တိုင်းရင်းသားတွေခံစားနေရတာဟာ ကျနော်တို့ ကိုယ်တိုင်လိုပဲ လိုက်ခံစားရပါတယ်။ ဒါကြောင့် ဒီဟာ အမျိုးသားရေးအကျပ်အတည်းတခုအနေနဲ့ ရောက်လာပြီလို့ ကျနော်တို့မြင်တယ်။ အဲဒီအပေါ်မှာ ဒီမိုကရေစီအင်အားစုတွေနဲ့ လက်ရှိအစိုးရအနေနဲ့ ဒီပြဿနာကိုဖြင့် စုပေါင်းပြီးတော့အဖြေရှာဖို့ သင့်ပြီ။ ဒီကိစ္စဟာ လတ်တလောလုပ်ရမယ့် လုပ်ငန်းဖြစ်တယ်ဆိုတာကို ကျနော်တို့ မီးမောင်းထိုးချင်တာပါ။ " ဟု ဒီဗီဘီနှင့် မေးမြန်းခန်းတွင် ရှင်းပြသွားခဲ့သည်။

ငြိမ်းချမ်းရေးစာရေးဆရာကြီး ဒဂုန်တာရာက "အုပ်စိုးတဲ့သူတွေဟာပေါ့ဗျာ၊ အာဏာရှိတဲ့သူ၊ အုပ်စိုးတဲ့လူဆိုတာက သဘောထားကြီးရမယ်။ အခု သူတို့ပြောတာ ဒီသဘောပဲ သက်ဝင်သွားတာပေါ့ဗျာ။ ဒါက နားလည်မှုဆိုတာ သူတို့စကားနဲ့ နားလည်ကြအောင် ပြောရုံနဲ့မရဘူး။ လက်တွေ့အတူတွဲလုပ်တဲ့အခါကြတော့ တယောက်အကြောင်း တယောက် ပိုသိလာတာပေါ့။ လူလူချင်းတွဲလုပ်ရင် တယောက်နဲ့တယောက် နားလည်သွားမယ်။ ယုံကြည်မှုလည်း ရှိလာမယ်။ ဒါ ထွက်ပေါက်ကောင်းတခုပဲလို့ ကျနော်တို့ ယုံကြည်တဲ့အတွက် မျှော်လင့်ချက်တွေလည်းရှိတယ်။ အားလည်းအားရမိပါတယ်"ဟု သူ၏အမြင်ကို ပြောပြသည်။

(၈) လေးလုံးမျိုးဆက်ကျောင်းသားများ၏ ထုတ်ပြန်ကြေညာချက်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ်ဦးဉာဏ်ဝင်းက အဖွဲ့ချုပ်၏သဘောထားနှင့် တထပ်တည်းကျကြောင်းပြောခဲ့ပြီး ပြည်ပရောက် နိုင်ငံရေးအဖွဲ့အစည်းအသီးသီးမှလည်းကြိုဆိုကြောင်း ကြေညာချက်အသီးသီး ထုတ်ပြန်ခဲ့ကြသည်။

❖

# မြန်မာပြည်၊ ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေး ကုလရုံးချုပ်ရှေ့တွင် အစာငတ်ခံဆန္ဒပြ

စက်တင်ဘာလ (၁၆) ရက်နေ့က စတင်ခဲ့သော ကုလသမဂ္ဂထိပ်သီး အထွေထွေညီလာခံကြီး ကျင်းပနေသည့်တချိန်ထဲမှာ မြန်မာ့အရေးလှုပ်ရှားနေသူများသည် မြန်မာပြည်လွတ်မြောက်ရေးနှင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရေးအတွက် ကုလသမဂ္ဂနှင့်နိုင်ငံတကာမှ ပိုပြီးအာရုံစိုက်လာရန် ကုလသမဂ္ဂရုံးချုပ်ရှေ့ရှိ ဒက်ဟားမားရှိုးပန်းခြံတွင် ဆက်လက်၍ ငြိမ်းချမ်းစွာအစာငတ်ခံဆန္ဒပြနေကြောင်း သိရှိရသည်။ ယင်းသို့ဆန္ဒပြခြင်းကို စစ်အာဏာသိမ်းခြင်း (၁၇) နှစ်မြောက်အဖြစ် စက်တင်ဘာလ (၁၈)ရက် နေ့မှ စတင်ကာ (၁၇) ရက်တိတိ ပြုလုပ်မည် ဖြစ်သည်။ ယခုနောက်ဆုံးအခြေအနေတွင် အစာငတ်ခံ ဆန္ဒပြသူတဦးဖြစ်သူ ဦးဟန်လင်းနှင့် (၁၇) ရက်ကြာ ထိုင်သပိတ်ဆန္ဒ ပြမည့် ဒေါ်ညွန့်ညွန့်နှင့် ဒေါ်နုနုအေးတို့က ဆက်လက်တိုက်ပွဲဝင်နေသည်ဟု သိရသည်။ (၁၇) ရက်ကြာ အစာငတ်ခံဆန္ဒပြမည့်သူ နှစ်ဦးတွင် တဦးဖြစ်သူ ကိုမောင်မောင်တိတ်မှာ ကျောက်ကပ်အလုပ်မလုပ်တော့၍ အနားယူလိုက်ရသည်ဟု သိရသည်။

ဦးဟန်လင်းက "အင်မတန်မှန်ကန်စွာရပ်တည်ပြီးတော့ ကိုယ်ရေးကိုယ်တာတွေအားလုံးကို စွန့်လွှတ်အနစ်နာခံထားတဲ့လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရှိနေတဲ့ အချိန်မှာ ကျနော်တို့ ပြည်သူတရပ်လုံးက ခေါင်းဆောင်ရဲ့ အနောက်မှာ မားမားမတ်မတ်ရပ်ပြီးတော့ ကျနော်တို့အားလုံး တိုက်ပွဲဝင်မယ်ဆိုရင် ဒီကျနော်တို့လိုလားတဲ့ လွတ်လပ်မှု၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးမှုတွေဟာ ရကိုရမယ်လို့ ကျနော်တို့ယုံကြည်ပါတယ်ခင်ဗျာ" ဟု ပြောကြားသည်။ ဦးဟန်လင်းက မိမိသည် မြန်မာပြည်သူလူထုတရပ်လုံးကို ကိုယ်စားပြုတိုက်ပွဲဝင်ခြင်းဖြစ်ပြီးသတ်မှတ်ထားသည့် (၁၇)ရက်ပြည့်သည်အထိ ပြီးဆုံးအောင်တိုက်ပွဲဝင်သွားမည်ဟုဆိုသည်။

❖

# စီးပွားရေးပိတ်ဆို့မှုနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်၏သဘောထား



စီးပွားရေးပိတ်ဆို့မှုကိစ္စဟာ ဒီမိုကရေစီနိုင်ငံတခုက အခြားနိုင်ငံတခုကို ဒီမိုကရေစီရရှိရေးဆောင်ရွက်ချက်တရပ်လို့သာ သဘောပေါက်ပါတယ်။ တကယ်တော့ ပြည်သူရဲ့ ရေတိုအကျိုးထက် ရေရှည်အကျိုးကိုသာ ရှေးရှုရမှာဖြစ်ပါတယ်။ ဒီကိစ္စတွေအားလုံး ပြေလည်ဖို့ဆိုရင် အားလုံးသင့်သင့်မြတ်မြတ်နဲ့ မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးလိုက်ရရင် ပြေလည်သွားမှာပါ။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနဲ့ တွေ့ဆုံဆွေးနွေးလိုက်ရင် ပြေလည်သွားမှာပါ။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနဲ့ တွေ့ဆုံဆွေးနွေးခွင့်ရတဲ့ တနေ့မှာ အရေးယူပိတ်ဆို့ခြင်း ကိစ္စများနဲ့ပတ်သက်၍ ဆွေးနွေးဖြေကြားရန် အစီအစဉ်ရှိပါတယ်။

*(၆–၅–၂၀၀၂ သတင်းစာရှင်းလင်းပွဲတွင် ပြော ကြားခဲ့သောမိန့်ခွန်း ....)*

မေလ (၆) ရက်နေ့ ကျမလွတ်မြောက်လာပြီးတဲ့အခါ သတင်းစာရှင်းလင်းပွဲလုပ်ပြီး ဆွေးနွေးမှုများ မစမချင်း ကျမတို့အခြေခံမှုများနဲ့ပတ်သက်ပြီးလို့ အပြောင်းအလဲရှိမှာမဟုတ်ဘူးလို့ ပြောခဲ့ပါတယ်။ ဒီအဓိပ္ပါယ်ကတော့ ကမ္ဘာလှည့်ခရီးသွားများကိစ္စ၊ စီးပွားရေးကိစ္စ၊ အထောက်အကူကိစ္စတွေနဲ့ ပတ်သက်တဲ့ ကျမတို့မူတွေ ပြောင်းလဲမှာ မဟုတ်ဘူးဆိုတာ ပြောချင်ပါတယ်။ ကျမတို့အဲန်အယ်လ်ဒီဟာ စီးပွားရေးပိတ်ဆို့မှုများလုပ်ဖို့ တောင်းဆိုနေတာကြောင့် ရင်ကြားစေ့ရေး မလိုလားဘူးလို့ သုံးသပ်ရမယ်လို့ ဆိုတဲ့သူတွေကိုပြောပါရစေ။ ကျမတို့ဟာ စီးပွားရေးပိတ်ဆို့မှုများမတောင်းဆိုခဲ့ပါဘူး။ ဒါပေမယ့် စီးပွားရေးပိတ်ဆို့မှုနဲ့ပတ်သက်တဲ့ ကျမတို့မူကိုလည်း မပြောင်းလဲပါဘူး။ ထိုနည်းအတူ အထောက်အပံ့နဲ့ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းတွေနဲ့ ပတ်သက်လို့လည်း ကျမတို့ မူအပြောင်းအလဲမရှိသေးပါဘူး။ ဆွေးနွေးပွဲများ မစမခြင်း ဒါတွေဟာ မပြောင်းမလဲ တည်ရှိနေပါလိမ့်မယ်။ ဒါပေမယ့် တခြားနေရာတွေမှာ ကျမတို့အနေနဲ့ တတ် နိုင်သမျှပူးပေါင်းဆောင်ရွက်မှုမှာ အသင့်ရှိနေတဲ့ ကိစ္စတွေရှိနေပါတယ်။ အထူးသဖြင့် လူသားချင်းစာနာရေး အထောက်အကူများနဲ့ပတ်သက်လို့ဖြစ်ပါတယ်။ ဒါပေမယ့် အာဏာပိုင်တွေဟာ ဒီလိုကိစ္စတွေနဲ့ပတ်သက်လို့ ကျမတို့နဲ့ပူးပေါင်းဆောင်ရွက်ဖို့ တွန့်နေတာတွေ့ရပါတယ်။ ဘာဖြစ်လို့ ဒီလို ဖြစ်နေတာလဲဆိုတာ ကျမတို့မေးရပါတော့မယ်။ ကျမတို့ရဲ့စေတနာကို သံသယရှိနေမယ်ဆိုရင် ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ အဖြေရှာနိုင်ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးကောင်စီဟာ နိုင်ငံကောင်းကျိုးကို တကယ်ပဲစိတ်ဝင်စားတယ်ဆိုရင် အဲန်အယ်လ်ဒီနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အထူးသဖြင့် လူသားများစာနာမှုဆိုင်ရာ အထောက်အပံ့ကိစ္စတွေမှာ တရားဝင်ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ဖြစ်ပါတယ်။

*ဒေါ်အောင်ဆန်းစုကြည်*

*မေ(၂၃) ရက်၊ ၂၀၀၀ ကပြောကြားသော မိန့်ခွန်း ....*

နိုင်ငံခြား (sanction) ဆိုတာ ကမ္ဘာလှည့်ခရီးသည်ကိစ္စတို့ ဘာတို့ဟာ ဒါ ပေါ်လစီနဲ့ဆိုင်တဲ့ကိစ္စတွေပါ။ အဲဒါကို အရင်တုန်းက အန်တီလွတ်လာတဲ့နေ့မှာပဲ သတင်းစာရှင်းလင်းပွဲမှာ ပြောပြီးပါပြီ။ ပေါ်လစီနဲ့ဆိုင်တဲ့ ကိစ္စတွေနဲ့ပတ်သက်လို့ ဆွေးနွေးပွဲများ မဖြစ်မြောက်မခြင်း အန်တီတို့ဘက်က လုံးလုံးအပြောင်းအလဲမရှိဘူးလို့ ပြောပြီးပါပြီ။ အဲတော့ နိုင်ငံခြား (sanction) နဲ့ပတ်သက်လို့၊ ကမ္ဘာလှည့်ခရီးသည်တွေနဲ့ ပတ်သက်လို့ရှိရင် အန်တီတို့ အရင်တုန်းက ရပ်တည်ချက်အတိုင်းပဲ ဆက်ပြီးတော့ရပ်တည်သွားမှာပါ။ အမှန်တကယ်ကလည်း အရင်တုန်းကတည်းက အန်တီတို့ပြောခဲ့ပြီးသားပဲ။ လူသားချင်းစာနာတဲ့ အထောက်အကူဆိုတာ အန်တီတို့အနေနဲ့ အထောက်အကူကို မလုပ်ရဘူးလို့ ပြောနေတာ မဟုတ်ဘူး။ အထောက်အကူ လုပ်ပုံလုပ်နည်း အပေါ်မူတည်တယ်။ (Accountability) တာဝန်ရှိမှုရှိရမယ်။ (Transparency) ရှိရမယ်။ ပွင့်လင်းမှုရှိရမယ်။ နောက်ပြီးတော့ (independence open discontinuity) ဆိုတာ ဒီလိုလုပ်ငန်းတွေ ဒီအကူအညီတွေကိုပေးနေတဲ့ အစီအစဉ်တွေကို လွတ်လွတ်လပ်လပ် စီစစ်ပိုင်ခွင့်ရှိရမယ်။

*၂၀၀၃၊ မတ်လ(၁၄) ရက်ဒီဗွီဘီနှင့် ဆက် သွယ်မေးမြန်းခန်းမှ*

# လုံခြုံရေးကောင်စီတွင် မြန်မာပြည်အရေးဆွေးနွေးရန် မြန်မာပြည်သား (၄၂,၀၀၀) ကျော်က လက်မှတ်ရေးထိုးတောင်းဆို

မြန်မာပြည်အရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် တင်ပြဆွေးနွေးပေးရန် နယ်စပ်ဒေသအသီးသီးတွင် ခိုလှုံနေကြသော မြန်မာဒုက္ခသည်များ၊ ရွှေ့ပြောင်းအလုပ်သမားများအပါအဝင် မြန်မာပြည်သား (၄၀,၀၀၀) ကျော်ကကုလသမဂ္ဂသို့ လက်မှတ်ရေးထိုး တောင်းဆိုခဲ့သည်။

အမျိုးသမီးများအဖွဲ့ချုပ် မြန်မာနိုင်ငံ (WLB) က စက်တင်ဘာ (၂) ရက်နေ့က ထုတ်ပြန်သော ကြေညာချက်တွင် မြန်မာ့အရေးကို ကုလလုံခြုံရေးကောင်စီတွင် တင်ပြဆွေးနွေးပေးရန်၊ အကျယ်ချုပ်ကျခံနေရသော ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးရေးအတွက် နအဖကိုဖိအားပေးရန်၊ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး၊ ရွှေ့ပြောင်းအလုပ်သမားများ အလုပ်သမားအခွင့်အရေးအပြည့်အဝခံစားနိုင်ရေး၊ မြန်မာပြည်သူပြည်သားများ ကိုယ့်ပြည်ကိုယ့်ရွာ အေးချမ်းလုံခြုံစွာ ပြန်လည်အခြေချနိုင်ရေး အပါအဝင်အချက် (၆) ချက်တောင်းဆိုခဲ့သည်။

(WLB) အဖွဲ့ပြောခွင့်ရပုဂ္ဂိုလ် ဒေါ်ခင်ဥမ္မာက " ဒီလာမယ့် အစည်းအဝေးမှာ ကျမတို့လူထု (၄၂,၀၀၀) ကျော်ရဲ့အသံက သူတို့ကို လေးလေးနက်နက်စဉ်းစားဖို့ အတွက် ကြည့်စရာအင်တခုအားတခု ဖိအားတခုဖြစ်လိမ့်မယ်လို့ ကျမယုံကြည်တယ်" ဟု ပြောဆိုခဲ့သည်။

လက်မှတ်ရေးထိုးလှုပ်ရှားမှုကို စက်တင်ဘာ (၂၁) ရက်တွင် ကျရောက်သည့် ကမ္ဘာ့ငြိမ်းချမ်းရေးနေ့အထိမ်းအမှတ်နှင့် အချိန်ကိုက်လုပ်ဆောင်ခြင်းဖြစ်ပြီး မြန်မာပြည်အတွက် ဘာသာပေါင်းစုံပါဝင်သည့် ငြိမ်းချမ်းရေးဆုတောင်းပွဲများ ကျင်းပသွားမည်ဟု (WLB) ၏ ကြေညာချက်တွင် ဖော်ပြထားသည်။ ❖

# နအဖစစ်အစိုးရက ထပ်မံကျင်းပမည့် ရွေးကောက်ပွဲကို ဒီမိုကရေစီအင်အားစုများမှလက်ခံ၍ ရွေးကောက်ပွဲဝင်ကြပါမည်လား။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်၊ အဝေးရောက်ညွန့်ပေါင်းအစိုးရအဖွဲ့ဝင် ဒေါက်တာစန်းအောင်၊ ဆိပ်ကမ်းလွှတ်တော်အမတ် ဒေါ်စန်းစန်းတို့၏သဘောထားအမြင်များကို ဘီဘီစီမှ ဦးကျော်ဇံသာနှင့် တွေ့ဆုံမေးမြန်းခန်းမှ ကောက်နုတ်တင်ပြချက်များ



အဲန်အယ်ဒီပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ်ဦးလွင် ....

ကျနော်တို့ (Register) လုပ်ရတယ်ဆိုတာ ရွေးကောက်ပွဲဝင်မှ လုပ်ပါတဲ့ ။ ရွေးကောက်ပွဲဝင်နိုင်ရေးအတွက်က (Register) လုပ်ရတာ။ ဒီပါတီတွေ၊ ဟိုးတုန်းက သူ့ဥပဒေမှာ ဒီတိုင်းပဲဆိုထားတယ်။

ဒီရွေးကောက်ပွဲဥပဒေကို သူပြင်ဆင်တာတို့ ဘာတို့ထပ်ပြီးတော့ ဥပဒေကို ထပ်မပြင်ရင်တော့ ဒါ ဒီအတိုင်းတည်မြဲနေတာပေါ့။ သူတို့ရွေးကောက်ပွဲ ဥပဒေကို မပြင်ရင်ပေါ့လေ။ ဘာကြောင့်လဲဆိုတော့ ပြီးခဲ့တဲ့ပုံစံကို ပြောရမယ်ဆိုရင် ရွေးကောက်ပွဲကျင်းပရေးကော်မရှင် ဖြစ်လာပြီးတော့ အန်ကယ်တို့မှတ်ပုံ သွားတင်ရတဲ့အခါကျတော့ ဒီမူနဲ့ပဲ သူတို့က (Register) လုပ်ပေးတယ်။

❖

အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ဝင် ဒေါက်တာစန်းအောင်၏ သဘောထား

ကျနော်တို့မြင်တာကတော့ ၁၉၉၀ ရွေးကောက်ပွဲရွေးထဲကိုက အဲဒီထဲက ဗိုလ်ချုပ်ကြီးစောမောင် ပြောသွားတာက ....

ဒီရွေးကောက်ပွဲကရလာတဲ့ လွှတ်တော်ကို အာဏာလွှဲရမယ်ဆိုပြီးတော့ ကျနော်တို့ ပြောသွားပါတယ်။ ဆိုတဲ့အခါကျတော့ ကျနော်တို့ မြင်တာကတော့ အဲ့ဒီကတိတွေ ဖျက်ပြီးတော့ ကျနော်တို့ အခု (constitution) ဆွဲနေတယ်။ ရလာတဲ့ (constitution) အရ ရွေးကောက်ပွဲလုပ်မယ်ဆိုရင် ရှေ့တုန်းက ၁၉၉၀ ရွေးကောက်ပွဲရလာဒ်ကို တစုံတရာ (Honour) မလုပ်ပဲနဲ့၊ အသိအမှတ်မလုပ်ပဲနဲ့ ရွေးကောက်ပွဲရလဒ်တွေကိုအကောင်အထည် မဖော်ပဲနဲ့ တခြားရွေးကောက်ပွဲ ထပ်လုပ်မယ်ဆိုတာ မဖြစ်သင့်ဘူးလို့ ကျနော်မြင်တယ်။ ကျနော်တို့အနေနဲ့ လက်မခံနိုင်ပါဘူး။ နောင် မူအရ ကြည့်မယ်ဆိုရင်လည်း အခု (National Convention) ဆိုတာ ကျနော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မပါဘူး။ နောက်ကျန်တဲ့ ရှမ်းတိုင်းရင်းသားအဖွဲ့ ချုပ်က ကျန်တဲ့ရွေးကောက်ပွဲမှာ နိုင်ထားတဲ့ တိုင်းရင်းသားပါတီတွေမပါဘူး။ နောက်တခုကလည်း ဒီ (National Convention) က လည်း အချိန်အတိအကျလည်းမရှိဘူး။ (Free and Fair) လည်း မဖြစ်ဘူး။ ဒါကြောင့်မို့လို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်ကိုယ်တိုင်က ပြောထားတာကတော့ ဗမာပြည် အခုလုပ်နေတဲ့ (National Convention) မှာ အန်အယ်လ်ဒီနဲ့ ဒီနိုင်ငံရေးပါတီတွေမပါဘူးဆိုလို့ရှိရင် ထွက်လာတဲ့ (constitution) နဲ့ ရလဒ်တွေဟာ တရားဝင်မှာမဟုတ်ဘူးလို့ အတိအကျပြောထားပြီးဖြစ်ပါတယ်။

ကျနော်တို့မြင်တာကတော့ အထဲနဲ့အပြင်နဲ့က အခြေအနေမတူကြဘူးခင်ဗျ။ အထဲမှာက အခြေအနေက အင်မတန်ကျပ်တည်းတယ်။ ခေါင်းဆောင်တွေ ဖမ်းဆီးခံခဲ့ရတယ်။ အဲန်အယ်လ်ဒီကိုယ်တိုင်ကလည်း နှိပ်ကွပ်ခံနေရတယ်။ အဲန်အယ်လ်ဒီမှာလည်း အခု ဗဟိုရုံးတခုပဲ ဖွင့်ခွင့်ရနေတာဖြစ်တယ်။ ဒီအခြေအနေမျိုးမှာ အဘဦးလွင်တို့အနေနဲ့လည်း သူတို့အနေနဲ့လည်း ထိန်းထိန်းချုပ်ချုပ်နဲ့ ပြောနေတယ်လို့ထင်ပါတယ်။ ကျနော်တို့ဘယ်လိုပဲပြောပြော တကယ်တမ်းလက်တွေ့မှာ အခုပဲ အာဖဂန်နစ္စတန်မှာ (constitution) ဆွဲတယ်။ ရွေးကောက်ပွဲဝင်ကြတယ်။ နောက်အီရတ်မှာလည်း (constitution) ဆွဲတယ်။ ဆွဲတဲ့အခါမှာသူတို့ နိုင်ငံရေးအရ အင်အားစုတွေ တိုင်းရင်းသား၊ လူမျိုးရေးအင်အားစုတွေအားလုံးကို တတ်နိုင်သလောက် ထည့်သွင်းရတယ်။ ဘာသာရေးအရလည်း ကျနော်တို့ပါနိုင်သမျှ ပါအောင် ထည့်သွင်းရတဲ့နေအထားမှာ ဗမာပြည်မှာက ဒီမိုကရေစီအင်အားစုတွေ လုံးဝမပါဝင်ပဲ၊ တိုင်းရင်းသားအင်အားစုတွေတောင်မှ ကျနော်တို့ အကုန်မပါဝင်နိုင်ဘူး။ ကျနော်တို့ ကိုယ်ကြိုက်တဲ့လူပဲရွေးလုပ်တဲ့ အမျိုးသားညီလာခံကတော့ ဘယ်လိုမှ ကျနော်တို့ ပြည်သူရဲ့အကျိုးကို ဖော်ဆောင်နိုင်မယ့် အခြေခံဥပဒေကို ကျနော်တို့ရမှာမဟုတ်ဘူး။ ဗမာပြည်သူတွေရဲ့ နောင်ရေးကိုအာမခံနိုင်မယ့် ရွေးကောက်ပွဲမျိုးဖြစ်မှာ မဟုတ်တဲ့အတွက် ကျနော်တို့အနေနဲ့ ဒါကို လုံးဝကန့်ကွက်တယ်။ ငြင်းလဲငြင်းဆိုတယ်။ ရှုံ့လည်းရှုံ့ချပါတယ်။ ❖



အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ဝင် ဒေါက်တာစန်းအောင်



ဆိပ်ကမ်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်း

ဆိပ်ကမ်းမြို့နယ်လွှတ်တော်အမတ် ဒေါ် စန်းစန်း ....

ကျမကတော့ ဒေါက်တာစန်းအောင်ပြောတာကို လက်ခံပါတယ်။ ခုချိန်ထိအောင် စောစောပိုင်းကရထားတဲ့ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရဲ့ရလဒ်ကို တခါမှ အသိအမှတ်ပြုခြင်းမဖြစ်ဘူး။ ကျမတို့ပြီးခဲ့တဲ့ ရွေးကောက်ပွဲကို ပြောမယ်ဆိုလို့ရှိရင် အဲဒီရွေးကောက်ပွဲက ဘာကြောင့် ကျမတို့နိုင်ခဲ့သလဲ။ ပြည်သူ့ဆန္ဒအရ ပြည်သူ့ဆန္ဒကိုဖော်ထုတ်တဲ့အခါမှာ စစ်အစိုးရကိုမလိုချင်တော့ဘူး။ ဒီမိုကရေစီကိုဖော်ဆောင်ပေးနိုင်မယ်ထင်လို့ ကျမတို့အဲန်အယ်လ်ဒီကို မဲပေးကြတာပါ။ ပြည်သူ့ဆန္ဒကို ပြည်သူတွေ တပြည်လုံးရဲ့ဆန္ဒကိုတောင် ဆန့်ကျင်ဘက်ပြုပြီး တော့ကတိမတည်ခဲ့တဲ့ အစိုးရဟာ အခုရော ရွေးကောက်ပွဲပြီးရင် ဒီလိုပဲကတိမတည်ပဲနဲ့ အာဏာအပ်နှင်းခြင်းရှိပါ့မလားဆိုတာလည်း စဉ်းစားစရာ တချက်ဖြစ်တယ်။ နောက်ပြီးတော့ အမျိုးသားညီလာခံကို ကျမတို့က တစိုက်မတ်မတ် ကန့်ကွက်လာခဲ့တယ်။ ဒီ လက်ရှိစစ်အစိုးရ သက်ဆိုးရှည်မယ့် လက်ရှိဗမာပြည်မှာ ဒီမိုကရေစီဆိုလို့ အရိပ်အယောင်တောင် မြင်ရမှာမဟုတ်တဲ့ ခုလိုပဲ ဆင်းရဲကျပ်တည်းနေဦးမယ့် ဒီအမျိုးသားညီလာခံကတက်လာတဲ့ အခြေခံ ဥပဒေကို ကျမတို့က ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ပါဘူး။ ကျမတို့ ဒီဖက်က ပြည်ပထွက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ကျမတို့ပြည်ထောင်စုစစ်စစ်၊ မူအခြေခံ ဥပဒေပြည်နယ်တွေကလည်း တန်းတူရည်တူရှိရမယ်ဆိုတာကို အခြေခံပြီး ဒါက တိုင်းရင်းသားတွေက လက်ခံနိုင်တဲ့ အခြေခံဥပဒေကို ကျမတို့ ရေးဆွဲနေတာဖြစ်တယ်။

အဲတော့ အဲဒီအခြေခံဥပဒေနဲ့ ဆန့်ကျင်ဖက်ဖြစ်တဲ့ ဟိုဖက်က အခြေခံဥပဒေကို ကျမတို့ကလက်မခံနိုင်ဘူး။ အဲဒီအခြေခံဥပဒေက ဖြစ်ပေါ်လာတဲ့ ရွေးကောက်ပွဲကိုလည်း ကျမတို့က လက်မခံနိုင်ဘူး။

ဗမာပြည်မှာ ဘယ်လိုဖြစ်မလဲ ဆိုလို့ရှိရင် ကျမတို့စဉ်းစားကြည့်သလောက်က တစည်နဲ့ ခုပါတီဖြစ်သွားတဲ့ ကြံ့ဖွံ့တွေက ဝေယူရမယ်ဆိုတဲ့ သဘောဖြစ်နေတယ်။ အဲတော့ အဲဒီဟာ တချက်ကလည်း စဉ်းစားစရာဖြစ်တယ်။

❖

# အမေရိကန်အောက်လွှတ်တော်ကြားနာပွဲပြုလုပ်၊ မြန်မာ့အရေး လုံခြုံရေးကောင်စီတင်ရန် အမေရိကန်မှကြိုးပမ်းသွားမည်



အမေရိကန်အောက်လွှတ်တော်အစည်းအဝေးမြင်ကွင်း

စက်တင်ဘာ (၂၁) ရက်ကအမေရိကန်အောက်လွှတ်တော် နိုင်ငံတကာရေးရာကော်မတီ၊ အာရှနှင့်ပစိဖိတ်ဒေသကော်မတီခွဲက ကြားနာပွဲတရပ်ပြုလုပ်ခဲ့ရာ ဒုလက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာအဲရစ်ဂျွန်က တနေ့ထက်တနေ့ ပိုမိုဆိုးဝါးလာသည့် မြန်မာ့နိုင်ငံရေးပြဿနာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှနေ၍ အရေးယူဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်းပြောကြားသည်။

အောက်တိုဘာလတွင်ကျင်းပမည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးတွင် မြန်မာပြည်ကိစ္စကို ကုလလုံခြုံရေးကောင်စီက အရေးယူရေးတင်ပြ ဆွေးနွေးနိုင်ရန် မိတ်ဆွေနိုင်ငံများ၏ထောက်ခံမှုရရှိရန် ယခုကြိုးစားနေကြောင်း၊ ယခုကြိုးပမ်းမှုသည်မြန်မာ့အရေးတွင် အမေရိကန်ပြည်ထောင်စု၏ ပါဝင်ဆောင်ရွက်မှုကို ပိုမိုအရှိန်မြှင့်လိုက်ခြင်းဖြစ် ပြီး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဖမ်းဆီးထားသည့် တိုင်းရင်းသားခေါင်းဆောင်များအား ပြန်လွှတ်ပေးရန်၊ တွေ့ဆုံဆွေးနွေးမှု များပြုလုပ်ရန်ကိုလည်းနအဖကို ဆက်လက် ဖိအားပေးတိုက်တွန်းသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသွားသည်။ ပြီးခဲ့သည့် ဇွန်လက ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာပြည်အကြောင်း ဆွေးနွေးစဉ်က ဗြိတိန်၊ ပြင်သစ်၊ ဂရိ၊ ရိုမေးနီးယား၊ ဒိန်းမတ်နိုင်ငံများက ထောက်ခံခဲ့ကြသည်။ ချက်သမတ ဘားကလပ်ဟာဗယ်နှင့် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒက်စမွန်တူးတူးတို့၏ အစီရင်ခံစာပါ အချက်အလက်များအားလုံးကို မိမိတို့သဘောတူကြောင်း မြန်မာနိုင်ငံသည် လုံခြုံရေးကောင်စီက ထည့်သွင်းစဉ်းစားရမည့် ဒေသအဆင့်လုံခြုံရေးကို ထိပါးနှောင့်ယှက်နေသည့်အခြေအနေဆိုတာ သူတို့လုံးဝလက်ခံကြောင်း၊ ထို့ကြောင့် အခြားသော မိတ်ဖက်နိုင်ငံများနှင့်ပူးပေါင်းပြီး မြန်မာ့အရေးကို အောက်တိုဘာလ လုံခြုံရေးကောင်စီအစည်းအဝေးတွင် ထည့်သွင်းစဉ်းစားနိုင်ဖို့ ကြိုးစားဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသွားသည်။

ကုလသမဂ္ဂဆိုင်ရာ ညွန့်ပေါင်းအစိုးရကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းက "ကနေ့ထိ ကျနော်တို့ယုံကြည်ထားတာက ဗမာနိုင်ငံ၏ပြဿနာဟာ တိုင်းရင်းသားခေါင်းဆောင်တွေရယ်၊ ကျနော်တို့ အမျိုးသားဒီမိုက ရေစီအဖွဲ့ချုပ်ခေါင်းဆောင်တွေရယ်၊ တပ်မတော်ဖက်က ခေါင်းဆောင်တွေရယ် သုံးဦးသုံးဖလှယ်ဆွေးနွေးညှိနှိုင်းဖြေရှင်းတာက ကျနော်တို့တိုင်းပြည်အတွက် အကောင်းဆုံးပဲဖြစ်တယ်လို့ ကျနော်တို့ယူဆပါတယ်။ လုံခြုံရေးကောင်စီမှာ မြန်မာ့အရေးကိုဆွေးနွေးတဲ့ကိစ္စမှာ ကျနော်တို့အနေနဲ့ ဒီလုံခြုံရေးကောင်စီကနေပြီးတော့ အပြစ်ဒဏ်ခတ်တဲ့အရေးယူမှုတွေ ဆောင်ရွက်ဖို့ ကျနော်တို့ အဲဒါကိုမတောင်းဆိုပါဘူး။ အဓိကကတော့ တွေ့ဆုံဆွေးနွေးရေးဖြစ်ပေါ်ဖို့အတွက် ကုလသမဂ္ဂရဲ့ဆောင်ရွက်မှုတွေအပေါ်မှာ အထွေထွေအတွင်းရေးမှူးချုပ်နဲ့ နအဖဖက်ကနေပြီးတော့ ပူးပေါင်းဆောင်ရွက်မှုတွေအပြည့်အဝလုပ်ဖို့ဒါကိုပဲ တိုက်တွန်းသွားမှာဖြစ်ပါတယ်။ အဓိကကတော့ ဒီ ယူအဲန်ကနေပြီးတော့ တွေ့ဆုံဆွေးနွေးပွဲတံခါးတွေပွင့်လာဖို့ ဆောင်ရွက်တဲ့နေရာမှာပိုပြီးတော့ နိုင်ငံတကာအဝန်းအဝိုင်းတခုလုံးအထူးသဖြင့် လုံခြုံရေးကောင်စီကနေနိုင်ငံရေးအရထောက်ခံမှုနဲ့ ဒီထက်ပိုပြီးတော့ဆောင်ရွက်နိုင်အောင် ကျနော်တို့ရည်ရွယ်တာဖြစ်ပါတယ် "ဟု ပြောကြားသည်။

ကယ်လီဖိုးနီးယားအမတ် မစ္စတာဂါနာရိုဘာဂါက "အမေရိကန်သမတအနေနှင့် မြန်မာပြည်က စစ်အာဏာရှင်တွေကိုဖြုတ်ချဖယ်ရှားဖို့အတွက် ဖြစ်နိုင်သမျှနည်းလမ်းအားလုံးကို သုံးသင့်ပါတယ်။

အမေရိကန်လွှတ်တော်ထဲမှာ မြန်မာပြည်ဒီမိုကရေစီရရှိ ဖို့ဆောင်ရွက်နေတဲ့ အင်အားစုတွေကို ထောက်ခံဖို့အလုံအလောက်ရှိတယ်လို့ ကျနော်ထင်ပါတယ်။ လိုအပ်မယ်ဆိုရင်မြန်မာပြည်မှာ စစ်အာဏာရှင်စနစ်ကျဆုံးဖို့အတွက် လျှို့ဝှက်အစီအမံတွေကိုတောင် ပြုလုပ်သင့်ပါတယ်။ မြန်မာ့တပ်မတော်အနေနဲ့ လူထုကိုချိန်ရွယ်ထားတဲ့သေနတ်ပြောင်းကိုပြန်လှည့်ပြီး စစ်အာဏာရှင်တွေဘက်ကိုချိန်ရွယ်ဖို့၊ ဖြစ်နိုင်ရင် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ အင်အားစုတွေနဲ့ပေါင်းစည်းဖို့အတွက် အမေရိကန်အစိုးရက နည်းလမ်းသစ်တွေ သုံးသင့်ပါပြီ" ဟု ကြားနာပွဲတွင် ပြောဆိုသွားသည်။

ယခုကြားနာပွဲသည် အမေရိကန်လွှတ်တော်တွင် ပြုလုပ်သည့်ကြားနာပွဲများအနက် မြန်မာပြည်နှင့်ပတ်သက်၍ အများဆုံး ပြောကြားသည့် ပွဲတပွဲဖြစ်သည်။

❖



# မယုံချင်စရာ ပုံပြင်တပုဒ်မဟုတ်ခဲ့ပါ

တော်လှန်ရေးဆိုတာ ပုံပြင်တပုဒ်မဟုတ်ခဲ့သလို
လွတ်လပ်ရေးဟာလည်း
ပုံပြင်မဟုတ်ခဲ့ပါ။
မယုံချင်စရာပါကွယ်
ရိုင်းတဲ့သမိုင်း
ခေတ်မှန်တိုင်းမှာ
အပိုင်းပိုင်းအစစ ကျိုးပဲ့ကြေမွသွားရတဲ့
ဘဝတွေ ….ဘယ်လိုအရာမျိုးနဲ့ ပြန်အလျော်ပေးကြမလဲတဲ့။

အဖြေမရှိတဲ့ မေးခွန်းတခုလား
ဒါပေမယ့် ငါခံစားမိနေတယ်
ဒါပေမယ့် ငါယုံကြည်နေဦးမယ်
တရားမျှတခြင်းနဲ့
ငြိမ်းချမ်းရေးဆိုတာ
အရဏ်သစ်နေမင်းအတွက်
ပေါ်လာသလိုမျိုး
ငါတို့ကမ္ဘာကို
လွှမ်းခြုံရစ်ပတ် လာမယ့်တနေ့
အဲဒီနေ့ကိုပေါ့ ….။ ။

ကျော်ထက်ခိုင်

# နအဖ၏ မတရားလယ်မြေသိမ်းမှုများ အိုင်အယ်လ်အိုသို့ တိုင်ကြားရန် ကူညီပေးသော ပဲခူးမြို့မှ ရှေ့နေဦးအေးမြင့် ဖမ်းဆီးခြင်းခံရ

ဒိုက်ဦးမြို့၊ ဖောင်တော်သီကျေးရွာရှိ လယ်သမားများ၏ လယ်မြေများအား အစိုးရမှမတရားသိမ်းယူမှုကို အိုင်အယ်လ်အိုသို့ တိုင်ကြား၍ လယ်မြေများပြန်လည်ရရှိရန် အကူအညီပေးခဲ့သော ပဲခူးမြို့မှ ရှေ့နေ ဦးအေးမြင့်ကို အာဏာပိုင်များကဖမ်းဆီးထားကြောင်းသိရသည်။

ဦးအေးမြင့်သည် အာဏာပိုင်တို့၏ အဓမ္မအလုပ်စေခိုင်းမှုများကို အိုင်အယ်လ်အိုအားသတင်းပေးမှုဖြင့် (၂၀၀၃) ဇူလိုင် (၂၀) တွင် ပထမအကြိမ်အဖမ်းခံခဲ့ရပြီး သေဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ နိုင်ငံတကာမှ ဖိအားပေးမှုကြောင့် ယခုနှစ်အစောပိုင်းက ပြန်လွတ်လာခဲ့သည်။ ယခု ဒုတိယအကြိမ် အဖမ်းခံရပြီး ဒိုက်ဦးရဲစခန်း၌ချုပ်နှောင်ထားကြောင်းသိရသည်။

ဂျနီဗာရုံးချုပ်မှ အိုင်အယ်လ်အိုထိပ်တန်းအရာရှိ မစ္စတာအာဒီဒက်ဗျူလာက ယခုဖမ်းဆီးမှုနှင့်ပတ်သက်ပြီး "အစိုးရအရာရှိတွေနဲ့ အမြန်ဆုံးတွေ့နိုင်အောင် ကျနော်တို့ စီစဉ်မှာပါ။ ကျနော်တို့ သူ့အတွက် စိုးရိမ်ပါတယ်။ အမှန်တကယ် ဘာတွေဖြစ်ခဲ့သလဲဆိုတာ စစ်အစိုးရဘက်က ရှင်းလင်းချက်ရဖို့ ကျနော်တို့ကြိုးစားနေပါတယ်" ဟု ဒီဗွီဘီသို့ ပြောကြားသည်။ ဆက်လက်၍ သူက အိုင်အယ်လ်အိုမှ နုတ်ထွက်မည်ဟု စစ်အစိုးရကပြောဆိုနေခြင်းအပေါ် "ဒီကိစ္စ ကျနော်တို့ကို စစ်အစိုးရကတရားဝင်မပြောသေးပါဘူး။ သူတို့နုတ်ထွက်ဖို့တော့ စဉ်းစားခဲ့ပါတယ်။ အိုင်အယ်လ်အိုကနေ နုတ်ထွက်သွားရင်တောင် ဂျနီဗာကနေသဘောတူညီချက်အရ အဓမ္မစေခိုင်းမှုတွေကို သူတို့ရပ်တန့်သွားအောင်ကြိုးစားရမှာပဲ။ နုတ်ထွက်ရုံနဲ့ ဒီကိစ္စတွေကိုခေါင်းရှောင်လို့ မရဘူးဆိုတာ ကျနော်တို့ အခါခါသတိပေးထားပါတယ်။ ဒါကြောင့် နောက် (၂) နှစ်အထိတော့ သူတို့နုတ်ထွက်လို့မရသေးပါဘူး။ ပြီးခဲ့တဲ့ ဇွန်လအစည်းအဝေးတုန်းကလည်း စစ်အစိုးရရဲ့တုံ့ပြန်ချက်တွေအပေါ် အဖွဲ့ဝင်နိုင်ငံအားလုံးက ပြန်လည်သုံးသပ်ခဲ့ကြပါတယ်"ဟု ပြောသည်။

❖

# အာရှဒီမိုကရေစီနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဆွေးနွေးပွဲကျင်းပ၊ အာရှ (၁၆) နိုင်ငံတွင် မြန်မာ့ဒီမိုကရေစီအဆင့်အတန်း အနိမ့်ကျဆုံးရောက်ရှိနေ

မြန်မာနိုင်ငံအပါအဝင် အာရှ (၁၆) နိုင်ငံ၏ ဒီမိုကရေစီရေးနှင့် နိုင်ငံရေးအခြေအနေဆွေးနွေးပွဲကို ထိုင်ဝမ်ကျွန်း၌ (၃) ရက်ကြာကျင်းပခဲ့ရာ အာရှမှထင်ရှားသည့် လူမှုရေးခေါင်းဆောင် (၁၀၀) ကျော်နှင့် အဖွဲ့အစည်း (၃၀) ကျော် တက်ရောက်ခဲ့ကြသည်။ ဒီမိုကရေစီနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ မဟာမိတ်အဖွဲ့က တာဝန်ယူကျင်းပခဲ့ပြီး အာရှဒီမိုကရေစီပြောင်းလဲရေးအတွက် (၃) ရက်ကြာဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

လူ့အခွင့်အရေး၊ ရွေးကောက်ပွဲစနစ်၊ နိုင်ငံရေးဖြစ်စဉ်၊ အုပ်ချုပ်ပုံ၊ အဂတိလိုက်စားမှုရှိမရှိ၊ မီဒီယာလွတ်လပ်ခွင့်၊ ပြည်သူပူးပေါင်းပါဝင်မှုနှင့် ကိုယ်စားပြုမှု၊ ဥပဒေစိုးမိုးမှုစသည့် အခြေခံစံနှုန်းများကိုအခြေခံပြီး မေးခွန်းများ ဖြန့်ဝေစစ်တမ်းကောက်ယူခဲ့ရာ အာရှ (၁၆) နိုင်ငံတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအဆင့်အတန်းသည်အနိမ့်ကျဆုံး အခြေအနေတွင်ရှိသည်ဟု သိရသည်။

ဆွေးနွေးပွဲကို (၂) နှစ် တကြိမ် ကျင်းပမည်ဖြစ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ အဲန်စီဂျီယူဘီ ဝန်ကြီး ဦးဘိုလှတင့်နှင့် မြန်မာ့ရန်ပုံငွေအဖွဲ့ (Burmafund) မှ ကိုတိုးဇော်လတ်တို့ တက်ရောက်ခဲ့ကြသည်။ ကိုတိုးဇော်လတ်က "(Seminar) က အကြီးအကျယ်လုပ်ခဲ့တယ်။ ဘာလို့လည်းဆိုတော့ သမတကလာပြီးတော့ (Openingspeech) ပေးတာပေါ့နော်။ အာရှဒေသတွင်းမှာ ပထမဦးဆုံး ဒီမိုကရေစီရေးအတွက် ဝိုင်းပြီးတော့လှုပ်ရှားကြတယ်။ အနည်းဆုံးတော့ အာရှထဲမှာ စုစည်းခဲ့တဲ့ (voice) တခုကို ရအောင်ယူခဲ့တာပဲပေါ့ဗျာ။ (speaker) တွေက အကုန်လုံး ဗမာအကြောင်းကို ထည့်ပြောသွားတယ်။ ဗမာအကြောင်း မပြောတဲ့ (speaker) တောင်မရှိဘူး။ (Meeting) တခုလုံးရဲ့ (Emergency Resource) မှာတော့ ဗမာနဲ့မြောက်ကိုးရီးယားက ထိပ်ဆုံးကပဲ"ဟု ဒီဗွီဘီအားပြောကြားသွားသည်။

# ထိုင်းနိုင်ငံတောင်ပိုင်းဒေသက အပယ်ခံဘဝများ

အေးညိုလှ

သိပ်မကြာခင် ပင်လယ်ပြန်ထွက်နိုင်မယ်လို့ မျှော်လင့်ပြီးစောင့်နေကြတာပေါ့'' အသက် (၃၀) ကျော်အရွယ် ပိန်ပိန်ပါးပါးနဲ့ မြန်မာငါးဖမ်းသမား ကိုခင်မောင်ကျော် ရှင်းပြတာကို နားထောင်ရင်း (၁၀) ပေထက် အနည်းငယ်ပဲကျော်မယ့် အခန်းကျဉ်းကလေးကို ကျမမျက်လုံးနဲ့ပဲ လှည့်ပတ်ကြည့်နေမိပါတယ်၊ အိမ်ကလေးထဲမှာ လူတွေက အပြည့် မြန်မာပြည် ဘယ်ဒေသကလဲလို့ ကျမမေးကြည့်တော့ အတော်များများက တနင်္သာရီတိုင်းက ဖြစ်နေပါတယ်။ ထားဝယ်သံလေးတွေ ဝဲဝဲ ဝဲဝဲနဲ့၊ အားလုံးအလုပ်သမားမှတ်ပုံတင်ရှိကြလားဆိုတော့ ဗမာ (၁၅၀၀) မှာ ထက်ဝက်ကျော်လောက်က ရှိတယ်တဲ့။ ဘမ့်နိမ့်ခင်ရွာသူကြီးက စည်းကမ်းကြီးတဲ့အတွက် အားလုံးနီးပါး ဘတ် (ခေါ်) အလုပ်သမားမှတ်ပုံတင်ကဒ်လုပ်ကြရတယ်။ ဒါပေမယ့် အခုတော့ အတော်များများ ရေထဲပါကုန်ပြီတဲ့။ ဒီဇင်ဘာ (၂၆) ရက်နေ့မှာ ဆူနာမီထိတာမို့ အဲဒီ ဒီဇင်ဘာတလလုံး လုပ်ထားတဲ့ လုပ်ခလည်း မရကြဘူးတဲ့လေ။ လုပ်ခလည်းဆုံး။ ဘတ်လည်းဆုံး။ ဒါပေမယ့် ဘာလျော်ကြေးမှမရသလို မြန်မာအဲန်ဂျီအို တဖွဲ့ကလွဲပြီး ဘယ်သူ့ဆီကမှလည်း အကူအညီ မရပါဘူးတဲ့။

''ဒီဇင်ဘာလစာလည်း ကျနော်တို့က တောင်းမနေတော့ပါဘူး။ သူတို့ ကိုယ်တိုင်က ဒုက္ခသည်တွေ ဖြစ်နေတာကိုး။ ထိုင်းတွေအတွက်ကတော့ အလုပ်သမားဝန်ကြီးဌာနက အလုပ်လက်မဲ့ကြေးတို့ ဘာတို့ လျော်ကြေးပေးတယ်။ ကျနော်တို့ အတွက်ကတော့ ဘာလျော်ကြေးမှမရပါဘူး။ တရားဝင်အလုပ်လုပ်တာနဲ့ မလုပ်တာ ဘာမှမထူးခြားဘူး။ အလုပ်သမားအခွင့်အရေးဆိုတာ ရှိကိုမရှိဘူး'' ကိုခင်မောင်ကျော်ရဲ့ စကားအဆုံးမှာတော့ မြန်မာနိုင်ငံက အလုပ်လုပ်နိုင်တဲ့ လူငယ်အရွယ်ကောင်းတွေရဲ့ လုပ်အားကို ကျမတို့နိုင်ငံရဲ့ ကုန်ထုတ်စွမ်းအားမှာ တန်ဖိုးရှိစွာ အသုံးမချနိုင်တဲ့အတွက် ကျမ နှမြောတသ ဖြစ်မိပါတယ်။ ဘမ့်နမ့်ခင်ရွာကလေးက ပြန်ထွက်လာတော့ နေ့လည် (၁) နာရီရှိပါပြီ၊ ဒါပေမယ့် ကျမရဲ့ခရီးမဆုံးသေးပါဘူး။ ကန်ဖုံဆိုတဲ့ တံငါရွာသေးသေးလေးကို ကျမ ခရီးဆက်ချင်ပါသေးတယ်။

အိမ်ခြေ (၁၀၀) လောက်ဘဲရှိမယ့် ကန်ဖုံရွာလေးဟာ ရနောင်းခရိုင်အတွင်းမှာ ပါဝင်ပေမယ့် ဖန်ငခရိုင်ထဲက ရွာလေးတွေနဲ့ ပိုနီးပါတယ်။ ဒါပေမယ့် မြန်မာငါးဖမ်းသမားမိသားစု (၃၀) လောက်ကတော့ ပင်လယ်ကို မျက်နှာမူထားတဲ့ ရွာပြင်ကွင်းစပ်မှာ တဲသေးသေးလေးတွေနဲ့ နေထိုင်ကြပါတယ်။ တဲငယ်လေးတလုံးရှေ့မှာ ကျမငှားစီးလာတဲ့ကားကို ရပ်လိုက်တော့ အနီးအနားက မြန်မာငါးဖမ်းသမားတချို့ ရောက်လာကြသလို နို့စို့အရွယ်ကလေးငယ်တွေကို တို့လိုတွဲလောင်းချီထားတဲ့ အမျိုးသမီး (၃)၊ (၄) ဦးလည်း ရောက်လာပါတယ်။ သူတို့လဲ ထားဝယ်နဲ့ မြိတ်ဘက်ကပါဘဲ၊ အဲဒီအထဲမှာ အသက် (၈၀) နီးပါး အဖွားအိုတဦးကိုလဲ ကျမတွေ့ရပါတယ်။ အသက် (၄၀)ကျော် ကိုစိုးမောင်ဆိုတဲ့ တံငါသည်ကြီးကတော့ ထိုင်းမှာ လာအလုပ်လုပ်နေတာ အနှစ် (၂၀) ကျော်ပြီတဲ့။ ဆူနာမီထိတော့ သူက ပင်လယ်ပြင်မှာ စက်လှေလေး တစီးနဲ့ ငါးဖမ်းနေပြီး၊ ဆူနာမီမကျရောက်ခင် ကြောက်စရာကောင်းအောင် ငြိမ်သက်မှုနဲ့ အနက်ရောင်ပြောင်းလာတဲ့ ပင်လယ်ပြင်ကို သတိထားမိခဲ့သတဲ့။ ဒါနဲ့ပဲ စက်လှေကို ဆန့်ကျင်ဘက်အရပ်ဆီ အားသွန်ခွန်စိုက် မောင်းနှင်သွားတဲ့အတွက် သူရော သူ့အဖော်တွေပါ အသက်ဘေးက လွတ်ခဲ့ပါတယ်။ ဒါပေမယ့် ပင်လယ်ထဲမှာ (၂) ရက်လောက်နေပြီးမှ ကန်ဖုံရွာကလေးကိုပြန်လာတော့ တရွာလုံး ပျက်ဆီးနေပါပြီ။ သူ့ဇနီးနဲ့ ကလေးတွေလည်း ထိုင်းစာသင်ကျောင်းလေးတခုမှာ ခေတ္တခိုလှုံနေရပါတယ်။ ဒါပေမယ့် ဘတ်မရှိတဲ့ ဗမာတွေပီပီ ဒေသခံထိုင်းတွေကို ကြောက်ရသလို ရဲဖမ်းမှာကိုလည်း စိုးရိမ်တဲ့အတွက် ထိုင်းစာသင်ကျောင်းမှာမနေတော့ဘဲ သစ်တိုသစ်စနဲ့ဝါးတွေကောက်ပြီး သူတို့ဖာသာ တဲလေးတွေထိုးပြီး စုနေကြသတဲ့။ နေစရာရှိပေမယ့် လှေတွေပျက်ပြီး ပင်လယ်မထွက်နိုင်တဲ့အ တွက် စားစရာခက်ခဲလှတယ်တဲ့လေ။

''ကျမတို့တခါတလေ ထမင်းနဲ့ ရေနဲ့ပဲ မျှောချရတဲ့နေ့တွေရှိတယ်။ ရွာထဲမှာ ထိုင်းတွေအတွက် ကယ်ဆယ်ရေးပစ္စည်းတွေ လာဝေတာတွေ့လို့ သွားရပ်ကြည့်မိရင် အာဏာပိုင်တွေက မောင်းထုတ်တယ်။ တချို့ ထိုင်းရွာသားတွေကတော့ စာနာစိတ်နဲ့ အစားအသောက်လေးတွေ လာပေးတာရှိပါတယ်။ ဒါပေမယ့် အတော်များများကတော့ ခွဲခြားဆက်ဆံတာပေါ့ အမရယ်'' သက်မာဆိုတဲ့ ငါးဖမ်းသမားတဦးရဲ့ဇနီးက လသားအရွယ် ကလေးငယ်ကို နို့တိုက်ရင်း ကျမကိုရှင်းပြရှာပါတယ်။ ရှေ့မှာ ထိုင်နေသူအားလုံးကို ကျမ ကြည့်လိုက်တော့ ယောကျ်ားအတော်များများက နေလောင်ထားတဲ့ အသားအရည်ပေါ်မှာ ကျောဗလာနဲ့ အရောင်ခပ်မွဲ မွဲပုဆိုးကြမ်းကိုသာ ပတ်ထားကြပြီး ကလေးငယ်ကိုယ်စီနဲ့ သူတို့ရဲ့ ဇနီးတွေကတော့ ပိန်လှီဖျော့တော့နေသူကများပါတယ်။ ကန်ဖုံရွာကလေးကနေ ခိခတ်ကို ကျမပြန်လာတော့ အဲဒီရွာထဲမှာပဲ ယာယီရုံးစိုက်ထားတဲ့ ဆူနာမီကယ်ဆယ်ရေးကော်မတီမှ ကိုထူးချစ်ကို ဗမာအလုပ်သမားတွေအတွက် ဘာ့ကြောင့် နိုင်ငံတကာအကူအညီတွေမရတာလဲလို့ ကျမမေးကြည့်မိခဲ့ပါတယ်။

''အဓိကကတော့ဗျာ၊ ဖန်ငနဲ့ဖူးခက် အပါအဝင် ထိုင်းတနိုင်ငံလုံးမှာ မြန်မာအလုပ်သမား (၁) သန်းကျော်ရှိတယ်ဆိုတာကို ဗမာအစိုးရကလည်း ဘယ်တုန်းကမှဝန်မခံဘူး။ ထိုင်းအစိုးရကလည်း ဖြစ်ဖြစ်ချင်းမှာ ဒေသခံထိုင်းတွေ ဘယ်လောက်သေတယ်ဆိုတာကိုတောင် အတိအကျစာရင်းထုတ်ပြန်ဖို့ စိုးရိမ်ခဲ့တယ်။ အသေအပျောက်စာရင်းကို ထိန်းထိန်းသိမ်းသိမ်းပဲထုတ်ပြန်ခဲ့တယ်လေ။ နောက်ပိုင်းကျမှ တဖြည်းဖြည်းချင်း အတိအကျပြောတာ။ ဒါပေမယ့် ဗမာအလုပ်သမားတွေနဲ့ပတ်သက်ပြီးတော့ ဘယ်လောက်သေတယ်။ ဘယ်လောက်ဒုက္ခရောက်နေတယ်ဆိုတာကျတော့ အခုချိန်ထိ စားရင်းထုတ်ပြန်တာမရှိဘူး။ အဲဒီတော့ ဗမာအလုပ်သမားတွေ ဒီဒေသမှာရှိနေတယ်၊ အသေအပျောက်များတယ်ဆိုတာကို နိုင်ငံတကာက ရုတ်တရက် မသိတာလည်းဖြစ်နိုင်ပါတယ်။ နောက်ကျနော်တို့ ဗမာအဖွဲ့အစည်းတွေ ကိုယ်တိုင်က ဒီမှာလာပြီး ကူညီတာ၊ နိုင်ငံတကာသိအောင် ကြိုးစားတာလည်း နဲတယ်လို့ ကျနော်ထင်တယ်။ အဓိကကတော့ဗျာ၊ ကိုယ့်အစိုးရမှာ ပိုပြီးတာဝန်ရှိ တာပေါ့။ ဗမာစစ်အစိုးရကိုယ်တိုင်က ဒီဒေသမှာ ကျနော်တို့ ဗမာလူမျိုးတွေ ဆူနာမီထိပြီး ဒုက္ခရောက်နေပါတယ်။ ကူညီကြပါလို့ နိုင်ငံတကာကို ထုတ်ပြောဖို့လိုသလို ဘန်ကောက်မှာရှိတဲ့ ဗမာသံရုံးကတဆင့်လည်း အကူအညီတွေ ပေးဖို့လိုပါတယ်။ ဗမာအစိုးရကိုယ်တိုင်ကတောင် ဘာမှမကူညီဘဲနဲ့ ထိုင်းအစိုးရကို ကျနော်တို့ ဘယ်လိုသွားပြီးအပြစ်တင်လို့ရမလဲဗျာ'' ကိုထူးချစ်ရဲ့ ယထာဘူတကျကျရှင်းပြမှုကြောင့် အခြေအနေမှန်ကို ကျမနားလည် သဘောပေါက်ခဲ့ပါတယ်။

ထိုင်းတနိုင်ငံလုံးရှိ မြန်မာအပါအဝင် တရားမဝင်အလုပ်သမားတွေကို ကူညီပေးနေတဲ့(Migrant Assistant Program-MAP foundation)မှ လူ့အခွင့်အရေးလှုပ်ရှားသူ မစ်ပရာနမ်ဆွန်မဝမ်ကတော့ ထိုင်းအစိုးရအနေနဲ့ ဗမာဆူနာမီဒုက္ခသည်တွေကို ပစ်မထားဘဲ သင့်တော်တဲ့အကူအညီတွေ အမြန်ဆုံးပေးသင့်တယ်လို့ တိုက်တွန်းထားပါတယ်။ ဒီနေရာမှာ တရားဝင်မှု၊ မဝင်မှုဆိုတာတွေကို အဓိကမထားဘဲ လူသားချင်းစာနာမှုရှုဒေါင့်ကနေပဲ ကြည့်သင့်တယ်လို့ ဆိုပါတယ်။ ဒ့ါအပြင် အလုပ်သမားဝန်ကြီးဌာနအနေနဲ့ ဆူနာမီဘေးဆိုးကြီးကြောင့် အလုပ်သမားကဒ်ပျောက်ဆုံးခဲ့သူ၊ အလုပ်လက်မဲ့ဖြစ်နေသူ မြန်မာအလုပ်သမားတွေကို ထိုင်းအလုပ်သမားဥပဒေအရ လျော်ကြေးပေးသင့်တယ်လို့လည်း ထောက်ပြထားပါတယ်။ ဒါ့တင်မက ဒေသခံ ထိုင်းလူထုအနေနဲ့လည်း အတိတ်က အမှားတွေအတွက် မြန်မာလူမျိုးတွေကို အမျိုးသားရန်သူလို့သတ်မှတ်မထားဘဲ ထိုင်းနိုင်ငံရဲ့စီးပွားရေးကို အားသွန်ခွန်စိုက် ဖြည့်ဆည်းပေးနေတဲ့ စီးပွားဖက်မိတ်ဆွေတွေ အဖြစ်သာ ရှုမြင်သင့်တယ်လို့လည်း အကြံပြုထားပါတယ်။

ဟုတ်ပါတယ်။ မစ်ပရာနမ် ဆွန်မဝမ် ပြောသလိုပါဘဲ ဆူနာမီဆိုတဲ့ အင်မတန်ကြောက်စရာကောင်းတဲ့ သဘာဝဘေးဆိုးကြီး ကျရောက်ချိန်မှာတော့ တရားဝင်သူ၊ မဝင်သူဆိုပြီး ခွဲခြားဆက်ဆံတာတွေ မလုပ်သင့်ပါဘူး၊ ထိုင်းပဲဖြစ်ဖြစ်၊ ဗမာပဲဖြစ်ဖြစ်၊ အနောက်နိုင်ငံသားတွေပဲဖြစ်ဖြစ် အားလုံးဟာ လူသားတွေပဲမဟုတ်ပါလားရှင်။ လူသားချင်းစာနာမှုအကူအညီဆိုတဲ့ ခေါင်းစဉ်အောက်မှာတော့ တရားမဝင်လို့ဆိုတဲ့အကြောင်းပြချက်နဲ့ ကျမတို့မြန်မာလူမျိုးတွေအပေါ် ခွဲခြားဆက်ဆံတာတွေ မရှိသင့်ဘူးလို့သာ ကျမတွေးနေမိပါတယ်။ ဖန်ငခရိုင် ခေါင်လတ်ဒေသကနေ ဘန်ကောက်ကို ကျမပြန်တော့ မေလ (၂၆) ရက်ရှိပါပြီ။ ဆူနာမီဘေးဆိုးကြီး ရိုက်ခတ်ခံရတာ (၅) လတင်းတင်းပြည့်တဲ့နေ့ပေါ့။ အပြန်ခရီးမှာ မြန်မာပြည်နဲ့နီးလှတဲ့ နယ်စပ် ရနောင်းမြို့ကလေးကနေလှည့်ပြန်တာမို့ ကားခဏရပ်ပြီး တဘက်ကမ်းက မွေးရပ်မြေ အမိမြန်မာပြည်ဆီကို ကျမလှမ်းမျှော်လို့ ကြည့်မိပါတယ်။ ရာသီဥတု မှိုင်းပြပြနဲ့ မိုးတိမ်ထူထပ်တဲ့နေ့မို့လားမသိ ဟိုဘက်ကမ်းကကော့သောင်မြို့ ကလေးကို ကျမခပ်ရေးရေးပဲမြင်ရပါတယ် ....။









ကျမတို့တခါတလေ ထမင်းနဲ့ရေနဲ့ပဲ မျှောချရတဲ့နေ့တွေရှိတယ်။ ရွာထဲမှာ ထိုင်းတွေအတွက် ကယ်ဆယ်ရေးပစ္စည်းတွေ လာဝေတာတွေ့လို့ သွားရပ်ကြည့်မိရင် အာဏာပိုင်တွေက မောင်းထုတ်တယ်။ တချို့ ထိုင်းရွာသားတွေကတော့ စာနာစိတ်နဲ့ အစားအသောက်လေးတွေ လာပေးတာရှိပါတယ်။

(ရွှေမတိုးသာ နောက်မဆုတ်သာဖြစ်နေတာ နှစ် (၂၀) နီးပါးကြာလာပြီဖြစ်တဲ့ မြန်မာ့နိုင်ငံရေးပြဿနာကို ကုလသမဂ္ဂလုံ ခြုံရေးကောင်စီကနေ အရေးယူဖြေရှင်းပေးဖို့တင်ပြတဲ့ ကမ္ဘာ့ခေါင်းဆောင် (၂) ဦးရဲ့အဆိုပြုချက်ကို ပြည်တွင်းပြည်ပရှိ ဒီမိုကရေစီအင်အားစုအသီးသီးက ထောက်ခံကြိုဆိုခဲ့ကြပါတယ်။

ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တိုင်းရင်းသားနိုင်ငံရေးပါတီတွေ စုပေါင်းဖွဲ့စည်းထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (စီအာရ်ပီပီ)၊ သခင်သိန်းဖေဦးဆောင်တဲ့ လွှတ်လပ်ရေးတိုက်ပွဲဝင် ဝါရင့်နိုင်ငံရေးသမားတွေ၊ မင်းကိုနိုင်ဦးဆောင်တဲ့ (၈) လေးလုံးမျိုးဆက်ကျောင်းသားတွေနဲ့ စစ်အစိုးရနဲ့အပစ်ခတ်ရပ်စဲရေးလုပ်ထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကပါ နိုဗယ်လ်ဆုရှင်နှစ်ဦးရဲ့ ဒီအဆိုအဆိုပြုချက်ကို ထောက်ခံကြောင်းပြောဆိုခဲ့ပါတယ်။ ဒီကြိုဆိုမှုတွေထဲမှာ စစ်အစိုးရရဲ့ အမျိုးသားညီလာခံကိုတက်နေဆဲဖြစ်တဲ့ စစ်အစိုးရရဲ့အရိပ်အကဲကို ကြည့်ပြီး စစ်အစိုးရမပြိုင်အောင် မီးစင်ကြည့်ကနေရတဲ့ငြိမ်းအဖွဲ့တွေပါဝင်လာတာကတော့ အတော့်ကိုထူးခြားနေပါတယ်။ ငြိမ်းတွေကဘာကြောင့် ခုလိုမျိုးထောက်ခံလိုက်ရတာလဲ။ အမျိုးသားညီလာခံကိုရပ်နားပြီး လုံခြုံရေးကောင်စီက အမြန်ဝင်ဖို့လိုနေပြီဆိုတဲ့ သဘောလား။ ဗားလက်ဟာဗဲလ်နဲ့ ဒက်စ်မွန်တူးတူးတို့ရဲ့ အဆိုပြုချက်ဟာ မြန်မာနိုင်ငံရေးပြဿနာဖြေရှင်းရေးအတွက် ဘုံလုပ်ငန်းစဉ်တခု ဖြစ်လာတော့မလား။ ခေါင်းဆောင်များရဲ့ သဘောထားအမြင်၊ သုံးသပ်ချက်များကို စုစည်းပြီးတင်ပြလိုက်ပါတယ်။)


ဒဂုန်တာရာ

### ငြိမ်းချမ်းရေးကဗျာဆရာကြီးဒဂုန်တာရာ

"ကျနော်လည်း ခံစားရတာကြာပြီပဲ။ (၁၇) နှစ်ရှိပြီပဲ။ အမှန်က (၁၇) နှစ်တောင်မကဘူး။ (၆၂) ကစပြီးတော့ ရေတွက်ရင် နှစ် (၄၀) ရှိပြီ။ မရွှေ့ဘူး။ ရပ်နေတာကြာပြီပဲ။ နှစ်ပေါင်းများစွာကြာပြီပဲ။ ပြဿနာတွေက ပြေမှာမဟုတ်ဘူး။ အခု ညီလာခံလာဦးမယ်။ နောက်ပြီးတော့ ဖွဲ့စည်းပုံလာဦးမယ်။ ဖွဲ့စည်းပုံကို ပြည်သူ့ဆန္ဒခံယူပွဲမှာ တင်ဦးမယ်။ အဲဒီဟာတွေက တော်တော်အချိန်ဇယားမရှိဘူး။ အခုထိဆိုတော့ ကျနော်တော့ မတွေ့ဖူးဘူး။ ပေများတယ်ဆိုတာ လိုသူများပြောတဲ့စကား။ ရှည်အုံးမှာပဲ။ ကျနော်ကတော့ ဖြစ်တဲ့ပြဿနာတိုင်းကို အတူတူဆွေးနွေး ညှိနှိုင်းလုပ်ရင် နားလည်မှုရလာမယ်။ ရလာရင် စားပွဲဝိုင်းမှာ ဖြေရှင်းရမယ်လို့ ကျနော်ကတော့ အဲဒီလိုယုံကြည်တယ်။ နည်းမျိုးစုံရှိတယ်။ ဖြေရှင်းတဲ့နည်း မျိုးစုံလုပ်ကြည့်ရမယ်။ အဲဒါ ဒက်စမွန်တူးတူးက နည်းတနည်းပဲပေးလိုက်တာပဲ။ ကောင်းတယ်။ အဲ့ဒါကို ထောက်ခံပါတယ်။ ကျနော်ကတော့ ငြိမ်းချမ်းရေးပဲပြောရမှာပဲ။ စားပွဲပေါ်မှာတင် ဆုံးဖြတ်စေချင်တယ်။ စစ်မြေပြင်ပေါ်မှာ မဆုံးဖြတ်စေချင်ဘူး။ ဒါဘဲ။" ❖


ဖဒိုမန်းရှာ

### ဖဒိုမန်းရှာ (ကေအဲန်ယူအထွေထွေအတွင်းရေးမှူး)

"ဒက်စ်စမွန်တူးတူးနဲ့ ဗားကလပ်ဟာဗဲလ်တို့ သူတို့တင်ပြလိုက်တဲ့ စာတမ်းက တကယ်ခိုင်မာတဲ့အကြောင်းအရာတွေဖြစ်တယ်ဆိုတဲ့ အကြောင်းကို ကျနော်တို့ဘက်က သဘောထားကို ထုတ်ပြန်ထားပြီးပါပြီ။ အရင်တုန်းက ရာဇာလီအစ္စမေးလ်တို့လို၊ ပီညဲရိုးတို့လို သူတို့ဝင်ရောက်ပြီး ကြိုးပမ်းတာတွေကလည်း ကြာပြီ။ ဘာမှလည်း အလုပ်မဖြစ်ဘူး။ လုံခြုံရေးကောင်စီကိုတင်လိုက်ပြီးတော့ ဝင်ရောက်ဆောင်ရွက်ဖို့ ပန်ကြားတာဟာ မှန်ကန်တဲ့လုပ်ဆောင်ချက်တရပ်ဖြစ်တယ်ဆိုတဲ့အကြောင်း ကျနော် ပြောထားပြီးပါပြီ။ နိုင်ငံတကာဘက်ကနေ ကြိုးစားတဲ့လမ်းကြောင်းဟာ ဘာမှအကျိုးဖြစ်မလာဘူး။ နအဖအနေနဲ့လည်း တနည်းနည်းနဲ့ဖြေရှင်းဖို့ မလုပ်ဘူးဆိုရင်တော့ ကျနော်တို့ တိုင်းရင်းသားလူမျိုးစုတွေ၊ ပြည်သူတွေ၊ သူတို့ကိုယ်စားပြုတဲ့ နိုင်ငံရေးပါတီတွေကလည်း ဆက်လက်ပြီးတော့ ဗမာပြည်မှာ တကယ့်နိုင်ငံရေးအပြောင်း အလဲဖြစ်လာမလဲဆိုတာ နည်းလမ်းကို ဆက်ရှာကြဖို့၊ ကျနော်တို့ ကိုယ့်အားကိုယ်ကိုးပြီးတော့ လုပ်ကြဖို့လိုပါတယ်။" ❖


ဒေါက်တာ သောင်းထွန်း

### ဒေါက်တာသောင်းထွန်း (အဝေးရောက်ညွန့်ပေါင်းအစိုးရကုလသမဂ္ဂဆိုင်ရာတာဝန်ခံ)

ဒက်စမွန်တူးတူးနဲ့ ဗားကလပ်ဟာ ဗယ်လ်တို့တင်ထားတဲ့ လမ်းကြောင်းက ဒီကနေ့ ဗမာပြည်လူထုတွေခံစားနေရတဲ့ လူမှုရေးဒုက္ခ၊ စီးပွားရေးဒုက္ခ၊ နောက် နိုင်ငံရေးအကျပ်အတည်း၊ ဒါတွေကိုလုံခြုံရေး ကောင်စီကနေပြီးတော့ အထွေထွေအတွင်းရေးမှူးချုပ်နဲ့ တိုင်ပင်ညှိနှိုင်းပြီးတော့ နိုင်ငံရေးအရအဖြေရှာပေးသင့်တယ်။ ဒါကြောင့်မို့လို့ သူတို့ရဲ့ တင်ပြချက်ဟာ ကျနော်တို့ ကနေ့လုံခြုံရေး ကောင်စီအမြဲတမ်းအဖွဲ့ဝင် နိုင်ငံ (၅) နိုင်ငံနဲ့ အလှည့်ကျအဖွဲ့ဝင် (၁၀) နိုင်ငံ နိုင်ငံရေးခေါင်းဆောင်တွေအပေါ်မှာ တစုံတရာ ဩဇာ သက်ရောက်မှုရှိလိမ့်မယ်လို့ ကျနော်တို့အနေနဲ့ မျှော်လင့်ပါတယ်။"

❖


ဒေါက်တာ တူးဂျာ

### ဒေါက်တာ တူးဂျာ (ကေအိုင်အို ဒုဥက္ကဋ္ဌ)

"ကောင်းအောင်လုပ်တဲ့အပိုင်းကိုတော့ ကျတော်တို့ လိုလားပါတယ်။ ထောက်ခံပါတယ်။ ဒါက (True Dialogue) ပေါ့။ ပြဿနာကို ဖြေရှင်းသွားဖို့တော့ ဆန္ဒရှိတာပေါ့။ ကျနော်တို့က ဒါကတော့ ကေအိုင်အိုရဲ့ အမျိုးသားတည်ရှိနေတဲ့ (Policy) တခုပေါ့။ ဒါကြောင့်မို့လို့ တွေ့ဆုံဆွေးနွေးရေးဟာ ကျယ်ပြန့်နိုင်လေ ကောင်းလေပေါ့။ ကုလသမဂ္ဂကူညီနိုင်ရင်လည်း ကောင်းတာပေါ့။ ပိုကောင်းတာပေါ့။ လက်တွေ့ဖြစ်လာဖို့ပဲ အရေးကြီးပါတယ်။ လက်တွေ့ဖြစ်လာမယ်ဆိုရင် အကျိုးဖြစ်ထွန်းမယ်လေ။ လက်တွေ့မဖြစ်လာဘူးဆိုတော့ ပြောရုံသာ ပြောကြမယ်ဆိုရင်တော့ ဘယ်ကိုမှ မရောက်နိုင်ပါဘူး"။

❖


ဦးထောင်ခိုထန်း

### ဦးထောင်ခိုထန်း (ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အဖွဲ့ဝင်)

"ကျနော့်အမြင်တော့ လုံခြုံရေးကောင်စီမှာ ဗီတိုအာဏာရှိတဲ့ နိုင်ငံတွေကလည်း ဗမာပြည်ရဲ့နိုင်ငံရေးအခြေအနေကို ငြိမ်းချမ်းစွာဖြေရှင်းချင်တဲ့ဆန္ဒရှိတယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးကို လိုချင်တဲ့ပုဂ္ဂိုလ်တွေဖြစ်ရင်တော့ ဘယ်သူမှကန့်ကွက်မယ်လို့ ကျနော်မယူဆဘူး။ ကန့်ကွက်ရင်တော့ သူ့ဘာသာသူလာရှင်းပေါ့။ ဗမာပြည်ရဲ့ပြဿနာကို ကုလသမဂ္ဂမရှင်းစေချင်ဘူး။ မလိုအပ်ဘူးဆိုရင် သူကိုယ်တိုင်လာရှင်းလေ။ ဗမာပြည်မှာ (၁၇) နှစ်ရှိပြီ။ ပြဿနာမပြေလည်နိုင်ဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲတာလည်း (၁၂) နှစ် လောက်တောင်ရှိပြီ၊ ဆွဲလိုက် နားလိုက်၊ ခေါ်လိုက် ဆွဲလိုက်၊ (၁၂) နှစ်လောက်ကြာတယ်။ အခုထိတောင် မပြီးသေးဘူး။ အဲဒါက အဆင်မပြေလို့ပေါ့။ ဗီတိုအာဏာပိုင်တဲ့ တရုတ်နိုင်ငံတို့၊ ရုရှားနိုင်ငံတို့က ဗမာပြည်ရဲ့ နိုင်ငံရေးပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းဖို့ သူတို့လည်းဆန္ဒရှိမယ်ဆိုပြီးတော့ ကျနော်ကတော့ ယုံကြည်တယ်။ "


နန်းခေးဆိုင်

### နန်းခေးဆိုင် (ရှမ်းပြည်တပ်မတော်ပြောခွင့်ရပုဂ္ဂိုလ်)

"အေးချမ်းစေလိုလို့ နည်းအမျိုးမျိုးနဲ့ဖြေရှင်းဖို့ ကြိုးစားခဲ့ပြီးပါပြီ။ ကျမတို့ မှတ်မိတာကတော့ တော်လှန်ရေးကောင်စီတက်ကတည်းက ယနေ့အထိ ပြည်သူတွေရော၊ တက္ကသိုလ်ကျောင်းသားတွေရော၊ မျိုးချစ်ပုဂ္ဂိုလ်တွေရော တိုင်းပြည်အရေး ဖြေရှင်းဖို့ ကြိုးစားခဲ့ပါတယ်။ ဘာမှပြောင်းလဲချက်တွေ မရှိဘူးဆိုတော့ ကျမတို့ပြည်သူပြည်သားတွေကလည်း ဆင်းရဲဒုက္ခ အရမ်းရောက်နေပါပြီ။ ဒီလို ဒုက္ခရောက်နေတဲ့အချိန်မှာ လူသားချင်းစာနာထောက်ထားပြီးတော့ ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေ တာဝန်ယူ ဖြေရှင်းပေးနိုင်ရင် ကျမတို့တိုင်းပြည်ရဲ့ အနာဂတ်ဟာ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်လိမ့်မယ်လို့ ကျမတို့လည်း ယုံကြည်တယ်။"

❖


နိုင်ဟံသာ

### နိုင်ဟံသာ (မွန်ပြည်သစ်ပါတီ)

"ကျနော်တို့အဖွဲ့အစည်းအနေနဲ့ ထောက်ခံပါတယ်။ ကျနော်တို့ နိုင်ငံရဲ့ပြဿနာကို ပြည်တွင်းမှာ စစ်အစိုးရကနေပြီးတော့ ကြိုးပမ်းဖြေရှင်းတဲ့နည်းပေါ့။ ဥပမာ (၉၀) ခုနှစ် မှာ ရွေးကောက်ပွဲလုပ်တယ်။ ဒါကလည်း မပြေလည်ဘူး။ အခုနောက်ပိုင်း အမျိုးသားညီလာခံနဲ့ ဖြေရှင်းဖို့ကြိုးစားတယ်။ ဒါကလည်း ပြေလည်နိုင်မယ့်အလားအလာမရှိဘူးလို့ မြင်တယ်လေ။ ဘာကြောင့်လည်းဆိုတော့ အားလုံးသိပြီးသားဖြစ်ပါတယ်။ အခု အမျိုးသားညီလာခံအပေါ်မှာလည်း အဖွဲ့အစည်းပေါင်းစုံက ပါဝင်နိုင်ခြင်းမရှိဘူး။ နောက် အဲဒီဥစ္စာကလည်း အားလုံးက ယုံကြည်နိုင်တဲ့အနေအထားမျိုးမဟုတ်ဘူးဆိုတော့ ဒါကလည်း ကျနော်တို့နိုင်ငံရဲ့ပြဿနာကို ဖြေရှင်းနိုင်လိမ့်မယ်လို့ ကျနော်တို့ မယုံကြည်နိုင်သေးဘူးလေ။ နောက်ပြီးတော့ ကျနော်တို့ နိုင်ငံရဲ့အခြေအနေကလည်း ကိုယ့်နိုင်ငံသားအချင်းချင်း ယုံကြည်မှုတွေကနည်းနေတော့ အခုလို ကုလသမဂ္ဂကနေ ကြားဝင်ပြီးတော့ ဖြေရှင်းပေးမယ်ဆိုရင်တော့ သိပ်ကောင်းတဲ့အနေအထားပဲပေါ့။"


ကိုကိုကြီး

### ကျောင်းသားခေါင်းဆောင်ကိုကိုကြီး

"အခုကြေညာချက်ဟာ အဓိကကျတဲ့ ဆုံမှတ် (၂) ခု တွေ့ရပါတယ်။ (Sanction) ကိုထောက်ခံတယ်၊ ကန့်ကွက်တယ်၊ စသည်ဖြင့် အငြင်းပွားနေကြတာတွေရှိပေမယ်လို့ အခု ဗားကလက်ဟာဗဲလ်နဲ့ ဒက်စမွန်တူးတူး တို့ကနေပြီးတော့ အဆိုပြုချက်မှာ အရေးယူဖို့တွေ၊ ပြစ်ဒဏ်ခတ်ဖို့တွေမပါဘဲနဲ့ တွေ့ဆုံဆွေးနွေးမှုတွေဖြစ်ဖို့အတွက် ကုလသမဂ္ဂရဲ့ အခန်းကဏ္ဍကို မြှင့်တင်တဲ့လုပ်ငန်းဟာ အဲဒီကွဲပြားနေတဲ့ အင်အားစုတွေအားလုံးရဲ့ ပူးတွဲလုပ်နိုင်တဲ့ ဆုံမှတ်လို့မြင်ပါတယ်။ နောက်တခါ တပ်မတော်နဲ့ ဒီမိုကရေစီအင်အားစုတွေ ပူးတွဲလုပ်နိုင်ဖို့အတွက် လူသားချင်းစာနာမှုဆိုင်ရာအကူအညီ ကိစ္စတွေဟာလဲပဲ ကျနော်တို့ ဒီမိုကရေစီအင်အားစုတွေ နဲ့ ပူးတွဲဆောင်ရွက်နိုင်တဲ့ဆုံမှတ်လို့ မြင်ပါတယ်။ "

❖

# ဆိုင်ဂုံ၊ ဘဂ္ဂဒက်နှင့် မုဆိုးသီအိုရီ

ကျော်သွင်

စစ်ပွဲဟူသည် မိခင်နှင့်ချစ်သူတို့၏ မျက်ရည်များဖြင့် တည်ဆောက်ထား၏ ...။
စစ်ဖြစ်လျှင် မိခင်ပျောက်သောသားနှင့် သားပျောက် သော မိခင်တို့ကိုတွေ့ရလိမ့်မည် ...။
မုဆိုးရာသီကုန်ခဲ့ပြီဆိုသော်လည်း မုဆိုးသီအိုရီကား ပန်းပန်ဆဲပါပေ ...။

အမေရိကန်မရိန်းတပ်က ဒုတပ်ကြပ် ဗစ်တာလူးဟာ အီရတ်စစ်မြေပြင်ကို ဒုတိယအကြိမ်ပြန်သွားရတော့မယ်။ မသွားခင် သူ့အမေဘေးမှာ စကားတွေဖောင်အောင်ပြောလို့ တမိသားစုလုံးပျော်လို့ရွှင်လို့၊ ဖခင်ကြီးကလည်းကြည်နူး ပီတိတွေနဲ့၊ အစ်မတွေညီမလေးတွေနဲ့လဲ စကားလက်ဆုံပြောမကုန်၊ မိသားစုတစုရဲ့ တကယ့်ကြည်နူးဖွယ်ရာ မြင်ကွင်းပါပဲ။

သားသမီးခြောက်ယောက်ထဲက စတုတ္ထမြောက်တဦးတည်းသောသားဖြစ်တဲ့ ဗစ်တာလူးဟာ စက်တင်ဘာ (၁၁) အရေးအခင်းကလှုပ်နှိုးခြင်းခံရပြီး စစ်ထဲရောက်လာခဲ့တယ်၊ ကျောင်းစာသင်ခန်းထဲတုန်းကတော့ တခြားကျောင်းသားတွေလိုပါပဲ။ စလိုက်၊ နောက်လိုက် အချင်းချင်းဂျောက်တွန်းလိုက်နေတတ်သူ။ အလုပ်ကိုမနားတမ်းလုပ်ပြီး ဖခင်တယောက်ရဲ့ တာဝန်တွေကို၊ ကျေပွန်စွာထမ်းခဲ့တဲ့အဖေဖြစ်သူက အသက် (၆၀) ထဲမှာ တကယ်တမ်းဆို အနားယူရတော့မယ့်အရွယ်ပါပဲ။

မိသားစုနဲ့အတူနေလို့မဝသေးခင်မှာပဲ ဗစ်တာလူးတို့မရိန်းတပ်ဖွဲ့လေးဟာ အီရတ်နိုင်ငံဆီ ဦးတည်ခဲ့ရပြန်ပြီ။ ဒါဟာ မိခင်တယောက်က သူ့သားငယ်ကိုနောက်ဆုံးတွေ့လိုက်ရခြင်းဖြစ်ပြီး ဗစ်တာလူးအတွက်ကတော့ ဒီခရီးဟာ ဒုတိယမွိနောက်ဆုံးအခေါက်ပါဘဲ။

စစ်ပွဲဆိုတာ သေမင်းနဲ့စိန်ပြေးတမ်းကစားရတာ။ သူသေမှ ကိုယ်ရှင်မယ်ဆိုတဲ့ အယူအဆဟာ စစ်ပွဲတိုင်းရဲ့ အခြေခံကျတဲ့ သီအိုရီပါ။ အသက်အန္တရာယ်ဟာ စက္ကန့်မလပ်ရောက်လာနိုင်တဲ့ စစ်မြေပြင်ကို စစ်ထွက်ကြရတဲ့သားငယ် သမီးငယ်များအတွက်၊ မိခင်ဖခင်တို့ရဲ့ စိုးရိမ်သောကဟာ ဘယ်လောက်ကြီးမားတယ်ဆိုတာ စာနာနိုင်ကြမှာပါ။ ဗစ်တာရဲ့မိဘနှစ်ပါး ဇူယောင်နဲ့ နုလူတို့ (၂) ဦးစလုံးဟာ တကယ်တော့ ဗီယက်နမ်နိုင်ငံသားတွေပါ။ ဗီယက်နမ်အမျိုးသားလွတ်မြောက်မှုစစ်ပွဲကြီးအတွင်းက ခါးသီးရင်နာဖွယ်ကောင်းတဲ့ စစ်ပွဲရဲ့အနိဋ္ဌာရုံ ပုံရိပ်တွေရင်ခွင်ထဲက ဆွဲထုတ်ခံခဲ့ရတဲ့ စစ်ပွဲအနိဋ္ဌာရုံတွေဟာ မှုန်ဝါးစပြုနေပြီလို့ဆိုရမှာပါ၊

ကမ္ဘာ့သမိုင်း၊ လူသားသမိုင်းသည် စစ်ပွဲများဖြင့်အတိပြီး၏။ ထို့ကြောင့် အချို့သော သမိုင်းပညာရှင်များက ကမ္ဘာ့သမိုင်းသည် စစ်ပွဲများ၏သမိုင်းဟု ပြောလေ့ရှိသည်။ ထို့ကြောင့်သမိုင်းသည်မိခင်နှင့် ချစ်သူတို့၏ မျက်ရည်များဖြင့်ဖုံးလွှမ်းနေ၏။

လွန်ခဲ့သော နှစ်ပေါင်း (၃၀) ကျော်ကာလ တိတိပပပြောရရင် ၁၉၇၅ ခုဧပြီလ၊ (၃၀) ရက်နေ့၊ ဆိုင်ဂုံမြို့ အမေရိကန်သံရုံးခေါင်မိုးပေါ်က နောက်ဆုံးအမေရိကန်စစ်ရဟတ်ယာဉ်တစီး၊ ပျံသန်းထွက်ခွာသွားခဲ့တဲ့မြင်ကွင်း၊ ရဟတ်ယာဉ်ဆင်းမဲ့ခေါင်မိုးပေါ်ရောက်ဖို့ သူ့ထက်ငါ အလုအယက်တိုးဝှေ့တက်နေကြတဲ့ ဗီယက်နမ်ပြည်သူတွေရဲ့ပုံရိပ်၊ ရဟတ်ယာဉ်အောက်ခြေထောက်တွေကို ဆွဲမိဆွဲရာတွယ်ဖက်ပြီးလိုက်ဖို့ အသဲအသန်ကြိုးစားခဲ့ကြပုံတွေဟာ နှစ်နိုင်ငံစလုံး ထိခိုက်ခံစားရမယ့် သမိုင်းဒဏ်ရာတွေပါ။ စစ်ပွဲအပြီးမှာတော့ အမေရိကန်စစ်သား ငါးသောင်းကျော် ဗီယက်နမ်ပြည်သူ တသန်းကျော်သေဆုံးခဲ့ရတယ်။ ထိခိုက်ဒဏ်ရာရသူတွေကလည်း သေဆုံးသူအရေအတွက်ထက် အများကြီးပိုနိုင်တယ်ဆိုတာ မှန်းဆကြည့်နိုင်ပါတယ်။

လူးစ်မိသားစုလို အမေရိကန်ပြည်သူအတော်များများကတော့ ဗီယက်နမ်စစ်မြေပြင်မှာ အမေရိကန်တို့ရဲ့ ရှက်ဖွယ်လိလိ ရှုံးနိမ့်ခဲ့ရတဲ့အဖြစ်ကို မေ့ပစ်ဖို့ကြိုးစားနေခဲ့ကြတာ နှစ်ပေါင်း အတော်ကြာပါပြီ။ အမေရိကန်စစ်တပ်နဲ့ နိုင်ငံရေးလောကမှာ ဩဇာတိက္ကမရှိသူတွေကိုလည်း ဒီစစ်ပွဲဟာ သူတို့နှစ်ဦးရင်တွင်းမှာ ထင်ရှားနေဆဲပါပဲ။ ၁၉၇၅ ခုနှစ် ကွန်မြူနစ်တွေ အာဏာရလာပြီးနောက်ပိုင်း ဗီယက်နမ်ပြည် သူ (၅) သိန်းကျော်ဟာ နိုင်ငံကိုစွန့်ခွာ ထွက်ပြေးခဲ့ကြတယ်။ ဗစ်တာရဲ့မိဘနှစ်ပါးတို့ဟာလည်း သမီးငယ် (၂) ယောက်နဲ့အတူ ဌာနေ ဆိုင်ဂုံမြို့တော်ကိုစွန့်ခွာပြီး ဗီယက်နမ်ဒုက္ခသည်အနေနဲ့ အမေရိကန်နိုင်ငံကို ရောက်ခဲ့ရတော့တယ်။ အရှေ့ပိုင်းလော့စ်အိန်ဂျလိစ်မှာ အခြေချခဲ့ကြပြီး နောက်ထပ် သားသမီးလေးဦး ထွန်းကားခဲ့တယ်။ ဗစ်တာကိုတော့ ၁၉၈၂ မှာ မွေးဖွားခဲ့တယ်။ အမေရိကားမှာ ဘဝသစ် တခုကိုတည်ဆောက်ရင်းနဲ့ အမိမြေရဲ့ဆိုးမွေတွေက ခြောက်လှန့်ခဲ့ကြတယ်။ အခုတခါ အမေရိကန်ဟာ အီရတ်သူပုန်တွေကိုတားဆီးနှိမ်နှင်းဖို့ လုံးပန်းရင်း၊ အငြင်းပွားဖွယ် စစ်ပွဲတပွဲအတွက် "အောင်မြင်စွာ ဆုတ်ခွာရေး အဂ္ဂဗျူဟာ"ကို ပုံဖော်ဖို့ကြိုးစားနေရပြန်ပြီ။ ဗီယက်နမ်နဲ့အီရတ်တို့ရဲ့ နိုင်ငံရေးနောက်ခံကားချပ်တွေဟာ ခွဲခြားလို့မရနိုင်ပါဘူး။ အကောင်အထည်မရှိတဲ့ ရန်သူ့သတင်းထောက်လှမ်းတဲ့နေရာမှာ ညံ့ဖျင်းမှု၊ အဂ္ဂဗျူဟာချမှတ်တဲ့နေရာမှာ အားနည်းမှုစတဲ့ တူညီမှုတွေကို လေ့လာသူတွေက ထောက်ပြနေကြပါတယ်။ အီရတ်မှာ ထိန်းမနိုင်သိမ်းမရဖြစ်နေမှုများဟာ တနေ့နေ့မှာ ၁၉၇၅ ခုနှစ် ဆိုင်ဂုံကအခြေအနေမျိုးလို အမေရိကန်ကို ဘဂ္ဂဒက်ကထွက်ခွာဖို့ တွန်းအားပေးခံရကောင်းခံရနိုင်တဲ့ စိုးရိမ်မှုတွေဖြစ်ကောင်းဖြစ်စေနိုင်ပါတယ်။

အခြားသော အမေရိကန်တွေအတွက်ကတော့ အမေရိကန်ဟာ အီရတ်မှာဆက်နေနေရတာဟာ ရေနံကြောင့်ဆိုတာ သမိုင်းကို ရဲရဲဝံ့ဝံ့ပြန်ကြည့်ရင်မြင်သာတဲ့အချက်ပါ။ ဗစ်တာလူးကဲ့သို့သော မိသားစုတွေအဖို့တော့ ဘဝတွေဟာ စစ်မုန်တိုင်းနှစ်ခုရဲ့မွှေ့ရမ်းခြင်းကို ခံခဲ့ရတယ်။ ဇူယောင်နဲ့ ဇနီးသည် နုတို့ဟာ ကိုလုန်းလို့ခေါ်တဲ့ ဆိုင်ဂုံမြို့မှာနေထိုင်ခဲ့ကြတယ်။ တရုတ်နွယ်ဖွားတွေဖြစ်ပြီး ဗီယက်နမ်စစ်ပွဲ အရှိန်မြင့်နေတဲ့ ကာလမှာတောင် အထိုက်အလျောက်နေထိုင်စားသောက်နိုင်ခဲ့ကြတယ်။ စစ်ကြီးနဲ့ဝေးရာမှာနေခဲ့သော်လည်း နောက်ဆုံးတော့ ဇူယောင်လူးလည်း ရှောင်လွှဲလို့မရခဲ့ပါဘူး။ စက်ပြင်ဆရာတစ်ယောက်ဖြစ်တဲ့ ဇူယောင်လူးဟာ စက်ပစ္စည်းများ ပြန်လည်ပြင်ဆင်ဖို့ရာ တောင်ဗီယက်နမ်စစ်တပ်ကဆင့်ခေါ်ပြီး ရှေ့တန်းစစ်မြေပြင်ကို ပို့လွှတ်ခြင်းခံခဲ့ရတယ်။ ရုံဖန်ရုံခါဆိုသလို ပြင်းထန်တဲ့တိုက်ပွဲကြီးတွေကို မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရတယ်။ ခင်ပွန်းသည်မရှိခိုက် ကျန်ရစ်သူဇနီးသည်ဟာဆိုင်ဂုံရဲ့ လမ်းကြိုလမ်းကြားမကျန် လှည့်လည်ရင်း စီးကရက်ရောင်းပြီး ရင်သွေးနှစ်ဦးရဲ့တာဝန်ကို ထမ်းခဲ့ရရှာတယ်။ အမေရိကန်ဟာ တောင်ဗီယက်နမ်ကို အလားအလာကောင်းတဲ့ အနေအထားမျိုးက တခုမှလုပ်မပေးဘဲ ထွက်သွားလိမ့်မယ်လို့ သူလုံးဝမတွေးခဲ့မိဘူး။ ဆိုင်ဂုံမှာရှိတဲ့ တရုတ်အမျိုးသားတွေလို သူလည်းကွန်မြူနစ်တွေ အာဏာရလာမှာကိုတော့ စိုးရိမ်ကြောက်လန့်ခဲ့တယ်။ သူတို့ဟာ အမိနိုင်ငံကို စွန့်ခွာထွက်သွားဖို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့ကြဘူး။ နောက်ပိုင်းမှာတော့ မြောက်ပိုင်းက ဗီယက်နမ်တွေဆိုင်ဂုံကို လှိမ့်ဝင်လာပြီး အမေရိကန်တပ်တွေဆုတ် ပေးခဲ့ရတယ်။ ဒီလိုနဲ့ အမေရိကန်နိုင်ငံကို သူတို့ရောက်လာခဲ့ပြီး လုံးဝကမ္ဘာသစ်တစ်ခုကို သူတို့တွေ့ခဲ့ရတယ်။ ကွန်မြူနစ်တွေရဲ့ အုပ်ချုပ်မှုအောက်ကလည်း လွတ်မြောက်ခဲ့တယ်။ ဗီယက်နမ်စစ်ကြီးဟာလည်း နောက်ကွယ်မှာ ဝေးလို့ဝေးလို့ ကျန်ခဲ့ပါတော့တယ်။

ဗစ်တာရဲ့မိဘတွေဟာ သူတို့ဖြတ်သန်းခဲ့ရတဲ့အတိတ်အကြောင်းတွေကို ပြောလေ့ပြောထမရှိတော့ ဗစ်တာအနေနဲ့ သိပ်သိပုံမရဘူး။ ရွှေ့ပြောင်းအခြေချတဲ့ ခလေးငယ်များအတွက် မတူကွဲပြားတဲ့ယဉ်ကျေးမှုအမွေဆက်ခံမှုတွေကြားမှာ ဝေခွဲရခက်တဲ့အနေအထားတွေနဲ့ ကြုံတွေ့ရတတ်ပါတယ်။ ဗစ်တာကတော့ သူ့ကိုယ်သူ အမေရိကန်လို့ပဲ မြင်ထားသူပါ။

အမေရိကန်စစ်တပ်ဟာ ပထမမျိုးဆက်ရွှေ့ပြောင်းအခြေချနေထိုင်သူ မိသားစုတွေဆီက တပ်သားသစ်တွ ဖောဖောသီသီရနေတယ်။ အထူးသဖြင့် ဗီယက်နမ်နွယ်ဖွား အမေရိကန်တွေဟာ မျိုးချစ်စိတ်ဓာတ်ပြင်းထန်တယ်။ သူတို့ကို အမေရိကန်နိုင်ငံတွင်းခေါ်သွင်းပြီး စစ်ပွဲမှာအမှုထမ်းခွင့်ပြုတာကိုပဲ ကျေးဇူးတင်နေကြတယ်။ ယနေ့ထိ အီရတ်စစ်မြေပြင်မှာ ဗီယက်နမ်နွယ်ဖွား အမေရိကန်စစ်သည် (၂၀၀) လောက်တာဝန်ထမ်းနေကြတယ်။ တနေ့ အီရတ်စစ်မြေပြင် ပြန်သွားရမှာကို ဗစ်တာသိနေပြီးသားပါ။ ဖခင်က အားပေးစကားပြောနိုင်ပေမယ့် မိခင်ဖြစ်သူကတော့ ရတက်မအေးနိုင်ရှာခဲ့ပါဘူး။ တဦးတည်းသောသားအပေါ်ထားတဲ့ မိခင်တယောက်ရဲ့မေတ္တာအတိုင်းအဆဟာ အနှိုင်းမဲ့ပါ။ မင်းခယောက်ျားတယောက်ဖြစ်နေလေတော့ အီရတ်စစ်မြေပြင်ကို ဒုတိယအကြိမ်ရောက်ခဲ့ရပြန်တယ်။ ဒီတခါမှာတော့ ခုခံမှုအပြင်းထန်ဆုံးဒေသဖြစ်တဲ့ ဖော်လူဂျာမြို့ပေါ်မှာတာဝန်ကျခဲ့တယ်။

တနေ့.... နံနက်စောစော.... ဗစ်တာလူးတို့တပ်စုလေးဟာ အကြမ်းဖက်သမားတွေ ခိုအောင်းနေတယ်လို့ ယူဆရတဲ့အိမ်တအိမ်ကို ရှင်းလင်းဖို့ တံခါးကဝင်ဝင်ခြင်းပဲ အတွင်းကအသင့်စောင့်နေတဲ့ သူပုန်တွေရဲ့ စတင်ပစ်ခတ်ခြင်းခံခဲ့ရတယ်။ တုန့်ပြန်ပစ်ခတ်ဖို့ မကြိုးစားနိုင်ခင်မှာပဲ ဗစ်တာလူးကို ကျည်သင့်ခဲ့တယ်။ တိုက်ပွဲကတော့ အနိုင်ရခဲ့ပါတယ်။ ပြင်းထန်တဲ့ဒဏ်ရာတွေနဲ့ မျော်လင့်ချက်မဲ့နေပြီဖြစ်တဲ့ဗစ်တာလူးကို သူ့ရဲဘော်တွေက သေမင်းနဲ့အပြိုင် လုယူဖို့ကြိုးစားခဲ့ကြပေမယ့် ဗစ်တာကတော့ သူချစ်တဲ့မိခင်၊ သူချစ်တဲ့ဖခင်၊ သူချစ်တဲ့ ညီမလေးတွေနဲ့ ဘယ်တော့မှ ပြန်မဆုံနိုင်တော့ပါဘူး။ ဒါဟာ အီရတ်မှာ တကယ်ဖြစ်ပျက်ခဲ့တဲ့ ဇာတ်လမ်းတပုဒ်ပါ။ သူ့အသက်ကိုလိုချင်ရင် ကိုယ့်အသက်နဲ့ရင်းရတယ်ဆိုတဲ့ မုဆိုးသီအိုရီဟာ (၂၁) ရာစုကမ္ဘာကြီးမှာ မရှိသင့်တော့ပါဘူး။

နောက်တနေ့ ....သူ့ရဲ့ရဲဘော်တွေက သစ်သားလက်ဝါးကပ်တိုင်လေးစိုက်၊ တိုင်ပေါ်မှာတော့ ဗစ်တာလူးရဲ့ စစ်ခမောက်လေးတင်၊ ပြီးတော့ လက်ဝါးကပ်တိုင်ပေါ်မှာ"ဗစ်တာလူးအမှတ်တရ" "ငြိမ်းချမ်းစွာအနားယူလော့"ဆိုတဲ့ စာတမ်းလေးရေးထိုးလိုက်ကြတယ်။

လွန်ခဲ့တဲ့ နှစ်ဆယ့်ငါးနှစ်တာကာလက အမေရိကန်နိုင်ငံအတွင်း ပြောင်းရွှေ့အခြေချခဲ့ခြင်းဟာ အီရတ်စစ်ပွဲမှာ သားငယ်အသက်ဆုံးရှုံးဖို့ရာ အကြောင်းဖန်လာခဲ့တယ်လို့ လူးစ်မိသားစုရင်ထဲမှာ ဥပါဒါန်ဖြစ်ခဲ့ရပြီ။

ဖခင်ဖြစ်သူက သူလုပ်ချင်ရာကိုလုပ်ခဲ့ပြီပဲ ဝမ်းနည်းစရာမဟုတ်ပါဘူး။ သားအတွက်ဂုဏ်ယူပါတယ်ဟု မည်သို့ပင်ဆိုငြားမိခင်ဖြစ်သူ၏ မျက်ရည်များကား တိုက်ဂရစ်မြစ်နှင့်အတူ စီးဆင်းနေဦးမည်သာ။

စစ်ပွဲဟူသည် မိခင်နှင့်ချစ်သူတို့၏ မျက်ရည်များဖြင့်တည်ဆောက်ထား၏။

စစ်ဖြစ်လျှင် မိခင်ပျောက်သောသားနှင့် သားပျောက်သော မိခင်တို့ကိုတွေ့ရလိမ့်မည်။

မုဆိုးရာသီ ကုန်ခဲ့ပြီဆိုသော်လည်း မုဆိုးသီအိုရီကား ပန်းပန်ဆဲပါပေ။

❖



ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ
NATIONAL COUNCIL OF THE UNION OF BURMA

### ချက်သမတဟောင်း ဗားကလက်ဟာဗဲလ်နှင့် ဒက်စ်မွန်တူးတူးတို့ ယူအဲန်လုံခြုံရေးကောင်စီသို့ အဆိုပြုတင်ပြသည့် စာတမ်းအပေါ် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ ထုတ်ပြန်ကြေညာချက်

၁။ မြန်မာနိုင်ငံတွင်လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးပြဿနာများနှင့် စပ်လျဉ်းပြီး၊ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ တိုက်ရိုက်အရေးယူဆောင်ရွက်ရန်အတွက်၊ လုံခြုံရေးကောင်စီ၏ လုပ်ပိုင်ခွင့်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များအပေါ် ကိုးကားပြီး၊ ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင်နှစ်ဦးဖြစ်သည့် ချက်စ်နိုင်ငံသမတဟောင်း ဘားကလက်ဟာဗဲလ်နှင့် တောင်အာဖရိကဘုန်းတော်ကြီး ဒက်စ်မွန်တူးတူးတို့၏ စာမျက်နှာ (၇၀) ပါ အဆိုပြုစာတမ်းကို မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှ အလေးအနက်ထောက်ခံကြိုဆိုပါသည်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီသည်၊ မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန်အတွက်၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ လမ်းညွှန်မှုပေးထားသည့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးနှင့်၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသားပေါင်းစုံ ပြည်သူတရပ်လုံး၏ ရင်တွင်းဆန္ဒမှန်ဖြစ်သည့် ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး၏ရလဒ် အကောင်အထည်ဖော်ရေးတို့ကို အဓိကမဟာဗျူဟာရည်မှန်းချက်များအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။

၃။ နိုဗယ်ဆုရှင်ခေါင်းဆောင်ကြီးနှစ်ဦး၏ အဆိုပြုတင်ပြထားချက်အရ၊ လုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတခု၏ “တရားဥပဒေစိုးမိုးရေးကို ခြိမ်းခြောက်လာပါက (သို့) ငြိမ်းချမ်းရေးကိုချိုးဖျက်လာပါက၊ ရန်လိုမှုဖြင့် ဆောင်ရွက်လာပါက” နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ကာကွယ်ထိမ်းသိမ်းရန်အလို့ငှာ ဝင်ရောက်စွက်ဖက် (သို့) ကြားဝင်ဆောင်ရွက်ခွင့်ရှိသည်ဟူသည့်အချက်သည် မြန်မာနိုင်ငံ၏လက်ရှိအခြေအနေများအပေါ် အတိအကျမီးမောင်းထိုးပြထားသည့်အချက်ဖြစ်ပေသည်။

၄။ ထို့ပြင် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် အရေးယူဆောင်ရွက်မှုပြုခဲ့ဖူးသည့် နိုင်ငံအချို့နှင့်ပတ်သက်သည့် အခြေခံအကြောင်းတရားများကို သတ်မှတ်ဖော်ပြထားချက်များအရ (၁) ဒီမိုကရေစီအရ တင်မြှောက်ထားသောအစိုးရအား ဖြုတ်ချခြင်း၊ (၂) အစိုးရနှင့် လက်နက်ကိုင်တော်လှန်ရေးအုပ်စုများအကြား၊ ပြဿနာများဖြစ်ပေါ်နေခြင်း၊ (၃) လူ့အခွင့်အရေးချိုးဖောက်မှုများ ကျယ်ပြန့်လာခြင်း၊ (၄) ဒုက္ခသည်များ အဆက်မပြတ်ပေါ်ပေါက်လာနေခြင်း၊ (၅) အခြားသော နယ်စပ်ဖြတ်ကျော်မှု ပြဿနာများ (ဥပမာ။ ။ မူးယစ်ဆေးဝါး) စသည့်အချက်များသည် ယနေ့ မြန်မာနိုင်ငံတွင် ပကတိဖြစ်ရှိနေသည့် အခြေအနေများနှင့် လုံးဝဆန့်ကျင်ကွဲလွဲမှုမရှိယုံမက ဤအချက်အားလုံး မြန်မာပြည်တွင် ကြီးကြီးမားမားတည်ရှိနေကြောင်း မိမိတို့ အမျိုးသားကောင်စီအနေဖြင့် အလေးအနက်ထောက်ခံတင်ပြလိုပေသည်။

၅။ သို့ဖြစ်၍ ကမ္ဘာ့ငြိမ်းချမ်းရေးခေါင်းဆောင်ကြီးနှစ်ဦး၏ အမျှော်အမြင်ကြီးစွာဖြင့် အကြံပြုတင်ပြထားချက်များအပေါ် အလေးအနက်ထားလျက် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများ၊ ဗီတိုအာဏာပိုင်နိုင်ငံကြီးများအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ မူလရည်မှန်းချက်ဖြစ်သည့် ယနေ့ကမ္ဘာကြီးတွင် စစ်မှန်သောငြိမ်းချမ်းရေးကို လက်တွေ့ဖော်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံမှ လူမျိုးစုံပြည်သူများ၏ဆန္ဒနှင့်အညီ လိုအပ်သည့်အရေးယူဆောင်ရွက်မှုကို အပြည့်အဝ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် ကျွန်ုပ်တို့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှ အလေးအနက်တိုက်တွန်းလိုက်ပါသည်။

နေ့စွဲ ။ ။ ၂၀၀၅– ခုနှစ်၊ စက်တင်ဘာလ(၂၄) ရက်။

# (၁၃) ကြိမ်မြောက် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ ဖွဲ့စည်းခြင်းအခမ်းအနားကျင်းပ ဒီမိုကရေစီ၊ ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ဆုံးခန်းတိုင် တိုက်ပွဲဝင်သွားမည်




ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ ဖွဲ့စည်းခြင်းအခမ်းအနား

ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီ ဖွဲ့စည်းထူထောင်ခြင်း (၁၃) နှစ်မြောက်အခမ်းအနားကို ထိုင်းမြန်မာနယ်စပ်၌ စက်တင်ဘာလ (၂၂) ရက်နေ့က ကျင်းပခဲ့သည်။ အခမ်းအနားသို့ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး ဂုဏ်ပြုသဝဏ်လွှာများပေးပို့ခဲ့ကြသည်။

အမျိုးသားကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး တာမလာဘောက “စစ်အာဏာရှင်ရဲ့ လက်အောက်မှာ သူခိုင်းတာလုပ်၊ သူကျွေးတာစား၊ မပြောနဲ့ဆိုတဲ့ ဖက်ဆစ်၊ အင်မတန်ရက်စက်တဲ့ ဖက်ဆစ်စနစ်ရဲ့အောက်မှာ ပြားပြားဝပ်နေရတဲ့ ငြိမ်းချမ်းရေးဟာ၊ ဒါ ငြိမ်းချမ်းရေးမဟုတ်ပါဘူး။ ကျနော်တို့အခုလိုချင်တဲ့ ဗမာပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာဝပြောရေး၊ စည်းလုံးညီညွတ်ရေး၊ ဒီဟာတွေကိုရဖို့ အဲန်စီယူဘီတပ်ပေါင်းစုကြီးအနေနဲ့ ရှေ့ဆောင်သွားဖို့လိုတယ်။ ဆက်လက်ပြီးတော့ မှန်ကန်တဲ့တရား၊ မှန်ကန်တဲ့ စစ်ပွဲကို ဆုပ်ကိုင်ပြီးတော့ ညီညီညွတ်ညွတ် ချီတက်သွားကြပါစို့”ဟု ပြောကြားသွားခဲ့သည်။

(၁၃) နှစ်မြောက်အမျိုးသားကောင်စီ ဖွဲ့စည်းတည်ထောင်ခြင်း ကြေညာချက်တွင် မြန်မာပြည်၏ အခြေအနေသည် အလွန်ဆိုးဝါးသည့်အဆင့်သို့ ရောက်ရှိနေပြီး လူမှုရေးအကြပ်ဆိုက်မှုကြီး (crisis) အဖြစ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဤအကြပ်ဆိုက်မှု၏ ပင်မအကြောင်းရင်းမှာ စစ်အာဏာရှင်ကြီးစိုးမှုကြောင့်ဖြစ်ကြောင်းဖော်ပြထားသည်။

ကြေညာချက်တွင် မြန်မာပြည်၏အခြေအနေများ ကောင်းမွန်လာစေရန်အတွက် ဘက် (၃) ဘက်တွေ့ဆုံဆွေးနွေးရေးကို အမြန်စတင်ရန် နအဖအား အလေးအနက်တောင်းဆိုလိုက်ပြီး၊ အဲန်စီယူဘီအနေနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်တည်ဆောက်ရေးအတွက် ဆုံးခန်းတိုင် တိုက်ပွဲဝင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လွတ်မြောက်နယ်မြေ (NLD-LA)၊ ပြည်ထောင်စုမြန်မာနိုင်ငံညွန့်ပေါင်းအစိုးရ (NCGUB)၊ မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် (DAB)၊ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) အဖွဲ့ (၄) ဖွဲ့ဖြင့် ၁၉၉၂ တွင် စုပေါင်းဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ❖



အမျိုးသားကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး တာမလာဘော စကားပြောကြားစဉ်

# နော်ဝေအစိုးရပြောင်းလဲသော်လည်း မြန်မာပြည်ဒီမိုကရေစီရေးအပေါ် သဘောထားမပြောင်းလဲ

အမျိုးသားညွန့်ပေါင်း အစိုးရဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းသည် နော်ဝေနိုင်ငံ အော်စလိုမြို့တွင် စက်တင်ဘာ (၁၃) ရက်နေ့က နော်ဝေလက်ထောက် နိုင်ငံခြားရေးဝန်ကြီး (Vider Helgese) နှင့် မြန်မာနိုင်ငံရေးအကျပ်အတည်းကို ဆွေးနွေးခဲ့သည်။ နော်ဝေတွင် ရွေးကောက်ပွဲအသစ်ပြုလုပ်ပြီး အစိုးရအပြောင်းအလဲဖြစ်သော်လည်း အစိုးရ၏ မြန်မာ့ဒီမိုကရေစီရေးအပေါ် ထောက်ခံမှုတစုံတရာပြောင်းလဲမှုမရှိကြောင်း ဝန်ကြီးက ဒေါက်တာစိန်ဝင်း အားပြောကြားသွားသည်။



မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်း အစိုးရဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်း

“ရွေးကောက်ပွဲက အရင်တရက်က (၁၃) ရက်နေ့ကရွေးကောက်ပွဲမှာ အသစ်အစိုးရတက်မယ့်အခြေအနေ ဖြစ်နေတာပေါ့။ ကျနော်တို့ကို အတွေ့ခံပြီးတော့ အဲဒီဝန်ကြီးကဘာပြောသလဲဆိုတော့ ငါတို့က ဗမာပြည်လို မဟုတ်ပါဘူး။ ရွေးကောက်ပွဲရဲ့ရလဒ်ကို တို့ကလေးစားမှာပါတဲ့ ဆိုပြီးတော့ နောက်ပြီး ပြောသွားတယ်။ ဒီအတိုင်းပဲဆက်ပြီး ပြောတာတော့ ကျနော်တို့ ဒီဗမာပြည်အပေါ်မှာ နော်ဝေထားတဲ့သဘောထားက ပြောင်းမှာမဟုတ်ပါဘူးတဲ့၊ ဒီအစိုးရသာပြောင်းသွားတယ်၊ ဒီမိုကရေစီရေးလှုပ်ရှားမှုကိုလည်း ဆက်လက်ပြီးတော့ကူညီမယ်။ ဗမာပြည်မှာ အဖြေရဖို့ကိုလည်းကြိုးပမ်းမယ်။ ဒီလိုပုံစံမျိုး ပြောသွားတယ်”ဟု ဒေါက်တာစိန်ဝင်းက ဒီဗွီဘီအားပြောသည်။

(၁၃) ရက်နေ့ကကျင်းပခဲ့သည့် နော်ဝေရွေးကောက်ပွဲတွင် လက်ရှိဝန်ကြီးချုပ် (Kjell Magne BondeviK) ၏ ပါတီကရှုံးနိမ့်သွားပြီး ယခင်ဝန်ကြီးချုပ်ဟောင်း (Stoltenberg) ၏ လေဘာပါတီက အနိုင်ရသွားသောကြောင့် အောက်တိုဘာလလယ်တွင် အာဏာလွှဲပြောင်းပွဲလုပ်မည်ဟုသိရသည်။

# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး တာမလာဘောဇ၏ လတ်တလောနိုင်ငံရေးဖြစ်ထွန်းမှုများနှင့် စပ်လျဉ်း၍ အမြင်သဘောထား (၂၇၊ ၉၊ ၂၀၀၇)



"လူမှုရေးနဲ့နိုင်ငံရေးတွေကို မရောမိဖို့လိုတယ်။ ခုဟာက တချို့က လူမှုရေးနဲ့ နိုင်ငံရေးတွေ ရောထွေးနေတယ်။ အဲဒါကို လိုက်ရင်း လိုက်ရင်းနဲ့ ကိုယ့်နိုင်ငံရေးအလုပ်က ပျောက်သွားတတ်တယ်။ သတိထားစေချင်တာပါ။ နိုင်ငံရေးပြဿနာတွေကို မဖြေရှင်းသေးပဲနဲ့၊ ဘာပြဿနာမှ ထိထိရောက်ရောက်ဖြေရှင်းနိုင်မှာ မဟုတ်ဘူး။"

# ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး အမျိုးသား ဒီမိုကရက်တစ်တပ်ပေါင်းစုဆက်လက်ကြိုးပမ်းလျက်ရှိ

၂၀၀၅ ခုနှစ် ဩဂုတ်လအတွင်းက တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) ကို ပြည်နယ်အခြေခံ (State Base) ဖြင့် ဖွဲ့စည်းရန်အဆိုပြုချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပွဲများကို အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုမှ ချင်းမိုင်နှင့် မဲဟောင်ဆောင်ဒေသများတွင် ပြုလုပ်ခဲ့သည်။ ရှင်းလင်းပွဲကို (NDF) ၏ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီး ခွန်ဥက္ကာမှ အဓိကဦးဆောင်၍ပြုလုပ်ခဲ့ရာ တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များက တက်ကြွစွာပါဝင်ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

ဗိုလ်မှူးကြီး ခွန်ဥက္ကာသည် ဩဂုတ် (၁၅) ရက်က အင်ဒိုနီးရှားနိုင်ငံ (Jogjakarta) မြို့တွင်ကျင်းပသော (South East Asia Committee for Advocacy SEACA ) ကွန်ဖရင့်သို့ (Burma Chapter) ၏ လူထုအခြေပြုအဖွဲ့အစည်းများ (CSO) ကိုယ်စား တက်ရောက်ခဲ့သလို ချင်းမိုင်တွင်ကျင်းပခဲ့သော (FCDDC) (မူကြမ်းရေးဆွဲရေးလုပ်ငန်းအဖွဲ့) အစည်းအဝေးသို့လည်း တက်ရောက်ပြီး အခြေခံဥပဒေမူကြမ်းကို ပါဝင်ရေးဆွဲခဲ့သည်ဟု သိရှိရသည်။

၁၉၇၄ ခုနှစ်ကတည်းက တိုင်းရင်းသားအဖွဲ့ (၉) ဖွဲ့ဖြင့်စတင်ဖွဲ့စည်းခဲ့သော အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ) သည် တိုင်းရင်းသားအားလုံးတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးရည်ရွယ်ချက်ဖြင့် ယခုချိန်ထိ ကြိုးပမ်းတိုက်ပွဲဝင်လျက်ရှိသည်။ ❖

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်ခြင်း (၁၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား လွတ်မြောက်နယ်မြေတွင် ကျင်းပ




အဲန်အယ်ဒီအဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်ခြင်း (၁၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား

ထိုင်းနိုင်ငံအခြေစိုက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) က (၁၇) နှစ်မြောက် အဖွဲ့ချုပ်နှစ်ပတ်လည် အခမ်းအနားကို စက်တင်ဘာ (၂၇) ရက်နေ့က ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ဒီမိုကရေစီအဖွဲ့အစည်းအသီးသီးနှင့် တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ (၁၀၀) ကျော် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဆိပ်ကမ်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းက "အဲန်အယ်လ်ဒီကိုလည်း ပံ့ပိုးပါ။ အဲန်အယ်လ်ဒီကို ဝိုင်းရံပါ။ နောက်ကျမတို့ အဲန်အယ်လ်ဒီရဲ့သဘောထားကလည်း ပြည်သူ့ဆန္ဒတွေ၊ ပြည်သူလူထု စားဝတ်နေရေးကျပ်တည်းတာတွေ၊ နောက် ပြည်သူလူထုရဲ့အကျိုးကို ဆောင်ရွက်ဖို့ဆိုတာအတွက်ပဲ ကျမတို့ အဲန်အယ်လ်ဒီကို ဖော်ဆောင်လာတာဖြစ်တဲ့အတွက် ဒီဦးတည်ချက်အရ ပြည်သူ့ဆန္ဒ ဦးထိပ်ပန်ဆင်တဲ့အရပဲ ပြည်သူကပဲ ကျမတို့ဆန္ဒမဲပေးထားတဲ့အတွက် ကောင်းအောင် အများကြီး ကြိုးစားပြီးလုပ်မှာပါ"ဟု ပြောကြားသည်။

ကရင်အမျိုးသားအစည်းအရုံး ကေအဲန်ယူ၏ အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာလားဖန်းက "အဲန်အယ်လ်ဒီက ပြည်သူရဲ့အကျိုးစီးပွားကို ဦးထိပ်ပန်နေတယ်။ သူ့ရဲ့အခြေခံမူတွေပေါ်မှာပဲ ခိုင်ခိုင်မာမာ ဆက်လက်ရပ်တည်နေတာဖြစ်တယ်။ နောက်ပြီးတော့ သူတို့ရဲ့ လက်ရှိကြိုးပမ်းမှုကလည်း မဟာမိတ်အင်အားစုအသီးသီးနဲ့ ပူးပေါင်းဆောင်ရွက်နေတာ ဖြစ်တယ်။ ဒါကြောင့်မို့လို့ ပြည်သူတရပ်လုံး အဲန်အယ်လ်ဒီကိုဆက်လက်ပြီးတော့ ထောက်ခံဖို့လိုတယ်။ အဲန်အယ်လ်ဒီရဲ့ဦးဆောင်မှုအောက်မှာ ဆက်လက်ပြီးတော့ တိုက်ပွဲဝင်ဖို့လိုတယ်လို့ ကျနော်ပြောချင်တယ်" ဟု ပြောကြားသည်။

(၁၇) နှစ်မြောက်အခမ်းအနား ကြေညာချက်တွင် ဒီပဲယင်းသတ်ဖြတ်မှုကို ကျူးလွန်ခဲ့သော ခေါင်းမာသော ခြေတက်စစ်ဗိုလ်ချုပ်များအား တောင်းဆိုခြင်း၊ မေတ္တာရပ်ခံခြင်းဖြင့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးကိုမျှော်မှန်းနိုင်မည်မဟုတ်။ ဘက်ပေါင်းစုံမှ တိုက်ပွဲဝင်မှသာ အောင်ပွဲရနိုင်မည်ဖြစ်၍ ပြည်တွင်းပြည်ပရှိ မြန်မာနိုင်ငံသားအားလုံး ဘက်ပေါင်းစုံမှတိုက်ပွဲဝင်ကြရန် တပ်လှန့်လိုက်သည်ဟု ဖော်ပြထားသည်။

အဖွဲ့ချုပ်နှစ်ပတ်လည်အခမ်းအနားများကို အဖွဲ့ချုပ်လွတ်မြောက်နယ်မြေ အိန္ဒိယနိုင်ငံ၊ အမေရိကန်နိုင်ငံ မေရီလန်းပြည်နယ် ရောဗယ်လီမြို့နှင့် အဖွဲ့ချုပ်လွတ်မြောက်နယ်မြေ နော်ဝေဒွာနခွဲတို့တွင်လည်း ကျင်းပခဲ့ကြောင်းသိရသည်။ ❖



(၁၇) နှစ်မြောက်နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်လာကြသူများ

# မြန်မာ့အရေးလုံခြုံရေးကောင်စီတင်ရန် အမေရိကန်ဆီးနိတ်လွှတ်တော်အမတ်တောင်းဆို

မြန်မာ့ဒီမိုကရေစီအရေးကို အစဉ်တစိုက်ကြိုးပမ်းခဲ့သူ အမေရိကန်အထက်လွှတ်တော် အမတ်မစ္စတာမစ်ချ်မက်ကောနယ် က မြန်မာနိုင်ငံဆိုင်ရာတိုက်တွန်းချက်တရပ်ကို ဩဂုတ်လ (၈) ရက်နေ့က အမေရိကန်လွှတ်တော်မှတ်တမ်းစာအုပ်တွင်ရေးသွင်းပြီး ကြေညာချက်အဖြစ် ထုတ်ပြန်လိုက်သည်။

သူ၏မှတ်တမ်းတွင် မြန်မာပြည်လွတ်မြောက်မှုကို စဉ်ဆက်မပြတ် ဆောင်ရွက်နေသည့် အမေရိကန်လွှတ်တော်အမတ်များအနေနှင့် မြန်မာလူထုနှင့်အာရှဒေသတခွင်လုံးကို အန္တရာယ်ပြုနေသည့် မြန်မာပြည်ရဲ့အခြေအနေကို ဆွေးနွေးအဖြေရှာရန် ကုလသမဂ္ဂကို ထပ်ခါတလဲလဲတောင်းဆိုခဲ့ကြောင်း၊ မစ္စတာဟာဗဲလ်နှင့် ဘုန်းတော်ကြီးဒက်စ်မွန်တူးတူးတို့၏ အစီရင်ခံစာက မိမိတို့လှုပ်ရှားမှုကို ပိုမိုအရှိန်ကောင်းလာစေခဲ့ကြောင်း၊ အမေရိကန်နိုင်ငံခြား ရေးဝန်ကြီးကွန်ဒိုလီဇာရိုက်စ်၊ အမေရိကန်အစိုးရ၏ ကုလသမဂ္ဂဆိုင်ရာသံအမတ်ဘော်လတန်၊ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲတို့အား မြန်မာပြည်အရေးကို ဦးစားပေးဆောင်ရွက်ပါရန် တိုက်တွန်းပါကြောင်း ဖော်ပြထားသည်။

အဝေးရောက်ညွန့်ပေါင်းအစိုးရ ကုလသမဂ္ဂဆိုင်ရာ ကိုယ်စားလှယ်ဒေါက်တာသောင်းထွန်းက "မစ်ချ်မက်ကောနယ်တို့လိုဩဇာတိက္ကမကြီးတဲ့ ဒီအမေရိကန်ဆီးနိတ်လွှတ်တော်အမတ်တယောက်အနေနဲ့ ဒီလိုမျိုးထုတ်ပြန်ကြေညာချက်ထုတ်လိုက်တာဟာ ကျနော်တို့ ကုလသမဂ္ဂမှာ ဗမာနိုင်ငံကိစ္စကို လုံခြုံရေးကောင်စီမှာ ဆွေးနွေးခွင့်ရဖို့အတွက် ကြိုးပမ်းတဲ့ကြိုးပမ်းမှုမှာ အများကြီးအထောက်အကူဖြစ်ပါတယ်။ အမေရိကန်အစိုးရအနေနဲ့လည်း ဒီကိစ္စကို အင်တိုက်အားတိုက်လုံးပမ်းနေတာတွေ့ရပါတယ်။ ဒါကိုလည်း ကျနော်တို့အနေနဲ့ ကြိုဆိုပါတယ်" ပြောသည်။

လန်ဒန်မြို့မှ မြန်မာ့အရေးလှုပ်ရှားသူ ဒေါက်တာဝင်းနိုင်က "မစ္စတာမက်ကောနယ်က အခုလိုလုပ်ပေးတဲ့ဟာ အင်မတန်လူသားဆန်စွာနဲ့ မြန်မာပြည်သူပြည်သားတွေ ဘယ်လောက်ခံစားနေရလဲဆိုတာ သူကိုယ်တိုင်ခံစားပြီးလုပ်နေတာဆိုတာ ကျနော်တို့သိပါတယ်။ အဲဒီအတွက်လည်းကျနော်တို့ အင်မတန်ကျေးဇူးတင်ပါတယ်။ လာမယ့် ယူအဲန်ဒေးပေ့ဗျာ။

ကုလသမဂ္ဂကနေ ကျနော်တို့ (၂၄) ရက်နေ့ မှာ (signature campaign) ဆိုတာ လုပ်နေပါတယ်။ အင်္ဂလန်မှာရှိတဲ့ ပြည်သူ့လွှတ်တော်အမတ်တွေကနေပြီးတော့ လွှတ်တော်မှာ မြန်မာပြည်ရေးဟာ အင်မတန်အရေးကြီးနေပါတယ်။ အဲဒီတော့ ဗြိတိသျှအစိုးရအနေနဲ့ ခုအချိန်မှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အမြန်ဆုံးတင်လို့ရအောင်လုပ်ပေးပါလို့ (signature campaign) တွေ လုပ်နေပါတယ်။

ကုလသမဂ္ဂနေ့ (၂၄) ရက်နေ့ မှာ သောင်းနဲ့ချီတဲ့ (signature campaign) တွေယူပြီးတော့ နိုင်ငံခြားရေးဝန်ကြီးကို သွားပြီးတော့ပေးပြီးတော့ အဲဒီကတဆင့် ကုလသမဂ္ဂရဲ့ လုံခြုံရေးကောင်စီကို တွန်းအားပေးအောင်ကျနော်တို့လုပ်ပေးမှာပါ။ အဲဒီအတွက် ကျနော်တို့ အများကြီးစည်းရုံးနေပါတယ်"ဟု ဘီဘီစီအားပြောဆိုသွားခဲ့သည်။

အမေရိကန်အထက်လွှတ်တော် အမတ် မစ္စတာမစ်ချ်မက်ကောနယ်၏ ဧပြီလ (၂၃)ရက်နေ့ထုတ်ပြန်ချက်တွင် မြန်မာပြည်သည် အီရတ်၊ မြောက်ကိုးရီးယားနိုင်ငံများကဲ့သို့ပင် မိစ္ဆာနိုင်ငံစာရင်းတွင်ပါဝင်နေပြီး ကုလသမဂ္ဂ၏ ကြိုးပမ်းဖြန်ဖြေမှုများကို ဥပက္ခာပြုထားကြောင်း ဖော်ပြထားသည်။ ❖

# မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ်၏ စည်းရုံးရေးခရီးစဉ်



မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ်၏ စည်းရုံးရေးခရီးစဉ်

မြန်မာပြည် ဒီမိုကရက်တစ်မဟာမိတ် အဖွဲ့ချုပ် (Democratic Alliance of Burma) သည် ပြည်တွင်းစည်းရုံးရေးလုပ်ငန်းများကို ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ လုပ်ငန်းစဉ်များနှင့် ပူးတွဲအကောင်အထည်ဖော်လျက်ရှိရာ ဩဂုတ်လနှင့် စက်တင်ဘာလအတွင်းက ကရင်အမျိုးသားအစည်းအရုံး၊ ဒူးပလာခရိုင်နယ်မြေအတွင်းသို့ ပြည်တွင်းစည်းရုံးရေးလုပ်ငန်းအဖွဲ့တဖွဲ့ကို စေလွှတ်ခဲ့ကြောင်း သိရသည်။

အဖွဲ့၏ ခရီးစဉ်တလျှောက် ရွာများတွင် အနာဂတ်ဖယ်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံဆိုင်ရာ အခြေခံမူ (၈) ချက်အား ပြည်သူလူထုသို့ရှင်းလင်းတင်ပြခဲ့ရာ ပြည်သူလူထုမှလည်း တက်တက်ကြွကြွ ပါဝင်ဆွေးနွေးခဲ့ကြသည်။

မြန်မာပြည် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် (DAB) သည် လားဟူ (ရွှေတြိဂံဒေသ)၊ ရှမ်းပြည်အလယ်ပိုင်းဒေသတို့တွင်လည်း အမျိုးသားကောင်စီ၏ ဖယ်ဒရယ်ပြည်ထောင်စုဖွဲ့စည်းခြင်းဆိုင်ရာ အခြေခံမူ (၈) ချက်နှင့် (မဒမခ) ၏ စည်းရုံးရေးမူဝါဒများကို ရှင်းပြခြင်း၊ ပြည်သူလူထု၏ သဘောထားအမြင်များ ကိုကောက်ခံခြင်း စသည်တို့ကိုပါ လုပ်ဆောင်သွားရန် ရည်ရွယ်ချက်ရှိကြောင်းသိရသည်။

❖

# ဒေါ်အောင်ဆန်းစုကြည် အကျဉ်းကျကာလ (၁၀) နှစ်ပြည့်နေ့၊ ကုလသမဂ္ဂ နှစ် (၆၀) ပြည့်နေ့၊ မြန်မာပြည်အရေးအတွက် ကမ္ဘာတဝှမ်းကုလသမဂ္ဂရုံးများရှေ့ ငြိမ်းချမ်းစွာဆန္ဒပြကြမည်




အမေရိကန်အခြေစိုက် (US Campaign for Burma) အဖွဲ့က မြန်မာပြည်အရေးအတွက် အရေးကြီးသောလှုံ့ဆော်ချက်တရပ်ကို အောက်တိုဘာ (၅) ရက်နေ့က ထုတ်ပြန်ခဲ့သည်။ ကြေညာချက်တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်မှ မြန်မာ့အရေး လုံခြုံရေးကောင်စီတင်ရန် အမြန်ဆုံးပြောကြားပါဆိုသည့် အဓိပ္ပါယ်သက်ရောက်သည့်စာ ပေးပို့ရန် လှုံ့ဆော်လိုက်သည်။ စာကို ပူးတွဲရေးသားဖော်ပြထားပြီး မိတ္တူထပ်ပွား၍ ဆိုင်းထိုးကာ မိမိနှင့်လက် လှမ်းမှီသမျှအသိုင်းအဝိုင်းကြားတွင် ဝေငှရန်၊ အောက်တိုဘာ (၂၄) ရက်တွင် ကမ္ဘာအရပ်ရပ်ရှိ ကုလသမဂ္ဂရုံးများရှေ့တွင် ငြိမ်းချမ်းစွာ ဆန္ဒပြကြရန်လှုံ့ဆော်ထားသည်။ (US Campaign for Burma) မှ မူဝါဒရေးရာဒါရိုက်တာ ကိုအောင်ဒင်က “လာမည့်အောက်တိုဘာ (၂၄) ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်၊ အကျဉ်းကျတဲ့ကာလကို ၁၉၈၉ ခုနှစ်ကစပြီး ရေတွက်မယ်ဆိုလို့ရှိရင် သူ့ရဲ့ စုစုပေါင်းအကျဉ်းကျတဲ့ကာလက (၁၀) နှစ် ပြည့်မယ်။ နောက်တခါ အောက်တိုဘာ (၂၄) ရက်က ကုလသမဂ္ဂရဲ့ နှစ် (၆၀) ပြည့် မွေးနေ့လည်းဖြစ်တယ်။ တခါ သမတကြီးဟာဗဲလ်နဲ့ ဘုန်းတော်ကြီးတူးတူးတို့ရဲ့ အကြံပြုချက်ဖြစ်တဲ့ မြန်မာနိုင်ငံကို လုံခြုံရေးကောင်စီမှာ တရားဝင်ဆွေးနွေးပြီးတော့ ပြဿနာအဖြေရှာရေးဆိုတဲ့အကြံပြုချက်ကလည်း အရမ်းကို နိုင်ငံတကာမှာလွှမ်းမိုးနေတယ်လေ။ အထွေထွေအတွင်းရေးမှူးချုပ်ကိုယ်၌ကိုက မြန်မာနိုင်ငံအရေးကိစ္စဟာ ကုလသမဂ္ဂလုံခြုံရေးကောင်စီကဖြေရှင်းဖို့တာဝန်ရှိတယ်။ အချိန်ကျနေပြီသူ့အနေနဲ့ အထွေထွေညီလာခံကနေသူ့ ကိုပေးတဲ့ (mandate) နဲ့ဖြေရှင်းခဲ့တာ (၁၄) နှစ်ကြာ မအောင်မြင်မှုတွေဖြစ်ခဲ့တယ်။ ဒါကြောင့်မို့ ခုချိန်မှာတော့ လုံခြုံရေးကောင်စီက ဝင်ရောက်စွက်ဖက်သင့်တာကို သူကိုယ်၌က တခဲနက်ဝင်ရောက်ထောက်ခံမယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံပြဿနာကို လုံခြုံရေးကောင်စီရောက်ရေးကိစ္စ ပိုပြီးတော့ အလားအလာ ကောင်းနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျနော်တို့က ကမ္ဘာ့ ပြည်သူတွေကို စည်းရုံးလှုံ့ဆော်တယ်။ ” ဟု ဘီဘီစီသို့ ပြောကြားသွားခဲ့သည်။

❖

# စစ်အုပ်စုက ပြည်သူ့အာဏာကို လုယက်ယူသွားခဲ့သော (၁၇) နှစ်ပြည့် ဗမာပြည်အမှောင်လွှမ်းခဲ့ရသောနေ့ အဲန်စီယူဘီအတွင်းရေးမှူးအဖွဲ့ဝင် ဖဒိုမန်းရှာလားဖန်း၏ပြောစကား

(စက်တင်ဘာလ (၁၈) ရက်နေ့ဟာ မြန်မာနိုင်ငံမှာ စစ်တပ်က အာဏာသိမ်းခဲ့တဲ့ (၁၇) နှစ်မြောက်နေ့ ဖြစ်ပါတယ်။ စစ်တပ်က အာဏာသိမ်းခဲ့တာ (၁၉၆၂) ကဖြစ်ပြီး စစ်အုပ်ချုပ်မှု၊ စစ်တပ်ကြီးစိုးမှုဟာ တခြားတိုင်းပြည်တွေထက်စာရင်ပိုပြီးတော့ ရှည်ကြာခဲ့ပါတယ်။ ဒီအတွက် တိုင်းရင်းသားလူမျိုးစုတွေနဲ့ ပြည်သူတရပ်လုံးဟာ ထိခိုက်နစ်နာမှုတွေဖြစ်ခဲ့ရပါတယ်။ ဗမာပြည်မှာ စစ်တပ်က အာဏာသိမ်းခဲ့တဲ့ (၁၇) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဗွီအိုအေမြန်မာပိုင်းဌာနရဲ့ ထိုင်းအခြေစိုက် သတင်းထောက် ဒေါ်အေးအေးမာက အဲန်စီယူဘီရဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဖဒိုမန်းရှာကို တွေ့ဆုံမေးမြန်းထားချက်များကို ဖော်ပြလိုက်ပါတယ်။)

နိုင်ငံရေးအရ တင်းမာတာတွေ၊ စီးပွားရေးအကြပ်ဆိုက်မှုကြီးတွေ၊ လူမှုရေးအကြပ်ဆိုက်မှုကြီးတွေဟာ လုံးဝမဖြစ်သင့် မဖြစ်ထိုက်တဲ့ ကိစ္စတွေဖြစ်တယ်။ အဲ့လို ဖြစ်လာတဲ့ကိစ္စတွေအားလုံးဟာ နအဖဘက်ကနေပြီးတော့ ကတိမတည်လို့ဖြစ်တယ်လို့ ကျနော်အဲ့လိုပြောချင်တယ်။ တကယ်လို့သာ ပေးထားတဲ့ကတိအတိုင်း ဖြစ်လာမယ်ဆိုလိုရှိရင် ကနေ့ဆိုရင် ဗမာပြည်ရဲ့အခြေအနေဟာ တော်တော်လေးကောင်းသွားပြီး အင်မတန်မှ အေးချမ်းတည်ငြိမ်တဲ့ အနေအထားတခုဖြစ်လာပြီဆိုတာ သေချာတယ်။ ဒါကြောင့်မို့လို့ဒီ (၁၇) နှစ်တာကာလအတွင်းမှာဆိုရင် အင်မတန်မှ ဒီအချိန်ကို သိပ်ပြီးတော့နှမြောဖို့ကောင်းတယ်လို့ ကျနော်တို့က အဲ့လိုပဲမြင်ပါတယ်။

ဒါကြောင့်မို့လို့ ဒီစစ်အာဏာရှင်စနစ်ကို ဖျက်သိမ်းဖို့သင့်ပြီလို့ ကျနော်တို့ အဲ့သလိုယူဆတယ်။ အဲ့ဒီလိုဖျက်သိမ်းတဲ့အခါမှာလည်း အကောင်းဆုံးကတော့ တွေ့ဆုံဆွေးနွေးပြီးတော့ ပြဿနာကိုဖြေရှင်းတဲ့နည်းဟာ အကောင်းဆုံးနည်းပဲ။ ဒါကြောင့်မို့လို့ အဲ့ဒီလိုလုပ်ဖို့လိုလိမ့်မယ်လို့ ကျနော်တို့ကတော့ အဲ့ဒီလိုယူဆတယ်။ တိုင်းပြည်ရဲ့အခြေအနေဟာ အင်မတန်မှ ဆိုးဝါးတဲ့အခြေအနေကိုရောက်လာပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ တိုင်းပြည်ကောင်းစေရန် အာဏာလက်ကိုင်ထားတဲ့သူအပေါ်မှာလည်း မူတည်ပါတယ်။ နောက်တိုင်းရင်းသားလူမျိုးများအားလုံးနဲ့ ပြည်သူတရပ်လုံးအပေါ်မှာလည်း တည်ပါတယ်။ အထူးသဖြင့် တိုင်းရင်းသားလူမျိုး များအားလုံးနဲ့ ပြည်သူတရပ်လုံးဟာ တိုင်းပြည်တပြည်ရဲ့ အခြေခံအုတ်မြစ်တွေဖြစ်တယ်။ အဲ့လိုဖြစ်တော့ သူတို့နဲ့ကိုက်ညီတဲ့ လူမှုစနစ်၊ သူတို့နဲ့ကိုက်ညီတဲ့ အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာဖို့အတွက် သူတို့ကိုယ်တိုင် အပြင်းအထန်ကြိုးစားရမှာပဲ။ ဒါကြောင့်မို့ ဒီနေ့ကာလမှာ အဲ့ဒါကို လုပ်ရမည့်အချိန်ပဲလို့ ကျနော် အဲ့သလိုပဲပြောချင်တယ်။

❖

# အဲန်စီယူဘီအမျိုးသားကောင်စီကိုယ်စားလှယ်အဖွဲ့၏ အနောက်ဖက်ဒေသခရီးစဉ်

စက်တင်ဘာ (၁၁) ရက်နေ့က ဦးမြင့်သိန်း၊ ဦးသိန်းဦး၊ စောဒေးဗစ်ထောတို့ (၃) ဦးပါဝင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ ကိုယ်စားလှယ်အဖွဲ့သည် အနောက်ဖက်ဒေသ ခေါင်းဆောင်ကိုယ်စားလှယ်များနှင့်တွေ့ဆုံရန် ဘန်ကောက်မြို့မှ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့သို့ ထွက်ခွာခဲ့ကြသည်။

နယူးဒေလီတွင် စက်တင်ဘာ (၁၆) ရက်အထိ နေထိုင်ပြီး အနောက်ဖက်ခေါင်းဆောင်ကိုယ်စားလှယ်များ၊ အဲန်အယ်လ်ဒီ လွတ်မြောက်နယ်မြေ အနောက်ပိုင်းကော်မတီဝင်များနှင့် အမျိုးသားကောင်စီ အနောက်ဖက်ဒေသကော်မတီကို ပြင်ဆင်ဖွဲ့စည်းရန်ကိစ္စ၊ တိုင်းရင်းသားရေးရာ ကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးပြင်ဆင်လုပ်ဆောင်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေများကို ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

(၁၅) ရက်နေ့ခင်းပိုင်းတွင် ဒေါက်တာတင့်ဆွေ၊ စောဒေးဗစ်ထော၊ ဦးလှဦး၊ ဗိုလ်မှူးကြီးခိုင်မျိုးမင်းတို့ စည်းရုံးရေးခရီးစဉ်တခုသွားရောက်ခဲ့ကြပြီး ညနေပိုင်းတွင် အာဆီယံအဖွဲ့နှင့် တနာရီခန့်တွေ့ဆုံဆွေးအတွင်း ဘီဂျေပီပါတီဌာနချုပ်ရုံးသို့ သွားရောက်၍ ပါတီခေါင်းဆောင်များနှင့် အိန္ဒိယနိုင်ငံရှိ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ များအနေဖြင့် မြန်မာနိုင်ငံဒီမိုကရေစီရရှိရေး၊ စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုသစ်ဖော်ဆောင်ရေးကိစ္စများတွင် အပြည့်အဝပူးပေါင်းဆောင်ရွက်နိုင်ရေးဆွေးနွေးခဲ့ကြသည်။

မဏိပူရ်သတင်းဌာနသို့သွားရောက်၍ ကိုစိုးမြင့်၊ မသင်းသင်းအောင်တို့နှင့် တွေ့ဆုံပြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ သဘောထားရပ်တည်ချက်များ၊ ဘီစီအိုင်နှင့်ပတ်သက်သည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှုများလည်း ပြုလုပ်ခဲ့ကြောင်းသိရသည်။

❖



အဲန်စီယူဘီကိုယ်စားလှယ်အဖွဲ့အား အနောက်ဖက်ခရီးစဉ်တခုတွင် မြင်ရစဉ်

# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီယူဘီ) ပြောခွင့်ရပုဂ္ဂိုလ် ဦးမြင့်သိန်း၏ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကင်တတ်သီဆူဖန်မုန်ခွန်း၏ ခရီးစဉ်အပေါ် သုံးသပ်ချက်

ယခုလအစောပိုင်းက ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကင်တတ်သီဆူဖန်မုန်ခွန်းဟာ မြန်မာနိုင်ငံကို (၂) ရက်ကြာ အလည်အပတ်သွားရောက်ခဲ့ပါတယ်။ ဒီခရီးစဉ်မှာ နအဖ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တွေ့ဆုံခဲ့ရာ ထူးခြားတာက မြန်မာအစိုးရက ဒီမိုကရေစီရရှိဖို့ လမ်းပြမြေပုံအတိုင်းဆောင်ရွက်ရန် စိတ်ပိုင်းဖြတ်ထားတယ်လို့ ဗိုလ်ချုပ်မှူးကြီးက ကတိပေးခဲ့တာဖြစ်ပါတယ်။ အမျိုးသားညီလာခံကို နိုဝင်ဘာ၊ ဒီဇင်ဘာလောက်မှာ ပြန်လည်ကျင်းပမယ်၊ လူထုဆန္ဒခံယူပွဲကျင်းပပြီး ရွေးကောက်ပွဲကျင်းပပေးမှာဖြစ်တယ်၊ မြန်မာအစိုးရက ဒီမိုကရေစီရရှိဖို့ လမ်းပြမြေပုံအတိုင်းဆောင်ရွက်ရန် စိတ်ပိုင်းဖြတ်ထားတယ်လို့ နအဖဗိုလ်ချုပ်မှူးကြီးက ပြောသွားပါတယ်။

(NCUB) ခေါ် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီအဖွဲ့ရဲ့ ပြောခွင့်ရပုဂ္ဂိုလ် ဦးမြင့်သိန်းရဲ့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးခရီးစဉ်အပေါ် သုံးသပ်ချက်ကိုဖော်ပြလိုက်ပါတယ်။

စက်တင်ဘာလ (၄) ရက်နေ့ ဗွီအိုအေ မြန်မာပိုင်းအစီအစဉ်မှ ဦးအောင်လှက မေးမြန်းခဲ့တာကို ပြန်လည်ဖော်ပြပေးခြင်းပဲဖြစ်ပါတယ်။

***ဦးမြင့်သိန်း။*** ။ ကျနော်တို့မြင်တာက မြန်မာနိုင်ငံအတွက်ကော ထိုင်းနိုင်ငံအတွက်ပါ အားလုံးကောင်းဖို့ဆိုတဲ့ အခြေခံရည်ရွယ်ချက်တွေအပေါ်မှာ အခြေပြုပြီးတော့ မြန်မာနိုင်ငံကို တကယ်ပဲ အဲ့ဒီမှာရှိတဲ့ အခြေအနေတွေကို လေ့လာတယ်။ လိုအပ်နေတဲ့ အကောင်းဆုံးဒေသဆိုင်ရာ တည်ငြိမ်ရေးနဲ့ တကယ့်ကိုပေါ့နော်။ ငြိမ်းချမ်းသာယာတဲ့အခြေအနေတွေကိုဖြစ်ဖို့အတွက် လိုလားချက်တွေကို အကောင်အထည်ဖော်နိုင်မယ့် အခြေခံအချက်တချို့ကို ရနိုင်လိမ့်မယ်လို့၊ ဒါမျှော်လင့်ပြီးတော့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးက သူ့အနေနဲ့လည်း အသစ်ဖြစ်တဲ့အခါကျတော့ သူအဲ့ဒီမှာသွားပြီးတော့ လေ့လာဖို့သွားတယ်လို့ပဲ ကျနော်တို့သုံးသပ်ပါတယ်။

*မြန်မာခေါင်းဆောင်တွေနဲ့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံရာမှာ မြန်မာအမျိုးသားညီလာခံကျင်းပရေးနဲ့ ပတ်သက်ပြီး ပြောရတဲ့အကြောင်းရင်းကို ဦးမြင့်သိန်းက ဒီလိုရှုမြင်ပါတယ်။*

***ဦးမြင့်သိန်း။*** ။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်စဉ်တွေအပေါ်မှာ သူ့အဆင့်လိုက်အဆင့်လိုက် ဘယ်လိုတွေပြုပြင် ပြောင်းလဲမှုတွေ လုပ်သွားမလဲဆိုတဲ့အပေါ်မှာ သူတို့အလေးထားစဉ်းစားထားချက်တွေကို ဖော်ပြတဲ့အချက်တခုအနေနဲ့ ပြောတယ်လို့ ကျနော်တော့ အဲ့လိုမြင်တယ်။ ဘာကြောင့်လဲဆိုတော့ ဥပမာပြောရရင် ထိုင်းနိုင်ငံမှာဆိုလို့ရှိရင် ဒီနေ့မြန်မာနိုင်ငံသား တသန်းနီးပါးလောက်ကလာပြီးတော့ ဒီမှာအလုပ်လုပ်နေရတဲ့ အခြေအနေတွေရှိတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို မှန်မှန်ကန်ကန် ပြောင်းလဲစေချင်တဲ့ဆန္ဒ ထိုင်းနိုင်ငံဘက်မှာရှိနေပုံရတယ်လို့ ကျနော်တို့ အဲ့ဒီလိုမြင်ပါတယ်။ အဲ့တော့ ဒီအခြေအနေမှန်တွေကို သူသိနိုင်ဖို့နဲ့ အဲ့ဒီလိုအခြေအနေတွေကို မှန်မှန်ကန်ကန်ပြုပြင်ပြောင်းလဲမှုတွေကို လုပ် ဖို့ဆိုတဲ့နေရာမှာ တကယ်လက်တွေ့သူဖြစ်စေချင်တဲ့၊ တကယ်လက်တွေ့လုပ်မယ်လို့ သူတို့သိထားတဲ့ ခုနတုံးကအမျိုးသားညီလာခံ ဆိုတဲ့ကိစ္စဟာလည်း ဒီအဓိကကျတဲ့ အချက်တခုဖြစ်နေတယ်ဆိုတာကို သူတို့သတိထားမိပုံရတယ်။ ဒီအပေါ်မှာ သူကနေပြီးတော့မှ အဲ့ဒီကိစ္စတွေကို အမျိုးသားညီလာခံကို နိုဝင်ဘာလလား ဒါမှမဟုတ်ရင် ဒီဇင်ဘာလအတွင်းမှာလား ပြန်စရလိမ့်မယ်ဆိုတဲ့ အချက်အလက်ကိုလည်း သူက ဒါကို အလေးထားပြီးတော့ အဓိကတင်ပြခဲ့ တာဖြစ်တယ်လို့ ကျနော်တို့ အဲ့ဒီလိုပဲသုံးသပ်ကြည့်ပါတယ်။ ဒါပေမဲ့လို့ အမျိုးသားညီလာခံကို သူတို့ဆက်ပြီးတော့လုပ်ဖို့ သဘောထားအခိုင်အမာရှိတယ်ဆိုတာကို ဖော်ပြချက်ပဲဖြစ်တယ်လို့ ကျနော်တို့သိရတာပေါ့နော်။ နောက်တခုကတော့ အမျိုးသားညီလာခံနဲ့ ပတ်သက်တဲ့ နောက်ခံအကြောင်းတရားကို အဲ့ဒီမှာ အသေးစိတ်ပြန်ပြီးတော့ ကျနော်တို့ ဟိုဟာ လုပ်ဖို့လိုမယ်ဗျ။ အမျိုးသားညီလာခံဆိုတာက မြန်မာနိုင်ငံမှာရှိတဲ့ အခုလက်ရှိရှိပြီးသားဖြစ်တဲ့၊ ပြည်သူလူထုကနေ တရားဝင်ရွေး ကောက်တင်မြှောက်ထားတဲ့၊ ၁၉၉၀ ပြည့်ရွေးကောက်ပွဲမှာ လူထုရဲ့သဘောဆန္ဒနဲ့ အညီပါဝင်ခဲ့တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေအားလုံး ပါဝင်ခွင့်ရှိမရှိ။ နောက်တခုက အမျိုးသားညီလာခံဆိုတာက စစ်မှန်တဲ့ ဒီ ပြည်သူ့သဘောထားကို ရောင်ပြန်ဟပ်စေတဲ့ အခြေခံအောက်မှာ ဖော်ဆောင်တဲ့ အမျိုးသားညီလာခံ ဟုတ်မဟုတ်၊ နောက်အဲ့ဒီ အမျိုးသားညီလာခံကလည်း ဒီတိုင်းပြည်ရဲ့ အနာဂတ်ကို မှန်မှန်ကန်ကန် ပုံဖော်ပေးနိုင်တဲ့ စွမ်းအင်လည်း အဲ့ဒီအမျိုးသားညီလာခံမှာ ရှိမရှိ။ ဒီအချက်တွေဟာ သိပ်အရေးကြီးတဲ့ အချက်တွေဖြစ်သလို ထိုင်းနိုင်ငံအနေနဲ့လည်း အဲ့ဒီအချက်တွေကို ထိုင်းမှာရှိတဲ့ ထိုင်းနိုင်ငံ အစိုးရကော ထိုင်းပြည်သူလူထုက ကော ဒီအပေါ်မှာ အလေးထားပြီးတော့ ကျနော်တို့အာရုံစိုက်နေတဲ့ကိစ္စတွေ ဖြစ်တယ်လို့ ကျနော်တို့မြင်တယ်။ ဒါကြောင့် ကျနော်တို့အနေနဲ့ ကတော့အဲ့ဒီအချက်တွေကို ကျနော်တို့ အလေးထားကြည့်တာဖြစ်တယ်။ အဲ့တော့ အမျိုးသားညီလာခံအပေါ်မှာ အခြေပြုပြီးဖြစ်ပေါ်လာမယ့် အနာဂတ်အကျိုးဆက်တွေဟာ မြန်မာနိုင်ငံအတွက်ကော ထိုင်းနိုင်ငံအတွက်ကော မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူလူထုအကျိုးစီးပွားကို တကယ်တမ်း လက်တွေ့ကျကျ အခြေပြုပြီးတော့မှ ကိုယ်စားပြုစွမ်းနိုင်တာ မဟုတ်ဘူးဆိုလို့ရှိရင် ထိုင်းနိုင်ငံအတွက် ကောင်းကျိုးတွေထွက်လာမှာ မဟုတ်ဘူးဆိုတာကို ထိုင်းနိုင်ငံဘက်မှာရှိတဲ့ ထိုင်းအစိုးရနဲ့ ထိုင်းပြည်သူလူထုက နားလည်သဘောပေါက်နေတဲ့ အနေအထားမျိုးတွေရှိတယ်လို့လည်း ကျနော်တို့ အဲလိုမျိုးသုံးသပ်တွေ့ရှိထားပါတယ်။ အမျိုးသားညီလာခံရဲ့ နောက်ဆက်တွဲအကျိုးဆက်တွေက ဘယ်လောက်အထိမှန်မှန်ကန်ကန် အကျိုးပြုမယ် မပြုဘူးဆိုတာတော့ ကျနော်တို့ဆက်ပြီးတော့ ကြည့်သွားရမယ့်အခြေအနေပေါ့နော်။

*ထိုင်း–မြန်မာဆွေးနွေးတဲ့အချက်တွေထဲမှာ ပညာရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ လယ်ယာမြေ ကန်ထရိုက်စနစ်နဲ့ လုပ်ဆောင်ရေး၊ စွမ်းအင်ကိစ္စပူးပေါင်းဆောင်ရွက်ရေး စတဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေ ပါရှိတယ်ဆိုတာကို အဲန်စီယူဘီ ပြောခွင့်ရပုဂ္ဂိုလ် ဦးမြင့်သိန်းက ....*

***ဦးမြင့်သိန်း။*** ။ တကယ်စစ်မှန်တဲ့ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကို မှန်မှန်ကန်ကန်ပြောင်းလဲမယ်ဆိုလို့ရှိရင် ကျနော်တို့အနေနဲ့ ကြိုဆိုဖို့အဆင့်သင့်ပါပဲ။ တချိန်ထဲမှာ မြန်မာနိုင်ငံမှာရှိနေတဲ့ အခြေအနေတွေ အားလုံးသိတဲ့အတိုင်းပဲ။ တကယ်စစ်မှန်တဲ့ ဒီမိုကရေစီအရေးဆိုင်ရာ ပြောင်းလဲမှုတွေ မဖြစ်ဘူး။ မဖြစ်သေးဘူး။ တကယ် စစ်မှန်တဲ့ နိုင်ငံရေးအရ ပြောင်းလဲမှုကို မလုပ်သေးဘူး။ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ အဖြေရှာဖို့အတွက် အဖြေရှာနေတယ်ဆိုတာ ခိုင်ခိုင်မာမာ ကျနော်တို့လက်ခံနိုင်တဲ့ အခြေအနေတွေ မရှိသေးဘူး။ နောက်တခုက အထူးသဖြင့် နယ်စပ်ဒေသတွေမှာ ကျနော် ဒီနေရာမှာ တည့်တည့်ပြောချင်တာက ထိုင်းနိုင်ငံနဲ့ဆက်စပ်နေတယ်ဆိုတာ ဒီ ကေအဲန်ယူနယ်မြေဖြစ်တယ်။ ကရင်အမျိုးသားတွေရဲ့ ဒီမှာ နှစ် (၅၀) ကျော် သူတို့ရဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာအခွင့် အရေးတွေအတွက် တိုက်ပွဲဝင်နေတဲ့ နေရာ ဒေသတွေဖြစ်တယ်။ အဲ့ဒါမျိုးတွေကို ထိခိုက်သွားစေမယ့်လုပ်ရပ်မျိုးတွေကို နှစ်နိုင်ငံစလုံးကတော့ လုပ်ဖို့အတွက် မသင့်ဘူးလို့ ကျနော်တို့မြင်တယ်။

တကယ်စစ်မှန်တဲ့ ဒီ အခုနတုံးက သူတို့ရဲ့ ဖော်ပြထားတဲ့အခြေအနေအတိုင်း မှန်မှန်ကန်ကန်ဖြစ်စေချင်တယ်ဆိုလို့ရှိရင်တော့ ဒီနှစ်နိုင်ငံမှာရှိတဲ့ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနဲ့ ဒေသဆိုင်ရာလက်တွေ့ တကယ်တမ်းအကျိုးရှိစေမယ့်လုပ်ငန်းတွေကို ဖော်ဆောင်မယ်ဆိုလို့ရှိရင် ခုနလို မှန်ကန်တဲ့ပြုပြင်ပြောင်းလဲမှုကို နိုင်ငံရေးအခြေခံနဲ့ အညီ ကျနော်တို့ ဒီမှာရှိတဲ့ကရင်အမျိုးသားတွေနဲ့လည်း သေသေချာချာ ညှိနှိုင်းတိုင်ပင်လုပ်ကိုင်ဆောင်ရွက်သွားဖို့ လိုအပ်မှာဖြစ်တယ်။

အဲ့လိုမဟုတ်ဘူးဆိုလို့ရှိရင်တော့ ခုနရည်ရွယ်ချက်ကို တကယ်တမ်း ဒီနေ့ ဖွင့်ပြီးတော့၊ ဒီလိုလုပ်ဖို့အတွက်ဆိုပြီးတော့၊ ပြောနေပေမယ့် လက်တွေ့မှာ အဲ့ဒီအကျိုးကို ဖြစ်ထွန်းလာဖို့အတွက် အခြေအနေတွေဟာ ကျနော်တို့အားလုံးမျှော်လင့်သလို ဖြစ်လာမှာမဟုတ်ဘူးဆိုတာကို ကျနော် အဲ့ဒီလို သုံးသပ်ပါတယ်။

❖


အဲန်စီယူဘီ ပြောခွင့်ရပုဂ္ဂိုလ် ဦးမြင့်သိန်း

## ထိုင်းမြန်မာပါလီမန် ကော့ကပ်စ်အဖွဲ့ မှ မြန်မာနိုင်ငံ လွှတ်တော်ကိုယ်စားလှယ် များအား ဖိတ်ကြားဆွေးနွေး

ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် အရေးဆိုလှုပ်ရှားနေသည့် အာဆီယံပါလီမန်အမတ်များ ကော့ကပ်စ်မှ ထိုင်းနိုင်ငံဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များသည် စက်တင်ဘာ (၁) ရက်နေ့၊ နေ့လည် (၂) နာရီအချိန်တွင် မြန်မာနိုင်ငံ အတိုက်အခံလွှတ်တော်ကိုယ်စားလှယ်များနှင့် မြန်မာ့ဒီမိုကရေစီ ဖြစ်ထွန်းတိုးတက်ရေးအတွက် ဘန်ကောက်မြို့ပါလီမန်အဆောက်အဦးသို့ ဖိတ်ခေါ်ဆွေးနွေးခဲ့ကြသည်ဟု သိရှိရသည်။

ထိုင်းပါလီမန်ကော့ကပ်စ်အဖွဲ့မှ ထိုင်းအထက်လွှတ်တော်နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ မစ္စတာကရိုင်ဆတ်နှင့်အတူ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်း အပါအဝင် လွှတ်တော်အမတ်များ တက်ရောက်ကြပြီး အဲန်စီယူဘီ၏ အဓိကမဏ္ဍိုင်ကြီး (၄) ရပ် အနက်တရပ်ဖြစ်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့မှ အတွင်းရေးမှူး ဒေါ်စန်းစန်း (ဆိပ်ကမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) နှင့် ဦးလှဦး (ကျောက်တံတားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) တို့ ဦးဆောင်လျှက် အဲန်စီယူဘီ နိုင်ငံခြားရေးရာကော်မတီမှ ဦးစိုးအောင်နှင့် (Alt sean) မှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်ဟု သိရှိရသည်။

ထိုအစည်းအဝေးမှ ဥရောပ၊ အင်္ဂလန်၊ အမေရိကန်နိုင်ငံများသို့ သွားရောက်ပြီး ၁၉၉၇ ခုနှစ် အာဆီယံဝင်ခွင့်ရရန် ကြိုးပမ်းစဉ်က ပေးထားခဲ့သည့် နအဖ၏ ကတိကဝတ်များ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆွေးနွေးစည်းရုံးရန် ဆုံးဖြတ်ကြောင်း သိရှိရသည်။

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးကို အစွမ်းကုန်ကြိုးပမ်းအားထုတ်မည်ဖြစ်ကြောင်းနှင့် နအဖ၏ လမ်းပြမြေပုံ (၇) ချက်မှာ တရားမဝင်ကြောင်း သဘောတူညီကြမည်ဟု သတင်းများအရ သိရှိရသည်။

ဗီယက်နမ်နှင့် ဘရူနိုင်းနိုင်ငံတို့မှလွဲ၍ ကျန်အာဆီယံ (၈) နိုင်ငံမှ လွှတ်တော်အမတ်များဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံပါလီမန်ကော့ကပ်စ်၏ ကြိုးစားမှုကြောင့် နအဖ၏ ၂၀၀၆ ခုနှစ်တွင် ကျင်းပမည့် အာဆီယံထိပ်သီးဆွေးနွေးပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရေးအား ဖျက်သိမ်းလိုက်ရပြီး မလေးရှားအား လက်လွှဲပေးခဲ့ရသည့်အထိ အထိနာခဲ့ရ၏။

❖

(၁)

သို့/

လုံခြုံရေးကောင်စီ အဖွဲ့ဝင်များ

ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ချုပ်

နယူးယောခ်မြို့။

ယခုလို နေ့ထူးနေ့မြတ်ဖြစ်သော အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အခါသမယ၌ မိမိတို့အနေဖြင့် မြန်မာနိုင်ငံပြည်သူပြည်သားများဘဝ ငြိမ်းချမ်းရေးနှင့် လူသားလုံခြုံရေးအခြေအနေကို တင်ပြလိုပါသည်။

ပြည်တွင်းစစ်နှင့် စစ်အစိုးရ၏ဖိနှိပ်မှုတို့ကြောင့် မြန်မာနိုင်ငံအတွင်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်မှ ချွတ်ခြုံကျလျက်ရှိပြီး မိမိတို့၏ နေ့စဉ်ဘဝများမှာ ငြိမ်းချမ်းမှုကင်းမဲ့ကာ လူ့အခွင့်အရေးချိုးဖောက်မှုများကို ခံစားနေကြရသည်။

ကျနော် ဒီစာသားတွေကို စာသားအဖြစ် မမြင်ဘူးသေးခင်မှာ စီဒီတချပ်မှာ အသံ

ဘယ်သူက ဘယ်သူ့ကို နိုင်နိုင်

ဘယ်သူက ဘယ်သူ့ကို ရှုံးရှုံး

ညီအကိုအချင်းချင်း ပြန်ပစ်သတ်နေကြရတဲ့ အဖြစ်တွေပါ။

ပေါင်တွေ ပြတ်ကြ၊ ဒူးတွေ ပြတ်ကြ၊ စစ်ဟာ ဘာကိုမှ ဘယ်သူ့ကိုမှ အညှာမပေးခဲ့ဘူး။

ဂျာမန် ကဗျာဆရာကြီး ဗားတော့ဗရက်ရဲ

'စစ်သားမိန်းမ ဘာတွေရသလဲ' ဆိုတဲ့ ကဗျာထဲမှာ ....

ဂျာမန်နာဇီတပ်တွေ ....

ပရာဟတ်မြို့ကို သိမ်းတဲ့အခိုက်မှာ .... စစ်သားမိန်းမဟာ ဒေါက်မြင့်ဖိနပ်လက်ဆောင်ရခဲ့ပေမယ့် ....

ပါရီမြို့ကို သိမ်းတဲ့အခိုက်မှာ .... ပိုးဂါဝန်လှလှတထည် ရခဲ့ပေမယ့် ....

ဘရပ်ဆဲကို သိမ်းတဲ့အခိုက်မှာ .... လည်ဆွဲတကုံး ရခဲ့ပေမယ့်

အနက်ပြုခဲ့ကြပါတယ်။

ဒီရည်မှန်းချက်တွေ ပေါက်မြောက်ဖို့ဆိုရင် ....

လက်တွေ့ကျကျလည်း လုပ်ဆောင်နိုင်ဖို့၊ ပုံဖော်နိုင်ဖို့လည်း လိုအပ်တာကြောင့် ....

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အစည်းကြီးကိုယ်တိုင် လုပ်ကိုင်နိုင်စွမ်းတွေ ပိုပြီးကြီးသည်ထက်ကြီးလာအောင် အဖွဲ့ကြီးကို ပြုပြင်ဖို့၊ ပြင်ဆင်ကြိုးစားနေကြပါတယ်။

လူတယောက်ပဲ ဖြစ်ဖြစ်၊ အဖွဲ့အစည်းတခုပဲဖြစ်ဖြစ် တိုးတက်ချင်တယ်ဆိုရင် ....

ကိုယ့်ကိုယ်ကိုယ် အမြဲသုံးသပ်ပြီး၊ အမြဲပြင်ဆင်ဖြည့်စွက်နေဖို့ လိုအပ်ပါတယ်။

ဘယ်လောက်ပဲ အမှားနည်းတဲ့သူပဲ ဖြစ်ဖြစ်

ကိုယ့်ကိုယ့်ကိုယ် ဘာမှားနေလဲ၊ ဘာလိုနေသေးလဲ၊ ဘာတွေပြင်ဆင်ဖို့ ဘာတွေအသစ်တိုးချဲ့ဖို့လိုနေပြီလဲဆိုတာ အမြဲလုပ်သင့်တာပါ ။

နေရတော့တာပါ။

(၅)

နအဖစစ်အုပ်စုက စစ်အကျိုးစီးပွားအတွက် စစ်ပွဲတွေကို ဆက်တိုက်ဖို့ ပြင်ဆင်နေပေမယ့် ....

အပြုတ်တိုက်ရေးလမ်းစဉ်ကို သဲသဲမဲမဲကိုင်စွဲနေပေမဲ့ .... လူထုကြီးကိုယ်တိုင်ကတော့ ငြိမ်းချမ်းရေးကို ကန္တာရအလယ်မှာ ရေငတ်သလိုကို ဆာလောင်မွတ်သိပ်နေကြပါတယ်။

လူထုကြီးရဲ့ ငြိမ်းချမ်းရေးအာသီသတွေ၊ ဆန္ဒတွေကို ငြိမ်းချမ်းရေးတည်ဆောက်သူများအသင်းက ဦးဆောင်ပြုလုပ်တဲ့ စကားဝိုင်းတွေမှာ .... ထင်ထင်ရှားရှားကိုပဲ တွေ့နေရပါတယ်။

အဲဒီစကားဝိုင်းတွေမှာ ....

ငြိမ်းချမ်းရေးကို ဘယ်လိုနားလည်သလဲ

ငြိမ်းချမ်းရေးဆိုတာကို ဘယ်လိုအဓိပ္ပါယ်ဖွင့်မလဲ ....

"နောက်တပုံက .... ကလေးပဲဖြစ်ဖြစ်၊ လူကြီးပဲ ဖြစ်ဖြစ် ....

တယောက်နှင့်တယောက်၊ အပြန်အလှန် ယုံကြည်ချစ်ခင်မှုတွေရှိမယ်ဆိုလို့ရှိရင် တခုခုလုပ်တဲ့အခါမှာ စုပေါင်းလုပ်တဲ့ အခါမှာလည်း ညီညွတ်မှုရှိမယ်။ ဒီလိုလုပ်ခြင်းအားဖြင့်လည်း တယောက်နှင့်တယောက် ပိုပြီးတိုးတက်တဲ့ဟာတွေကို လုပ်နိုင်လာမယ်၊ တယောက်နှင့်တယောက် ဒီလိုအပြန်အလှန်ချစ်ခင်မှု၊ နားလည်မှုတွေရှိတယ်ဆိုရင် ဒါဟာ သူ့အတွက် ငြိမ်းချမ်းရေးပါပဲတဲ့။"

ကရင်အမျိုးသမီးငယ်လေးတယောက်ဖြစ်လိမ့်မယ်ထင်တယ်။ သူ့အသံလေးက ဝဲဝဲလေး၊ သူ့သူငယ်ချင်းတွေဆွဲထားတဲ့ ပန်းချီကားတွေကို သူခံစားပြနေတာပါ။

သူတို့အားလုံးဟာ ပန်းချီသင်တန်းတွေ၊ ဘာတွေ၊ လုံးလုံးတက်ဖူးကြတာမဟုတ်ဘူး။

ပန်းချီဆရာမတွေလည်း မဟုတ်ကြဘူး။




အနေနှင့် ကြားခွင့်၊ ကြည့်ရှုခွင့်ရလိုက်ပါတယ်။ အသံရှင်ဟာ ဘယ်သူဖြစ်လေမလဲ။

အသံဟာ တည်ငြိမ်ပြီး အေးချမ်းနေတယ်။

ငြိမ်းချမ်းရေးကို မြတ်မြတ်နိုးနိုး တပ်တပ်မက်မက်ကိုပဲ ချစ်တတ်သူတစ်ဦးရဲ့အသံ၊

ဘဝတွေ၊ မျက်ရည်တွေ၊ အိပ်မက်တွေကို ငြိမ်းချမ်းရေး တည်ဆောက်နိုင်ဖို့အတွက် ရင်းနှီးပေးဆပ်နေသူတဦးရဲ့ အသံမျိုး။

အသံမှာကိုက ခံစားမှုတွေပါနေတယ်။

ဒီမှတ်တမ်းစီဒီကို ကြည့်ရှုခွင့်ရတဲ့ ကံကြမ္မာကို ကျနော်ကျေးဇူးတင်တယ်။

ဒီစီဒီဟာ ခုလောက်ဆို ....

ကုလသမဂ္ဂရဲ့ လုံခြုံရေးကောင်စီ ရုံးခန်းထဲကို ရောက်နေလေမလား ....။

ဒါမှမဟုတ် ညီလာခံခန်းမထဲက နိုင်ငံတကာခေါင်းဆောင်အသီးသီးရဲ့ မြင်ကွင်းရှေ့ကို ရောက်နေလေမလား ....။

ငြိမ်းချမ်းရေး တည်ဆောက်သူများအသင်းရဲ့ ဒီမှတ်တမ်းစီဒီနှင့် လက်မှတ်လေးသောင်းနှစ်ထောင်ကျော်ဟာ ....

လုံခြုံရေးကောင်စီရဲ့ စားပွဲဝိုင်းမှာ ကျကျနန နေရာယူထားနိုင်လောက်ပြီလို့ ကျနော်မှန်းဆကြည့်မိတယ်။

(၂)

ကျနော်တို့ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရပြီးလို့ လပိုင်းမှာပဲ .... ပြည်တွင်းစစ်ကြီးဖြစ်ခဲ့ရတယ်။ ငြိမ်းမရတဲ့ မီးတောက်မီးလျှံတခုပါပဲ။

ဒီနေ့အထိ မငြိမ်းတော့ဘူး၊ လောင်ပြီးရင်းသာ လောင်နေခဲ့ရတဲ့ ကြေကွဲဖွယ်နေ့ရက်တွေဟာ ရှည်ပဲရှည်နိုင်လွန်းလှတယ်။

ကျနော်စိတ်မကောင်းဘူး ....

နှင်းနိုင်ငံ ရုရှားကိုရောက်တဲ့အခါမှာတော့ .... အဲဒီစစ်သားမိန်းမခမျာ .... မုဆိုးမအထိမ်းအမှတ် ဝတ်စုံနက်တစုံပဲရခဲ့ပါသတဲ့။

ကမ္ဘာကြီးပေါ်မှာ၊ ( Win Win Sum Game) (နိုင် နိုင်သီအိုရီ) ဆိုတဲ့ 'ပြဿနာကိုဖြေရှင်းတဲ့နည်းနာ'တွေ လူကြိုက်များနေတဲ့ ဒီခေတ်ကြီးထဲမှာ ....

ကမ်းကုန်အောင် ခေါင်းမာနေတဲ့ (နအဖ) စစ်အုပ်စုကို ကျနော်အံ့သြတယ်။

သူ .... ဗားတော့ဗရက် ကဗျာတွေလည်း မဖတ်ဖူး၊ ဂိမ်းသီအိုရီဆိုတာလည်း မကြားဖူးလောက်အောင်ကို ဒုံးဝေးနေတော့တာပါ။

(၃)

စက်တင်ဘာ (၂၁) ရက်နေ့ဆိုတာ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ပါ။

ကမ္ဘာကြီးဟာ ကမ္ဘာစစ်ကြီး (၂)ခုကို ကြုံပြီးတဲ့နောက် နောက်ထပ် အလားတူစစ်ပွဲမျိုးတွေ ထပ်မကြုံချင်တော့ဘူး။

စစ်ပွဲတွေကို တားဆီးဖို့နှင့် ညီအကိုသဖွယ် ရင်းနှီးချစ်ခင်စွာနေနိုင်ဖို့အတွက် နိုင်ငံတကာခေါင်းဆောင်တွေစုပေါင်းပြီး ကမ္ဘာ့ကုလသမဂ္ဂကို တည်ထောင်ခဲ့ကြတာပါ။

ဒီနှစ်ဆိုရင် .... စစ်ကြီးပြီးဆုံးခဲ့တာနှစ် (၆၀) တင်းတင်း ပြည့်တဲ့နှစ်ပေါ့ ။

နိုင်ငံတော်တော်များများမှာပဲ .... စစ်ကြီးပြီးဆုံးခဲ့တာ နှစ် (၆၀) မြောက် အခမ်းအနားတွေ ကျင်းပကြ၊ စစ်ပွဲတွေကို ဆန့်ကျင်ကြ၊ နျူးကလီးယားခြိမ်းခြောက်မှုနှင့် အကြမ်းဖက်ဝါဒခြိမ်းခြောက်မှုတွေကို ဆန့်ကျင်ကြ၊ ငြိမ်းချမ်းရေး အစစ်အမှန် ကမ္ဘာမြေပေါ် ရှင်သန်ဖွံ့ဖြိုးလာစေဖို့ တောင်းဆိုကြနဲ့ ကမ္ဘာကြီးတစ်ခုလုံးက ဒီနှစ်ကို အလေး

နအဖကတော့ .... မှားချင်တိုင်းလည်း ကမ်းကုန်အောင်မှား နေတဲ့အပြင် ....

ဆင်ခြင်ဖို့၊ ပြုပြင်ဖို့ကျတော့လည်း နည်းနည်းလေးမှ စိတ်ကူးထည့်ပုံမရသေးဘူး။

(၄)

ကုလသမဂ္ဂ ဌာနချုပ် မြက်ခင်းပြင်မှာ ခေါင်းလောင်းကြီး တလုံးရှိတယ်။

အဲဒီခေါင်းလောင်းကြီးဟာ .... ဂျပန်နိုင်ငံက လှူဒါန်းထားတဲ့၊ နိုင်ငံပေါင်း (၆၀) က အကြွေစေ့တွေကို သွန်းလောင်းထားတဲ့ ငြိမ်းချမ်းရေးခေါင်းလောင်းကြီး ဖြစ်ပါတယ်။

အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့မနက်ခင်းမှာ ....

အဲဒီခေါင်းလောင်းကြီးကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကိုယ်တိုင် တီးခတ်၊ ငြိမ်းချမ်းရေးသဝဏ်လွှာကိုဖတ်ကြား၊ ငြိမ်းချမ်းရေးကို အလေးအမြတ်ပြုသောအားဖြင့် တမိနစ်ငြိမ်သက်ပြီးတော့မှ ....

လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများကိုယ်စား ဥက္ကဋ္ဌက .... လုံခြုံရေးကောင်စီကရေးသားပေးပို့တဲ့ ကြေငြာချက်ကို ဖတ်ကြားလိမ့်မယ်။

ဒီရက်မှာ ....

ကမ္ဘာ့နိုင်ငံအများစုကြီးက ငြိမ်းချမ်းရေးဆုတောင်းပွဲတွေ တပြိုင်နက်တည်းကျင်းပကြလို့ပေါ့။

ကျနော်တို့ နိုင်ငံမှာတော့ ....

ယမ်းခိုးယမ်းနံ့တွေနှင့် စစ်မီးဟာ မငြိမ်းနိုင်တော့ဘူး။

အကျိုးဆက်က .... ငြိမ်းချမ်းရေးတည်ဆောက်သူများအသင်းက တင်ပြထားတဲ့ ဝမ်းနည်းဖွယ် ကိန်းဂဏန်းတွေကို ရှောင်လွှဲလို့ မရအောင်တည့်တည့်ကြီးကို ကြုံဆို

ငြိမ်းချမ်းရေးကို ဘာကြောင့် ရချင်တာလဲ .... ဆိုတဲ့ မေးခွန်းတွေကို သူတို့ရင်ထဲမှာရှိသလို ရေးချဖို့၊ စာရွက်ကလေးတွေ တဦးစီတိုင်းကို ဝေပေးပါတယ်။

ပြီးတော့ ရောင်စုံဆေးပင် တချောင်းစီလည်း ဝေပေးတယ်။

ရင်ထဲမှာ ရှိတာတွေ ရေးချ ....

ကိုယ်ရေးချထားတဲ့ ပုံကလေးကို ကိုယ်ကိုယ်တိုင် ဘယ်လိုခံစားပြီး ရေးဆွဲဖြစ်ပါသလဲဆိုတာကို ပြောပြကြ၊ အဲဒါကိုမှ အဲဒီအုပ်စုငယ်ရဲ့ကိုယ်စား တယောက်ယောက်က ထပြီးရှင်းပြပေး။

အားလုံးပါဝင်နိုင်အောင်၊ အားလုံးပါဝင်ရဲအောင်၊ ရင်ထဲကခံစားချက်တွေကို ပွင့်ပွင့်လင်းလင်းထုတ်ဖော်ပြီး ပြောရဲဆိုရဲလာအောင် ဖန်တီးပေးထားတဲ့အစီအစဉ်လေးပါ။

အစီအစဉ်လေးက သိပ်ကိုလှပါတယ်။

အဲဒီလိုပဲ ....

သူတို့ ကိုယ်တိုင်ရေးချလိုက်တဲ့ သူတို့ပန်းချီကားလေးတွေကလည်း လှတယ်။

သူတို့ ကိုယ်တိုင်ရှင်းပြတဲ့ သူတို့ရင်ထဲက စကားတွေကလည်း လှတယ်။

(၆)

"သူငယ်ချင်းတယောက် ဆွဲထားတဲ့ ပုံကလေးရဲ့အဓိပ္ပါယ်က ....

သူ့မှာ လွတ်လွတ်လပ်လပ် ပညာသင်ကြားခွင့်မရှိဘူး။ ကျောင်းတက်ဖို့ ဆိုတာလည်း သူ့မှာ ငွေကြေးအပြည့်အစုံမရှိဘူး။

အကယ်၍ သူ့မှာ ပညာသင်ကြားခွင့်သာ ပြည့်ပြည့်ဝဝရမယ်ဆိုရင် သူ့အတွက် ရွေးချယ်စရာလမ်းတွေလည်း အများကြီးရှိမယ်။ သူ့အတွက် ငြိမ်းချမ်းတယ်ဆိုပြီး သူဒီပုံလေးကို ဆွဲထားတာပါ။"

ဒါပေမယ့်.... သူတို့ရင်ထဲက ပန်းချီကားတွေ ထွက်ကျလာကြတာ။ နည်းနည်းနောနောလား။

ကြည့်လိုက်ပါဦး။

နောက်ပန်းချီကားတချပ် ....

"ဒီဟာက သူငယ်ချင်းတယောက်က ဆွဲထားတာ။ ပန်းပုံလေး။ ပြီးတော့ သူ့မှာ နေရောင်ခြည်၊ မိုး၊ လေ။ ပြီးတော့ ဓါတ်မြေသြဇာ။ ဒီပန်းလေးတပွင့်မှာ သူ့ရဲ့အခြေခံလိုအပ်ချက်တွေပြည့်စုံမယ်ဆိုရင် အခြားအပင်တွေနှင့်မတူပဲ လှလှပပလေး ဖူးပွင့်နိုင်မယ်၊ အဲဒီလိုပဲ လူတယောက်မှာလည်း သူ့ရဲ့အခြေခံလိုအပ်ချက်တွေ အပြည့်အစုံရရှိနိုင်မယ်ဆိုလို့ရှိရင် လေလိုရင် လေ၊ မိုးလိုရင် မိုး၊ မြေသြဇာလိုရင် မြေသြဇာ၊ အဲလိုမျိုး အပြည့်အဝရနိုင်မယ်ဆိုရင် သူ့ရဲ့ဘဝဟာ အခုလိုမျိုးမဟုတ်ပဲ တိုးတက်နေမယ်၊ အဲဒီလိုမျိုးတိုးတက်ခြင်းအားဖြင့် သူ့ရဲ့ဘဝဟာ ငြိမ်းချမ်းမှုရှိမယ်ဆိုပြီး ဆွဲထားတာပါ။ "

သူတို့ တောင့်တကြတယ်။

ကမ္ဘာဦးလူသားတွေ နေရောင်ကို မျှော်လင့်ကြ၊ တောင့်တကြသလိုမျိုး။

ဟုတ်တာပေါ့။ တကယ်ဆို။ သူတို့ဟာ ပန်းနုသစ်ကလေးတွေပဲ။

ရေလည်းလိုတယ်။ မိုးလည်းလိုတယ်။ လေလည်းလိုတယ်။ ဓါတ်မြေသြဇာလည်း လိုတယ်။

အဲဒါတွေ သူတို့ တခုမှမရရှာကြဘူး။

ဘယ်အစိုးရကမှ၊ ဘယ်တာဝန်ရှိသူကမှ သူတို့ကို ဘာမှမဖြည့်ဆည်းပေးခဲ့ကြဘူး။

'ဒါက လွတ်လပ်စွာနေထိုင်နိုင်ခွင့်၊ သူ

စာမျက်နှာ (၁၉) ကော်လံ (၃) သို့ ...

"ပွဲစင်ကလှုပ်၊ လှိုင်းကပုတ်။"

တချို့ 'ငြိမ်း' အဖွဲ့တွေရဲ့ ဒီနေ့အခြေအနေကိုဖော်ပြတဲ့ ဆိုရိုးစကားတခုလို့ဆိုရင် မမှားဘူး။ သူတို့ထဲက တချို့ဟာ 'ငြိမ်း' အရေခွံကိုချွတ်၊ အရပ်သားလုပ်သွားကြပြီ။ တချို့ဟာ တပ်နေရာတွေဖယ်ပေးနေရတယ်။ တချို့ဟာ အချင်းချင်း ပြဿနာတက်နေကြတယ်။ တချို့ကျတော့ သူတို့အတွင်းမှာ ရှေ့ဘာဆက်လုပ်မလဲဆိုတာနဲ့ ပတ်သက်လို့ဝေဝါးစေ၊ တခြားဖက်တွေမှာ အာရုံပြားစေအောင် လုပ်တယ်ဆိုရင်တော့ အဲဒီလုပ်ရပ်ဟာ စဉ်းစားစရာပဲ။

ဒီလိုလှုပ်ရှားလုပ်ကိုင်ကြရာမှာ သဘာဝကျစွာပဲ ပြည်ပမှာနေသူတွေဟာ ပြည်တွင်းမှာနေသူတွေထက်ပိုပြီး လွတ်လွတ်လပ်လပ်၊ အင်တိုက်အားတိုက် လုပ်နိုင်ကြတယ်။ လုပ်ရမယ့် လုပ်ငန်းတွေဟာ အမှန်ပဲ၊ ပြည်တွင်းမှာရော၊ ပြည်ပမှာပါရှိတယ်။ ပြည်တွင်းဒါလောက်စိတ်ဝင်စားနေတာလဲ။ အခု သူတို့စဉ်းစားနေတာဟာ လူ့အခွင့်အရေးပြဿနာ၊ ဒီမိုကရေစီရေးမဟုတ်ဘူး။ ဗမာပြည်ကိုစီးပွားရေးပိတ်ဆို့မှုပြဿနာ၊ တနည်းပြောရရင် ဗမာပြည်ထဲမှာ သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဘယ်လိုသွင်းရမလဲဆိုတာဖြစ်တယ်။ ဘုရှ်ရဲ့အနောက်မှာ အမြဲတမ်းအရိပ်လို လိုက်ပါနေတဲ့ ဘလဲယားဟာ ဘာကြောင့်ဗမာပြည်ကိစ္စကျမှ ခွဲလုပ်ရတာလဲ။ ဘုရှ်နဲ့ မတိုင်ပင်

# တာဝန်ခွဲပြီး လုပ်ကြသည်ဆိုရာမှာ

> ပြည်ပကလူတွေရဲ့ တာဝန်ထဲမှာ ပြည်တွင်းကလူတွေကို အောင်ပွဲအပေါ် မျှော်လင့်ချက်၊ ယုံကြည်ချက်ရှိအောင် လုပ်ပေးဖို့ ဆိုတာလည်းပါတယ်။ တဖက်က ပြန်ပြောရင် ပြည်သူတွေကို မျှော်လင့်ချက်မရှိအောင်၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုကင်းမဲ့အောင် ပြောဆိုတယ်။ ဝါဒဖြန့်တယ်ဆိုရင် ပြစ်မှုကျူးလွန်တာပဲ။ ပြည်ပမှာနေသူတွေဟာ သမိုင်းမှာမရှိဖူးတဲ့ အစိုးရကိုဆန့်ကျင်တာတွေ အသံလွှင့်နိုင်တဲ့ အခွင့်အရေးတွေရနေတယ်ဆိုတာ မမေ့ပါနဲ့။

အခြေအတင်ငြင်းခုံနေကြတယ် ကြားရတယ်။ တလောကပဲ အင်န်ဒီအေကေအတွင်းမှာ အာဏာသိမ်းတယ်ဆိုတာ တွေ့လိုက်ရပြီ။ သေနတ်သံတောင်ထွက်တယ်။ ဘာဆက်ဖြစ်အုန်းမယ်ဆိုတာ မသိရသေးဘူး။ စိတ်ပျက်မယ်ဆိုရင် စိတ်ပျက်စရာကောင်းတဲ့ ကိစ္စတွေပဲ။ လူထုက သူတို့တွင်း စည်းလုံးစေချင်တယ်။ 'ငြိမ်း' အားလုံးအကြားလည်း စည်းလုံးစေချင်တယ်။ သူတို့ကတော့ အထက်မှာရေးခဲ့သလို ဂယိမ်းဂယိုင်နဲ့။

သူတို့ဟာ တချိန်တုန်းကတော့ နိုင်ငံရေးလက္ခဏာအပြည့်ရှိတဲ့ အဖွဲ့အစည်းတွေပဲ။ ဒါပေမယ့် သူတို့တတွေ 'ငြိမ်း' ဘွဲ့ခံလိုက်ကတည်းက နိုင်ငံရေးလက္ခဏာဟာ အများကြီးလျော့ကျသွားတယ်။ စီးပွားရေးလက္ခဏာက လွှမ်းမိုးလာတယ်။ ဒီလိုနဲ့သူတို့တွင်း စီးပွားရေးအပေါ်အခြေခံတဲ့ တိုက်ပွဲတွေပြင်းထန်လာတယ်။ သူတို့တတွေ နိုင်ငံရေးအလံကို ပြန်လွှင့်ထူအောင် ဝိုင်းအားပေးကြမှဖြစ်မယ်။ သူတို့ကိုစွန့်ပစ်လိုက်သလို၊ နအဖရင်ခွင်ထဲတွန်းပို့လိုက်သလို မလုပ်လိုက်ဖို့လိုတယ်။ အကြောင်းက သူတို့ဟာ နအဖနဲ့မတူတဲ့ ပြည်တွင်းအဖွဲ့အစည်းတခုဖြစ်တယ်။ ပလောင်အဖွဲ့လို လက်နက်ချပြီး ဆိုင်းဘုတ်ကိုပါ စွန့်လွှတ်လိုက်တာနဲ့စာရင် သူတို့တတွေ 'ငြိမ်း' ဆိုတဲ့ ဆိုင်းဘုတ်ကလေးတခုထောင်ထားတာကမှ တော်သေးတယ်။ နအဖဆန့်ကျင်စကားကို ပြည်တွင်းကနေ တခွန်းပြောတာဟာ ပြည်ပကနေ အခွန်းတရာပြောတာထက်အရေးပါ တာသွားတယ်ဆိုတာမေ့လို့မဖြစ်ဘူး။ 'ငြိမ်း' အဖွဲ့တွေပြောနေတာမှန်သမျှကို နအဖက ကြိုက်လှချည့်မဟုတ်တာ တွေ့ခဲ့ရတာမနည်းဘူးပဲ။

ဘယ်သူတွေဘာပဲပြောပြော ဒီနေ့အခါဗမာပြည်နိုင်ငံရေးမှာ နအဖက လက်ဦးမှုရနေတယ်။ သူတို့တွင်း ပြဿနာတွေကြီးကြီးမားမားရှိတဲ့အကြားကနေ ဒီချုပ်အပေါ်ရော၊ ငြိမ်းအဖွဲ့တွေအပေါ်ရော ဖိအားတွေအမျိုးမျိုးပေးနေတယ်။ စစ်စကားနဲ့ပြောရင် ထိုးစစ်တွေတခုပြီး တခုဆင်နေတယ်။ ကိုယ့်ကိုယ်ကို အတိုက်အခံ အင်အားပါလို့ သတ်မှတ်ထားသူတွေရဲ့ တာဝန်ဟာ ဒီအနေအထားကို ပြောင်းပြန်လှန်ပစ်ဖို့ဖြစ်တယ်။ နအဖကို ခံစစ်ဘဝပြန်ပို့ဖို့ဖြစ်တယ်။ ဒါကိုနည်းမျိုးစုံနဲ့ လုပ်ရမယ်။ ဒီလုပ်ငန်းကိုလုပ်ငန်းတွေဟာ ပိုခက်ခဲတယ်၊ ပိုအဓိကကျတယ်ဆိုတာ ဘယ်သူမှ ငြင်းမယ်မထင်ဘူး။ ဒီလိုအနေအထားမှာ ပြည်ပရောက်

## ဗညှ

တွေအနေနဲ့ ပြည်ပလုပ်ငန်းတွေကိုသာလုပ်ပြီး ပိုအခရာကျပြီး၊ ပိုခက်ခဲတဲ့ လုပ်ငန်းတွေကို ပြည်တွင်းက အင်အားတွေအပေါ် ချည့်ပုံထားမယ်ဆိုရင် မတရားဘူးထင်တယ်။ ပြည်ပကလည်း မျှထမ်းကြရမယ်။

ပြည်ပကလူတွေရဲ့ တာဝန်ထဲမှာ ပြည်တွင်းကလူတွေကို အောင်ပွဲအပေါ် မျှော်လင့်ချက်၊ ယုံကြည်ချက်ရှိအောင် လုပ်ပေးဖို့ ဆိုတာလည်းပါတယ်။ တဖက်က ပြန်ပြောရင် ပြည်သူတွေကို မျှော်လင့်ချက်မရှိအောင်၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုကင်းမဲ့အောင် ပြောဆိုတယ်၊ ဝါဒဖြန့်တယ်ဆိုရင် ပြစ်မှုကျူးလွန်တာပဲ။ ပြည်ပမှာနေသူတွေဟာ သမိုင်းမှာမရှိဖူးတဲ့ အစိုးရကိုဆန့်ကျင်တာတွေ အသံလွှင့်နိုင်တဲ့ အခွင့်အရေးတွေရနေတယ်ဆိုတာ မမေ့ပါနဲ့။ ဒီအခွင့်အရေးတွေကို အသုံးချရာမှာ အင်မတန်တာဝန်ကြီးပါတယ်။ ထွေးပြီးသားတံတွေး ပြန်မမြိုလို့မရဆိုတာလို ကိုယ်ပြောလိုက်တာဟာ ကိုယ်တာဝန်ယူရမှာဖြစ်တယ်ဆိုတာ သိထားဖို့လိုတယ်။ တချို့အတိုက်အခံဆိုသူတွေ တောင်းဆိုနေတာဟာ နအဖက နိုင်ငံတကာကို တောင်းဆိုနေတာနဲ့ တထပ်တည်းဖြစ်နေတာတောင် တွေ့ရတယ်။

ဒီနေ့အခါမှာ ဗမာပြည်အရေးကို စိတ်ဝင်စားပါတယ်ဆိုတဲ့ ပြည်ပအစိုးရတွေရဲ့ လှုပ်ရှားမှုတွေဟာ သာမာန်ပြည်သူတွေအဖို့ မျက်စိလည်စရာ၊ နားရှုပ်စရာ ကောင်းလှတယ်။ ထိုင်း၊ အိန္ဒိယ၊ တရုတ်၊ အားလုံးဟာ ကိုယ့်အကျိုးအပေါ်ကနေ လှုပ်ရှားလုပ်ကိုင်နေကြတာဖြစ်တယ်ဆိုတာ ရှင်းသထက် ရှင်းသွားပြီ။ ကိုယ်ကျိုးမပါပဲ ဗမာပြည် အရေးအပေါ် စိတ်ဝင်စားတာပါဆိုတဲ့ အီးယူတို့၊ အမေရိကန်တို့၊ အင်္ဂလိပ်တို့ကလည်း ခြေပုန်းတွေခုတ်နေကြတယ်။ ဩစတြေးလျားကတော့ ဒီတကြော့မှာ နည်းနည်းမြုပ်နေတယ်။

အားလုံးအထဲမှာ ဗမာပြည်အရေး စိတ်ဝင်စားသူအားလုံးကို အာရုံစွဲယူခဲ့တာကတော့ တလောက ဝင်စတန်ပတ်ခ် အစည်းအဝေးဆိုတာပဲ။ အင်္ဂလိပ်ဟာ ဗမာပြည်အရေးကိုပဲခွဲလုပ်ပါ့မလား။ သူ့ကိုလိုနီဖြစ်ဖူးတဲ့ ဗမာပြည်သားတွေမှာ စဉ်းစားစရာအများကြီးရှိနေတယ်။

မူကျကျပြောရရင် ပိတ်ဆို့မှုလုပ်သည်ဖြစ်စေ၊ မလုပ်သည် ဖြစ်စေ၊ ကိုယ့်ဖက်က စည်းရုံးမှုရှိပြီး တောင့်တင်းရင် ဘာမှစိုးရိမ်စရာမရှိဘူး။ ဒီမိုကရေစီအရေးတော်ပုံကို သယ်ဆောင်သွားနိုင်မှာပဲ။ ကိုယ့်ဖက်က စည်းရုံးမှုလည်း မရှိ၊ ချိလည်းချိနဲ့ ဆိုလို့ကတော့ တကမ္ဘာလုံးက ပိတ်ဆို့ထားလည်း သံရုံးရှေ့မှာသွားအော်တာထက် ပိုတတ်နိုင်မှာမဟုတ်ဘူး။ ဒီလိုပုံနဲ့ မိုးကြီးချုပ်စေကြတော့မှာလား။

အတိုက်အခံတွေအနေနဲ့ လက်ရှိတိုက်ပွဲဝင်နေကြပုံလောက်နဲ့ မလုံလောက်တော့ဘူးဆိုတာ ရှင်းနေပြီ။ တိုက်ပွဲတွေကို ပုံစံအရရော၊ ထုထည်အရရော တိုးများစေဖို့ အခြေအနေက တောင်းဆိုနေတယ်။ အထူးသဖြင့် ပြည်တွင်းလုပ်ငန်းကို ဘယ်လို အထောက်အကူပြုမလဲဆိုတာကို လက်တွေ့ကျကျ စဉ်းစားအကောင်အထည်ဖော်ရမယ်။ ကျနော်တို့က ထောက်ခံတယ်ဆိုပြီး ကြေငြာချက်ထုတ်တာလောက်နဲ့ မပြီးတော့ဘူး။

ပြည်တွင်းလုပ်ငန်းဆိုတာ လုပ်မရတာမဟုတ်ဘူး။ တပိုင်တနိုင်က စကြတာပေါ့။ လူသုံးလေးယောက် စုစည်းနိုင်ရင်ကိုမဆိုးဘူး။ အဲဒါနဲ့ အရင်းတည်နိုင်တာပဲ။ ဒီလိုအစုလေး ၄–၅ စု ရှိရင် အတော်အလုပ်ဖြစ်ပြီ၊ ဒါမျိုးကို အဖွဲ့အစည်းအစုံက ကိုယ့်နည်းနဲ့ကိုယ်လုပ်ကြည့်ပါ။ အစုပေါင်းတရာ၊ နှစ်ရာဆိုတာ လပိုင်းလောက်နဲ့ ဖြစ်လာနိုင်ပါတယ်။ အစုတစုကို မြို့ငယ်တခု၊ စက်ရုံတခု၊ ဒါမှမဟုတ် တက္ကသိုလ်တခု စသဖြင့် တာဝန်ပေး၊ လုပ်နိုင်တဲ့အတိုင်းအတာဟာ အများကြီးပါ။ ဇွဲရှိဖို့နဲ့ မြေအောက်စည်းကမ်းလိုက်နာဖို့ပဲလိုပါတယ်။ ပြည်တွင်းက လူတွေဟာ ပြည်ပမှာ လုပ်နေကြသူတွေထက် တက်ကြွမှုမလျော့နည်းပါဘူး။ သမဂ္ဂတွေ တည်ထောင်ခွင့်မရှိတော့တဲ့ကာလမှာ ပေါ်ပေါက်ခဲ့တဲ့ လူထုအုံကြွမှုမှန်သမျှဟာ မီးပွားလေးကနေ တောမီးကြီးဖြစ်လာတာမျိုးချည်းပါ။ ခြွင်းချက်မရှိပါဘူး။

အတိုက်အခံတိုင်း မီးခြစ်တလုံးစီကိုင်ကြပါ။

(ဗညှ)

# လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ယူနီကယ်မှ ဒေါ်လာ (၂၈) သန်း လျော်ကြေးပေးအပ်

တနင်္သာရီတိုင်း၊ ကံပေါက်ဒေသတွင် ရတနာ သဘာဝဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ခဲ့စဉ်က လူ့အခွင့်အရေးချိုးဖောက်ခဲ့သော ယူနိုကယ်ကုမ္ပဏီအား ထိုင်းအခြေစိုက် (FTUB) မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်နှင့် ဝါရှင်တန်အခြေစိုက် (Uprise International) အဖွဲ့များက တရားစွဲဆိုခဲ့ရာ ယူနိုကယ်ကုမ္ပဏီက အမေရိကန်ဒေါ်လာ (၂၈) သန်းပေးပြီး ကျေအေးလိုက်သည်။

လျော်ကြေးငွေများကို နိုင်ငံရေးလှုပ်ရှားမှုများတွင်သုံးစွဲခွင့်မရှိဆိုသော ကန့်သတ်ချက်ကြောင့် (FTUB) မှ လျော်ကြေးငွေကို မယူပဲ ငြင်းပယ်ခဲ့သည်။ (FTUB) အတွင်းရေးမှူး ဦးမောင်မောင်က "ယူနိုကယ်က သူတို့ကို ကျေအေးပါလို့ပြောလို့ ကျနော်တို့ ကျေအေးတယ်။ ကျေအေးတဲ့နေရာမှာ လာပြီးတော့ တားမြစ်ချက်တွေနဲ့ လာလုပ်လို့မရဘူးဆိုတဲ့ နိုင်ငံရေးသဘောထားကို ကျနော်တို့ပြပေးတယ်။ ကျနော်တို့ လက်မခံတဲ့အဓိကအချက်တွေကတော့ တစ်အချက်ကတော့ ဗမာပြည်နဲ့ပတ်သက်လို့ ဗမာပြည်ရဲ့လက်ရှိအစိုးရကို အပြောင်းအလဲလုပ်ဖို့ ဒီငွေကြေးကို အသုံးမပြုရဘူးဆိုတဲ့အချက်ပါတယ်။ နံပါတ်နှစ်အချက်က ဗမာပြည်မှာရှိတဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေ ဥပမာအားဖြင့်ဆိုလို့ရှိရင် အဲန်အယ်လ်ဒီပါတီဆိုတဲ့ကိစ္စပါတယ်။ နောက်ဗမာပြည်မှာရှိတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေ ဥပမာ ကေအဲန်ယူဆိုတဲ့ စကားလုံးကို သီးသန့်ထည့်ထားတယ်။ ဆိုတော့ ကျနော်တို့က အဲန်အယ်လ်ဒီအပါအဝင် နိုင်ငံရေးပါတီတွေကို အကူအညီမပေးရဘူး။ ကေအဲန်ယူအပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းတွေကို အကူအညီမပေးရဘူး။ ဗမာပြည်မှာရှိတဲ့ လက်ရှိအစိုးရကို ဆန့်ကျင်တဲ့ကိစ္စတွေမလုပ်ရဘူး။ ဒီမိုကရေစီရေးအတွက် မသုံးရဘူးဆိုတဲ့အချက်တွေကတော့ ကျနော်တို့မူနဲ့မညီတဲ့အတွက်ကြောင့် ကျနော်တို့ဒီစာချုပ်ကိုလက်မှတ်မထိုးဘူး။ ငွေရေးကြေးရေးလည်း ကျနော်တို့တပြားမှမယူဘူးလို့ ကျနော်တို့ပြောခဲ့ပါတယ်။" ဗွီအိုအေအား ပြောကြားသွားခဲ့သည်။

(Uprise International) အဖွဲ့ကမူ ၎င်းတို့အဖွဲ့သည် လူမှုရေးအတွက် သက်သက်ဆောင်ရွက်မည့်အဖွဲ့ဖြစ်သည့်အတွက် ရရှိမည့်လျော်ကြေးများကို လက်ခံမည်ဖြစ်ကြောင်းသိရသည်။ (Uprise International) အဖွဲ့၏ အမှုဆောင်ညွှန်ကြားရေးမှူး ကိုကစောဝါးက "ဒီငွေကြေးတွေက ဗမာပြည်က လက်နက်ကိုင်တပ်တွေနဲ့သော်လည်းကောင်း၊ ဗမာပြည်မှာလုပ်နေတဲ့ ဒီမိုကရေစီအဖွဲ့တွေကိုသော်လည်းကောင်း၊ ဒီငွေကြေးက သွားလို့မရတဲ့အပေါ်မှာ သူတို့ကမကျေနပ်လို့တရားစွဲတဲ့အပေါ်မှာ တရားသူကြီးက သူတို့ရဲ့တောင်းဆိုချက် ကိုဆန့်ကျင်လိုက်ပါတယ်။

ဒါပေမယ့် ကျနော့်အနေနဲ့ကတော့ ကျနော်က နိုင်ငံရေးသမားမဟုတ်တဲ့အပြင် ကျနော်က တိုက်ခိုက်နေတဲ့သူ တယောက်လည်းမဟုတ်တဲ့အတွက် ဒီငွေကြေးဟာဘယ်နိုင်ငံရေးပါတီမှ မရောက်ပဲနဲ့တိုင်းသူပြည်သားလက်ထဲပဲ ရောက်မှာဖြစ်တဲ့အတွက် ကျနော်ကိုယ်တိုင်အနေနဲ့ ဘာမှသဘောမတူညီနိုင်စရာမရှိဘူးလို့၊ အဖွဲ့အစည်းအနေနဲ့ရောကျနော်ကိုယ်တိုင် တယောက်တည်းအနေနဲ့ရော သဘောတူညီခဲ့ပါတယ်" ဟုပြောသည်။

လျော်ကြေးငွေ (၂၈) သန်းကိုရှေ့နေအဖွဲ့က (၁၀) သန်း၊ တရားစွဲဆိုခဲ့သောကံပေါက်ရွာသား (၁၄) ဦးက (၁၀) သန်း၊ တရားစွဲဆိုရန် ကူညီပေးခဲ့သောသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ (၂) သန်းနှင့် ကံပေါက်ဒေသဖွံ့ဖြိုးရေးအတွက် (၅) သန်းခွဲဝေ ယူကြရန်သဘောတူညီခဲ့ကြသည်။

# ရုရှားမှအကြီးဆုံးလက်နက်ကုန်သည် မြန်မာပြည်တွင် ရုံးခန်းဖွင့်မည်

ရုရှားမှ အကြီးဆုံးလက်နက်ကုန်သည်ပွဲစား (Rosoboronexport) သည် သူ၏ရုံးခန်းတခန်းကို မြန်မာပြည်၌ ယခုနှစ်ကုန်ပိုင်းတွင် ဖွင့်လှစ်ရန်စီစဉ်နေပြီဖြစ်သည်။

(Rosoboronexport) ညွှန်ကြားရေးမှူးချုပ် (Sergei Chenezov) က သတင်းထောက်များအား ဘယ်လ်ဂျီယံ၊ မြန်မာ၊ အီတလီနဲ့ ဗင်နီဇွဲလားတွင် ရုံးခွဲဖွင့်လှစ်ရန် အစီအစဉ်ရှိကြောင်း ပြီးခဲ့သည့်နှစ်က ပြောဆိုခဲ့သည်။

(Chenezov) က "ဒီလို ရုံးခွဲဖွင့်လှစ်လိုက်မယ်ဆိုရင် ကမ္ဘာ့လက်နက်ဈေးကွက်မှာ ကျနော်တို့တတွေ လွှမ်းမိုးနိုင်အားချဲ့ထွင်ရေးမှာ အထောက်အကူဖြစ်မှာပါ။ ရုရှားလက်နက်တွေကိုဝယ်ယူဖို့ စိတ်ဝင်စားတဲ့နိုင်ငံတွေမှာ ကျနော်တို့ကိုယ်စားလှယ်ရုံးတွေဖွင့်လှစ်ပါမယ်"လို့ ပြောသည်။

ဆက်လက်၍ သူက "ကျနော်တို့အကျိုးစီးပွားကိုမြင်တွေ့ရပြီဆိုရင် ကျနော်တို့တတွေဟာ ကျနော်တို့ရဲ့ကိုယ်စားလှယ်တွေအမြန်ဆုံးလွှတ်ပြီး အဲဒီနိုင်ငံတွေက ကာကွယ်ရေးဝန်ကြီးဌာန ဒါမှမဟုတ် တခြား ယူနီဖောင်းဝတ်အေဂျင်စီတွေနဲ့ဆက်သွယ်ပြီး ကျနော်တို့ရဲ့နည်းပညာတွေ၊ စီးပွားရေးစီမံချက်တွေကိုပေးမယ်၊ ရုရှားလက်နက်တွေ၊ စစ်လက်နက်အသုံးအဆောင်တွေနဲ့ ပတ်သက်တာတွေကို သတင်းအချက်အလက်ပေးမယ်" ဟုပြောသည်။

နအဖသည် ရုရှားကုမ္ပဏီများထံမှ လက်နက်ဝယ်ယူမှုအစဉ်အလာရှိပြီး ရုရှားထံမှ တိုက်လေယာဉ်အပေါ့စားနှင့် လက်နက်မျိုးစုံကို ဝယ်ယူခဲ့သည်။ ❖

# တိုင်းရင်းသားလူမျိုးများကောင်စီ ဒုတိယအကြိမ်ပြန်လည်ဖွဲ့စည်း




တိုင်းရင်းသားလူမျိုးများကောင်စီ ဒုတိယအကြိမ်ပြန်လည်ဖွဲ့စည်းခြင်းအခမ်းအနား

ယနေ့ မြန်မာနိုင်ငံတွင် နိုင်ငံရေးပြဿနာများကြောင့် ပြည်သူတရပ်လုံး ရင်ဆိုင်နေရသော လူမှုရေးအကြပ်အတည်းများကိုနိုင်ငံရေးနည်းဖြင့် အဖြေရှာနိုင်ရန်အတွက် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ အမြန်ဆုံးဖြစ်ပေါ်လာရေးကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု အီးအဲန်စီ (ခေါ်) တိုင်းရင်းသားလူမျိုးများကောင်စီက စက်တင်ဘာလ (၂၁) ရက်နေ့က ကြေညာချက်ထုတ်ပြန်လိုက် သည်။ ထိုင်း–မြန်မာ နယ်စပ်တနေရာတွင် ယခုလ (၁၉) ရက်နေ့မှ စတင်ကာ (၃) ရက်ကြာပြုလုပ်ခဲ့သော တိုင်းရင်းသားလူမျိုးများကောင်စီ ဒုတိယအကြိမ် ဖွဲ့စည်းခြင်းအစည်းအဝေးမှ ယခုကဲ့သို့ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ထိုအစည်းအဝေးသို့ ပြည်နယ်နှင့်တပ်ပေါင်းစုများမှ ကိုယ်စားလှယ် (၄၀) ဦးတက်ရောက်ပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထိုအစည်းအဝေးမှ လက်ရှိနိုင်ငံရေးအခြေအနေများကို ရှုဒေါင့်ပေါင်းစုံမှ သုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များကိုလည်း ချမှတ်နိုင်ခဲ့ကြသည်။ ယင်းတို့ကို အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းကော်မတီ (၅) ရပ်ကိုလည်း ဖွဲ့စည်းခဲ့ကြသည်။ ယင်းတို့မှာ နိုင်ငံ တကာရေးရာကော်မတီ၊ ဖွဲ့စည်းပုံအခြေခံ ရေးရာကော်မတီ၊ မဟာဗျူဟာလေ့လာရေးကော်မတီ၊ စီးပွားရေးစီမံကိန်းရေးရာ ကော်မတီနှင့်စည်းရုံးရေးနှင့် ပြန်ကြားရေးကော်မတီတို့ဖြစ်သည်။ စစ်အုပ်ချုပ်ရေးကြောင့် အတိဒုက္ခရောက်နေသော ပြည်သူလူထုကို ကယ်တင်နိုင်ရေးနှင့် အပြည်ပြည်ဆိုင်ရာမှ လူသားချင်းစာနာသည့် အထောက်အကူများ ရရှိရေးအတွက်လည်း တိုင်းရင်းသားလူမျိုးများကောင်စီမှ ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ထိုကြေညာချက်တွင် ဖော်ပြထားသည်။ အထွေထွေအတွင်းရေးမှူး ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက "ကျနော်တို့ လိုလားတာက ဖက်ဒရယ်ပြည်ထောင်စုဖြစ်သည်၊ ယခုပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေကိုအခြေပြုပြီး ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံကိုရေးဆွဲနေပါသည်"ဟု ပြောဆိုသည်။ ထို့အပြင် "အမေရိကန်က မြန်မာ့အရေးနှင့်ပတ်သက်ပြီး လုံခြုံရေးကောင်စီသို့ တင်မည်ဆိုသည့်အချက်ကို မိမိတို့ ထောက်ခံကြောင်းနှင့် မိမိတို့အနေနှင့် မြန်မာပြည်အသွင်ကူး ပြောင်းရေးအတွက် အဓိကအားဖြင့် အိမ်နီးချင်းနိုင်ငံများပါလာရန် စည်းရုံးမည်၊ အထူးသဖြင့် တရုတ်သည် လုံခြုံရေးကောင်စီတွင် ဗီတိုပါရှိသော နိုင်ငံတခုဖြစ်ခြင်းကြောင့် ထိုနိုင်ငံအား အနည်းဆုံးကြားနေပေးရန် ချဉ်းကပ်စည်းရုံးရန် ဆုံးဖြတ်ထားသည်"ဟု ပြောဆိုသည်။ တိုင်းရင်းသားလူမျိုးများကောင်စီကို ပြည်နယ်များကိုအခြေခံပြီး (၂၀၀၄)ခုနှစ် ဇန်နဝါရီလတွင် စတင်ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (ယူအဲန်အယ်လ်ဒီ)နှင့် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (အဲန်ဒီအက်ဖ်) တို့ကိုလည်း ပါဝင်စေခဲ့ပြီး ယခုကဲ့သို့ ဒုတိယအကြိမ်ပြန်လည်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ❖

# ၂၀၀၅ ခုနှစ်အတွက် မြန်မာအမျိုးသမီးအဖွဲ့များ အမျိုးသမီးအခွင့်အရေးဆုရရှိ

ဩဂုတ်လ (၁၉) ရက်နေ့က အမေရိကန်နိုင်ငံ၊ နယူးယောက်ရှိ အမျိုးသမီးအခွင့်အရေးနှင့် တရားမျှတမှုထွန်းကားရေး ကူညီဆောင်ရွက်ပေးနေသည့် ပီတာဂရူးဘားဖောင်ဒေးရှင်း (Peter Gruber Foundation) အဖွဲ့က ၂၀၀၅ ခုနှစ်အတွက် အမျိုးသမီးအခွင့်အရေးဆုကို အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ( WLB) နှင့် ရှမ်းအမျိုးသမီးရေးရာအဖွဲ့ (SWAN) တို့အားပေးအပ်ခဲ့ရာ (WLB) သဘာပတိအဖွဲ့ဝင် ဒေါ်သင်းသင်းအောင်နှင့် (SWAN) အဖွဲ့ကိုယ်စား နန်းစံနောင်းတို့က လက်ခံရယူခဲ့သည်။ ဒေါ်သင်းသင်းအောင်က "စစ်မှန်တဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ မဖြစ်ရင်တော့ အမျိုးသမီးတွေခံစားနေရတဲ့ ဒုက္ခတွေက အဆုံးသတ်သွားဖို့မရှိပါဘူး။ ဒါကြောင့် နိုင်ငံရေးပြုပြင်ပြောင်းလဲဖို့ကျမတို့ တောင်းဆိုနေတာဖြစ်တယ်"ဟု အမျိုးသမီးသတင်းစဉ်တွင် ပြောသွားခဲ့သည်။

ဖောင်ဒေးရှင်းဥက္ကဋ္ဌ ပီတာဂရူးဘားက မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ်နှင့် ရှမ်းအမျိုးသမီးရေးရာအဖွဲ့တို့၏လုပ်ဆောင်ချက်များသည် မြန်မာနိုင်ငံအမျိုးသမီးထုကြီးနှင့် ထောင်ပေါင်းများစွာသော ဒုက္ခသည်များအတွက် ဘဝသစ်နှင့် မျှော်လင့်ချက်များကို ဆောင်ကျဉ်းပေးကြောင်း၊ ကျွန်ုပ်တို့သည် ၎င်းတို့၏ လူသားဂုဏ်သိက္ခာနှင့် လွတ်လပ်မှုအတွက် စွမ်းစွမ်းတမံကြိုးပမ်းမှုအတွက် ဂုဏ်ပြုရခြင်းအား ကျေနပ်မိပါကြောင်း ကြေညာချက်တွင် ပြောဆိုသည်။ အမျိုးသမီးအခွင့်အရေးများကို ပိုမိုထောက်ပံ့ကူညီနိုင်ရန် ဆုကြေးငွေ အမေရိကန်ဒေါ်လာ (၂၀၀,၀၀၀) နှင့် ရွှေတံဆိပ်ကိုအဖွဲ့ကြီးက ချီးမြှင့်မည်ဖြစ်သည်။

ယခုရရှိသည့်ဆုငွေများကို အမျိုးသမီးများ၏နိုင်ငံရေးလုပ်ပိုင်ခွင့် အစီအစဉ်သစ်အား အကောင်ထည်ဖော်ရန်အတွက် အသုံးပြုသွားမည်ဟုသိရသည်။ ( WLB) ၏ အထွေထွေအတွင်းရေးမှူး နန်းရိမ်က မြန်မာပြည်ရှိ အမျိုးသမီးများ သည်ကိစ္စများစွာကို ဆောင်ရွက်နေကြောင်း၊ သို့ရာတွင် အမျိုးသမီးများအတွက် နိုင်ငံရေးတွင် အကန့်အသတ်များရှိနေသည်ကို မိမိတို့တွေ့မြင်ရကြောင်း ပြောသည်။

ချင်းမိုင်အခြေစိုက် အမျိုးသမီးများအဖွဲ့ချုပ်သည် တဒါဇင်ကျော်သောတိုင်းရင်းသားအမျိုးသမီးအဖွဲ့ငယ်များ စုပေါင်းဖွဲ့စည်းထားသောအဖွဲ့အစည်းဖြစ်ပြီး အိန္ဒိယနှင့် တရုတ်အပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက မြန်မာပြည်နိုင်ငံရေးအခြေအနေများ ပြောင်းလဲသွားရန် ရှေ့ရှုဆောင်ရွက်ပေးကြရေး လှုံ့ဆော်ကြိုးပမ်းနေသည်။

(SWAN) အဖွဲ့သည် ရှမ်းပြည်မြောက်ပိုင်းတွင် ၁၉၉၆မှစ၍ (၅) နှစ်ကျော်အတွင်း နအဖစစ်သားများကျူးလွန်ခဲ့သော မုဒိန်းမှုများကို သက်သေအထောက်အထား ခိုင်ခိုင်လုံလုံဖြင့်တင်ပြထားသော မုဒိန်းကျင့်ခွင့်လိုင်စင် ( licence to rape) အစီရင်ခံစာကို ၂၀၀၂ တွင် ထုတ်ပြန်ခဲ့သော အဖွဲ့ဖြစ်သည်။

ဆီမီးတံတား
CANDLE BRIDGE
သီတင်းကျွတ်တေးဂီတပွဲတော်
မဲဆောက်ရောက် မြန်မာပြည်သားများအားလုံး ကျနော်တို့နှင့်အတူ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြပါရန် ဖိတ်ခေါ်အပ်ပါသည်။
ဝပ်ချွန်ဖုံး ဘုန်းကြီးကျောင်းဝင်း။
ည (၇) နာရီမှ (၁၂) နာရီထိ။
19, October 2005

# ကချင်ဒီမိုကရေစီသစ်တပ်မတော် အဲန်ဒီအေကေတပ်ဖွဲ့တွင်း အာဏာသိမ်းမှုဖြစ်ပွား

နအဖနှင့် အပစ်အခတ်ရပ်စဲထားသော ကချင်ဒီမိုကရေစီသစ်တပ်မတော် (NDAK) တပ်ဖွဲ့တွင်း စက်တင်ဘာ (၁၄) ရက်နေ့ ည (၁၀) နာရီခန့်က အာဏာသိမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ ဥက္ကဋ္ဌ ဦးစခုန်တိန့် ယိမ်း မရှိခိုက်အချိန်တွင် အတွင်းရေးမှူး လ ရောက်ဇလွန်းနှင့် စစ်ဦးစီးချုပ် မဂျီခေါင်လွန်းတို့က ပူးပေါင်း၍ အာဏာသိမ်းယူလိုက်ခြင်းဖြစ်သည်။ ဥက္ကဋ္ဌ ဦးစခုန်တိန့်ယိမ်းသည် (NDAK) အဖွဲ့၏ စီးပွားရေးလုပ်ကွက်ဖြစ်သော ချီဖွေဒေသရှိ ရွှေတွင်းများကို နအဖစစ်တပ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် လက်အောက်ခံတပ်ရင်းများက ဖျက်ဆီးခြင်းကိစ္စနှင့်ပတ်သက်၍ ရန်ကုန်သို့သွားရောက်ဆွေးနွေးနေချိန်ဖြစ်သည်။ အာဏာသိမ်းစတွင် ဦးစခုန်တိန့်ယိမ်းမိသားစုနှင့် ဦးစခုန်တိန့်ယိမ်း၏ လက်ရုံးတပ်ဖွဲ့ဟုဆိုသော တရုတ်လက်နက်ကိုင်အဖွဲ့များကိုဖမ်းဆီး၍ လက်နက်ဖြုတ်ချလိုက်သည်။

စက်တင်ဘာ (၁၆) ရက်နေ့တွင် အာဏာသိမ်းအဖွဲ့မှ ဥက္ကဋ္ဌ ဦးစခုန်တိန့်ယိမ်းအား အာဏာကိုတဦးတည်းချုပ်ကိုင်မှု၊ စီးပွားရေးကို တဦးတည်းလက်ဝါးကြီးအုပ်ထားမှု၊ တရုတ်များအား လက်နက်တပ်ဆင်ပေးကာ အလွဲသုံးစားပြုမှုနှင့် မူးယစ်ဆေးဝါးကိစ္စတွင် ပါဝင်ပတ်သက်မှုဟူ၍ စွပ်စွဲချက် (၄) ချက်ဖြင့် ဥက္ကဋ္ဌရာထူးမှထုတ်ပယ်လိုက်ကြောင်း ဒေသခံများအားကြေညာခဲ့သည်။

(NDAK) အဖွဲ့တွင်း အခြေအနေရှုတ်ထွေးနေချိန်တွင် နအဖတပ်ရင်း (၁၃၇) နှင့်ဝိုင်းမော်အခြေ စိုက်စစ်ဗျူဟာတို့က (NDAK)ထိန်းချုပ်ရာဒေသများတွင် စတင်လှုပ်ရှားကာ တရုတ်နယ်စပ်ထွက်ပေါက်များကို ထိန်းချုပ်လိုက်သည်။ ထို့ပြင် နယ်စပ်ဒေသခံရဲများက တရုတ်လက်နက်ကိုင် (၁၀) ဦးကိုဖမ်းဆီးကာ ဌာနချုပ်ပန်ဝါရှိ အာဏာသိမ်းအဖွဲ့များထံအပ်နှံခဲ့သည်။

မပခ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က နှစ်ဘက်ခေါင်းဆောင်များကို စေ့စပ်ညှိနိုင်းပေးသယောင်နှင့် တဖက်မှနေ၍လည်း လက်အောက်ခံတပ်ရင်းများကို (NDAK) ထိန်းချုပ်ရာဒေသများဆီသို့ လွှတ်ပေးကာအမြတ်ထုတ်ခဲ့သည်။ (NDAK) တပ်ဖွဲ့တွင်း၌လည်း ဥက္ကဋ္ဌ ဦးစခုန်တိန့်ယိမ်းကို ထောက်ခံသူများနှင့် မထောက်ခံသူများကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်။ (၂၈၊ ၉၊ ၂၀၀၅) ရက်နေ့တွင် ဥက္ကဋ္ဌ ဦးစခုန်တိန့်ယိမ်းအား ထောက်ခံသောအဖွဲ့မှ ပန်ဝါဒေသကိုထိန်းချုပ်နိုင်ခဲ့ကြောင်း၊ အာဏာသိမ်းခေါင်းဆောင်အတွင်းရေးမှူး ဦးဇလွန်း၊ စစ်ဦးစီးချုပ် မဂျီခေါင်လွန်းအပါအဝင် (၆) ဦးကို ခုံရုံးတင် စစ်ဆေးမည်ဖြစ်ကြောင်း၊ အခြားတပ်ဖွဲ့ဝင်များကို အရေးမယူဘဲ မူလတာဝန်များပြန်လည်ထမ်းဆောင်ခွင့်ပြုမည်ဖြစ်ကြောင်း ဥက္ကဋ္ဌ ဦးစခုန်တိန့်ယိမ်း၏သား တပ်မှူး မန်ဆန်တိန့်ယိမ်းက ဒေသခံပြည်သူလူထုအား ရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ လောလောဆယ် ပန်ဝါအခြေအနေမှာ ပုံမှန်ပြန်ဖြစ်နေပြီး တရုတ်အာဏာပိုင်ဘက်မှလည်း နယ်စပ်ဂိတ်များကိုပြန်လည်ဖွင့်ပေးလိုက်ပြီဟု သိရှိရသည်။



ကချင်ဒီမိုကရေစီတပ်မတော် ဥက္ကဋ္ဌ ဦးစခုန်တိန့်ယိမ်း

ပန်ဝါအခြေစိုက် (NDAK) ခေါ် ကချင်ဒီမိုကရေစီသစ်တပ်မတော်သည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ (၁၀၁) စစ်ဒေသဖြစ်ပြီး နအဖနှင့် ၁၉၈၉ ဒီဇင်ဘာ (၁၅) ရက်နေ့တွင် အပစ်အခတ်ရပ်စဲထားသော အဖွဲ့ဖြစ်သည်။

❖

ဂါမဏိ ဘာသာပြန်ဆိုသည့်



မင်ဒဲလား၏ ရန်သူနှင့်စကားပြောခြင်း
မမကြီးစာပေ
(မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ) မှ
မကြာမီ ထုတ်ဝေမည်။
P. O. BOX (91) Mae Sot, Tak 63110, Thailand.

# နိုင်ငံတကာ

## သတင်းတိုထွာ

### မြောက်ကိုးရီးယားအား အစာအစားထောက်ပံ့မှုရပ်ရန် ယူအဲန်အားပန်ကြား

မြောက်ကိုရီးယားအား ဒုတိယနိုင်ငံခြားရေးဝန်ကြီး (Choe Sr-hon) က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်အားငင်းတို့အား ထောက်ပံ့နေသော အစားအစာ၊ ဆေးဝါးနှင့် အခြားလူမှုရေးအကူအညီအားလုံးကို ၂၀၀၅ ခုနှစ်နောက်ဆုံးထား၍ ရပ်ဆိုင်းရန် တောင်းဆိုခဲ့သည်ဟု သိရှိရသည်။ မစ္စတာ (Choe) ကလည်းကောင်း၏ နိုင်ငံ၏အစားအစာ ထုတ်လုပ်မှု တိုးတက်လာပြီးဖြစ်သည့်ပြင် အမေရိကန်ပြည်ထောင်စု၏ ၎င်းပြဿနာကို လူ့အခွင့်အရေးပြဿနာနှင့်ဆက်စပ်ပြီး နိုင်ငံရေးအရ အမြတ်ထုတ်နေသောကြောင့်ဖြစ်သည်ဟု ထုတ်ဖော်ရှင်းလင်းခဲ့သည်။

သို့ရာတွင် ကုလသမဂ္ဂအရေးပေါ် အကူအညီပေးရေးညှိနှိုင်းရေးမှူး (Jan Egeland) က မြောက်ကိုရီးယား၏ ယခုဆုံးဖြတ်ချက်ကို ပြန်ပြောင်းစဉ်းစားပါရန် ပန်ကြားလိုက်သည်။ ကေစာကျင့်သုံးနေသည့် မြောက်ကိုရီးယားနိုင်ငံ လူဦးရေ၏ (၇) ရာခိုင်နှုန်းသည် ငတ်မွတ်ခေါင်းပါးမှုဘေးကို ရင်ဆိုင်နေရပြီး (၃၇) ရာခိုင်နှုန်းသည် နာတာရှည် အာဟာရချို့တဲ့မှုကို ခံစားနေရဆဲဖြစ်သည်ဟု ၎င်းက ပြောဆိုခဲ့သည်။ ❖

### စစ်အုပ်ချုပ်ရေးကြေငြာမည်ဟု စိုးရိမ်မှုအား သမတက ဝေဖန်ရှုံ့ချ

ဖိလစ်ပိုင်သမတ ဂလိုရီယာအာရိုယိုအစိုးရက စစ်အုပ်ချုပ်ရေးကြေငြာမည်ဟု စိုးရိမ်၍ ပြောဆိုဝေဖန်နေမှုများအား မဟုတ်တန်းတရား ပြောဆိုချက်များအဖြစ် တုံ့ပြန်လိုက်ပြီး လမ်းများပေါ်တွင် သူမအားနှုတ်ထွက်ရန် ဖိအားပေးဆန္ဒပြမှုများအား ဆက်လက်နှိမ်နင်းသွားမည်ဟု စက်တင်ဘာ (၂၅) ရက်နေ့က ထုတ်ဖော်ကြေငြာသည်။

ပြီးခဲ့သည့် အပတ်အတွင်းက အမြင့်ဆုံးစိတ်ရှည်သီးခံမှုပေါ်လစီကို စွန့်လွှတ်လိုက်ပြီး လမ်းပေါ်ဆန္ဒပြမှုများကို ဆန့်ကျင်ဖြိုခွဲမည့် အသေအချာ စိစစ်ချိန်ကိုက်ထားသည့် ကြိုတင်လက်ဦးမှုရယူမှုပေါ်လစီကို ကျင့်သုံးသွားမည်ဟု သမတကကြေငြာခဲ့သည်။ ယင်းကြေညာချက်အပေါ် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဩဇာကြီးမားလှသည့် ရိုမန်ကက်သလစ်ဘုန်းတော်ကြီးများက ထောက်ခံကြသည်။

လက်ဝဲယိမ်းအဖွဲ့များနှင့် အခြားလူထုအခြေပြုအဖွဲ့အစည်းများက မစ္စက်အာရိုယို၏ လမ်းပေါ်ဆန္ဒပြပွဲများကို တားဆီးရန်ဆုံးဖြတ်ချက်များကို ကန့်ကွက်ကြပြီး အာဏာရှင်နှင့် မားကို့စ်လက်အောက်တွင် စစ်အုပ်ချုပ်ရေးဥပဒေနှင့်နေထိုင်ခဲ့ရသည့် လွန်ခဲ့သော (၂) နှစ်ကာလသို့ ပြန်လည်ရောက်ရှိသွားပြီဟု ဝေဖန်ပြောဆိုရကြောင်း။ တချိန်တည်းမှာပင် အာရိုယို နှုတ်ထွက်ပေးရေး ဆန္ဒပြပွဲများကို ဆက်လက်ဆင်နွှဲလျှက်ရှိကြသည်။ ❖

### ကိုအိဇူမီ ဘုရားကျောင်းသွားရောက်ဖွယ်ရှိ

ဂျပန်ဝန်ကြီးချုပ် ဂျူနီချီယိုကိုအိဇူမီသည် အငြင်းပွားဖွယ်ရာဖြစ်နေသည့် စစ်အတွင်း ဂျပန်စစ်ရာဇဝတ်ကောင်များ မြှုပ်နှံထားသည့် ဘုရားကျောင်းသို့ တရုတ်နှင့်ကိုးရီးယားတို့ ဆန့်ကျင်မှုကိုရင်ဆိုင်နေသည့်ကြားမှ ယခုနှစ်ကုန်ပိုင်းတွင် သွားရောက်ဖွယ်ရှိကြောင်း အစိုးရနှင့်နီးစပ်သော အသိုင်းအဝိုင်းမှ ထုတ်ဖော်ပြောကြားသည်။

ကိုအိဇူမီ၏ လက်ထောက်တဦးဖြစ်ပြီး အာဏာရ လစ်ဗရယ်ဒီမိုကရက်တစ်ပါတီ၏ ဒုဥက္ကဋ္ဌဟောင်းတဦးဖြစ်သူ မစ္စတာ တာကူရမာဆာကီက ရက်အတိအကျမသိသေးသော်လည်း ဝန်ကြီးချုပ်၏ ရာဆူကူနီဘုရားကျောင်းသို့ ယခုနှစ်အတွင်း ဝတ်ပြုသွားရောက်မည်ဖြစ်ကြောင်း ပုဂ္ဂလိကပိုင် ဖူဂျီရုပ်မြင်သံကြားမေးမြန်းခန်းတခု၌ ထုတ်ဖော်ပြောကြားသည်။

၂၀၀၁ ခု၊ ဝန်ကြီးချုပ်စဖြစ်စဉ်ကာလကပင် ကိုအိဇူမီက စစ်ရာဝတ်ကောင် (၁၄) ဦး အပါအဝင် ဂျပန်စစ်သား (၂) သန်းခွဲအား ဂုဏ်ပြုဆောက်လုပ်ထားသည့် ယင်းဘုရားကျောင်းအား ဆုတောင်းသွားရောက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဒုတိယကမ္ဘာ စစ်အတွင်းက ဂျပန်ဖက်ဆစ်တို့၏ ကျူးကျော်မှုကို အလူးအလဲခံခဲ့ရသည့် တရုတ်နှင့် ကိုရီးယားတို့ကမူ ယင်းဘုရားကျောင်းအား စစ်ပွဲအထိမ်းအမှတ်အဖြစ်ရှုမြင်ပြီး ကိုအိဇူမီမှ ဘုရားကျောင်းသို့ သွားရောက်ဝတ်ပြုခြင်း အပေါ်ကန့်ကွက်ရှုံ့ချမှုများ ကြီးထွားလျက်ရှိသည်။ ❖

### အီရတ်စစ်ပွဲအတွင်း အမေရိကန်နှင့်ညွန့်ပေါင်းစစ်သားအကျအဆုံး

[စီအဲန်အဲန်]

၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ (၅) ရက်နေ့ထိ ကျဆုံးသွားသော အမေရိကန်နှင့် ညွန့်ပေါင်းတပ်ဖွဲ့ များမှအတည်ပြုပြီးစစ်သားဦးရေမှာ စုစုပေါင်း (၂,၀၈၁)ဦး ရှိသွားပြီဖြစ်ပြီး ၎င်းတို့မှာ အမေရိကန်စစ်သား(၁,၈၈၇)၊ ဗြိတိသျှစစ်သား (၉၅) ဦး၊ ဘူဂေးရီးယားစစ်သား (၁၃) ဦး၊ ဒိန်းမတ်စစ်သား (၁) ဦး၊ ဒတ်ချ်စစ်သား (၂) ဦး၊ အက်စ်တိုနီးယားစစ်သား (၂) ဦး၊ ဟန်ဂေ ရီစစ်သား (၁) ဦး၊ အီတလီစစ်သား (၂၆) ဦး၊ ဂါဇက်စစ်သား (၁) ဦး၊ လတ်ဗီယန်းစစ်သား (၁) ဦး၊ ပိုလန်စစ်သား (၁၇) ဦး၊ ဆာဗေးဒိုးစစ်သား (၁) ဦး၊ ဆလိုဗက်စစ်သား (၃) ဦး၊ စပိန်စစ်သား (၁၁) ဦး၊ ထိုင်းစစ်သား (၂) ဦးနှင့် ယူကရိန်းစစ်သား (၁၈) ဦးတို့ ဖြစ်ကြသည်။ ပင်တဂွန်သတင်းဌာနအရ စစ်ပွဲအတွင်းဒဏ်ရာရရှိသော အမေရိကန်စစ်သားများမှာ (၁၄,၂၆၅) ဦး ရှိပြီးဖြစ်သည်။

## သူပုန်များအပေါ် လွတ်ငြိမ်းချမ်းသာခွင့် အယ်ဂျီရီးယားပြည်သူတို့ မဲပေးဆုံးဖြတ်



မဲပေးဆုံးဖြတ်ရန် မဲပုံများသယ်ယူနေကြစဉ်

အိမ်နီးနားခြင်းအချင်းချင်း ဖက်ပြိုင်အံတုမှုများကို ဖြစ်ပေါ်စေပြီး၊ လူတသိန်းခွဲထက်မနည်း သေဆုံးခဲ့သည့် ဆယ်စုနှစ်တခုကြာ ရက်စက်ကြမ်းကြုတ်လှသည့် စစ်ပွဲအား ရပ်ဆိုင်းရန် ရည်ရွယ်ချက်ဖြင့် အစ္စလာမ်ဝါဒီစစ်သွေးကြွများအား တပိုင်းတစ လွတ်ငြိမ်းချမ်းသာခွင့်ပေးမှုကို စက်တင်ဘာလ (၃၀) ရက်နေ့က အယ်လ်ဂျီးရီးယားပြည်သူတို့က ဆန္ဒမဲပေးအတည်ပြုခဲ့သည်။

ပြည်ထဲရေးဝန်ကြီး ( Noureddine Zerhouni) မဲပေးဆန္ဒရှင်ပေါင်း (၁၈ ဒသမ ၃) သန်းအနက် (၈၀) ရာခိုင်နှုန်းကျော်က မဲပေးခဲ့သည့် ယင်းဆန္ဒခံယူပွဲတွင် (၉၇ ဒသမ ၄) ရာခိုင်နှုန်းက ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ စာတမ်းကို အတည်ပြုခဲ့ကြသည်ဟု ထုတ်ဖော်ပြောကြားသည်။

ယင်းသို့ ပြည်သူတရပ်လုံးက ထောက်ခံသည့်ရလဒ်သည် သမတကြီး (Abdelaziz Bouteflika) ၏ အောင်မြင်မှုအဖြစ် လေ့လာသူများက ယူဆကြသည်။ နိုင်ငံအရှေ့ပိုင်းပြည်နယ်များ အထူးသဖြင့် ဆန္ဒခံယူပွဲကို သပိတ်မှောက်ရန် အတိုက်အခံများက တောင်းဆိုနေကြသည့် မငြိမ်မသက်ဖြစ်နေသော ဘာဘာဒေသတွင် မဲပေးမှုကို ရပ်ဆိုင်းထားခဲ့ရသည်။ (Tizi Ouzou) တွင် မဲပေးမှုမှာ (၁၁ ဒသမ ၅) ရာခိုင်နှုန်းမျှသာရှိခဲ့သည်။

ပြည်ပြေးအဖွဲ့ငယ်တဖွဲ့ဖြစ်သည့် အတိုက်အခံဆိုရှယ်လစ် အင်အားစု တပ်ပေါင်းစုခေါင်းဆောင် ( Hocine Ait Ahmed ) ကမူ သည်စာတမ်းဟာ ငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေး အတွက် ဘာမှလုပ်ဆောင်မှာမဟုတ်ပါဘူး။ ဒါဟာ လက်ရှိသမတရဲ့အာဏာတွေ တိုးချဲ့ဖို့နဲ့ သူရဲ့ရည်မှန်းချက်တွေကို အသိအမှတ်ပြုလာစေရေးအတွက်လုပ်တဲ့ ဆန္ဒခံယူပွဲပါဟု ဝေဖန်ခဲ့သည်။

အယ်ဂျီရီးယား ပဋိပက္ခသည် ၁၉၉၂ ခုနှစ်က တိုင်းပြည်တွင် ပထမဆုံးအကြိမ် တရားဝင်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင်အနိုင်ရခဲ့သော အစ္စလာမ်လွတ်မြောက်ရေးတပ်ဦးအား အာဏာလွှဲပေးရန် စစ်တပ်မှ ငြင်းဆိုခဲ့ခြင်းမှ စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေက ထိပ်ပိုင်းအစ္စလာမ်ခေါင်းဆောင် များအား နိုင်ငံရေးတွင်ပါဝင်ခြင်းအား ပိတ်ပင်ခဲ့သည်။ ❖

## အီရတ်စစ်ပွဲအသုံးစရိတ်ကြောင့် အိတ်စ်ရောဂါအတွက် သုံးစွဲမှုလျော့ကျသွား ရုပ်ရှင်မင်းသမီးဂျိုလီက ထုတ်ဖော်ဝေဖန်ပြောကြားခဲ့



ကမ္ဘာကျော်ရုပ်ရှင်မင်းသမီး အန်ဂျီလီနီယာဂျိုလီအား ကွန်ဒိုလီဇာရိုက်၊ ဟေ်ရာဘုရှ်တို့နှင့်အတူတွေ့ရစဉ်

ကမ္ဘာကျော် ရုပ်ရှင်မင်းသမီးအန်ဂျီလီနီယာဂျိုလီက အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးအတွက် ပူးပေါင်းလုပ်ဆောင်မည့် မဟာမိတ်များကို ရှာဖွေနေစဉ်မှာပင် အမေရိကန်၏ အီရတ်စစ်ပွဲအသုံးစရိတ်ကြောင့် နိုင်ငံတကာ အိတ်စ်ရောဂါတိုက်ဖျက်ရေး ဘတ်ဂျက်လျော့ကျသွားကြောင်း ပြီးခဲ့သည့် စက်တင်ဘာလ (၂၈) ရက်နေ့က ထုတ်ဖော်ပြောဆိုခဲ့သည်။

"ကျမက စစ်ပွဲဆန့်ကျင်ရေးသမားတော့မဟုတ်ဘူး၊ ဒါပေမယ့် သူတို့ပြောတဲ့အတိုင်း အီရတ်စစ်ပွဲအတွက် လစဉ် သန်း (၅) ထောင် သုံးစွဲနေတယ်ဆိုရင်တော့၊ တချိန်ထဲမှာတော့ အိတ်စ်ရောဂါတိုက်ဖျက်ရေးအတွက် စုစုပေါင်းမှ သန်း (၁၅၀၀) သာသုံးနေတာပါ။ ဒါက ဘာအဓိပ္ပါယ်လဲ (၃) နှစ် (၅) နှစ် အီရတ်စစ်ပွဲ ဆက်ဖြစ်နေခဲ့ရင် ....''ဟု စီအဲန်အဲန် ရုပ်သံလွှင့်အစီအစဉ်နှင့် တွေ့ဆုံမေးမြန်းခန်းတခုတွင် ဂျိုလီမှ ပြောကြားခဲ့သည်။

နာမည်ကျော်မင်းသမီးက သူမ၏ ဝါရှင်တန်ခရီးစဉ်အတွင်း အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ရောဂါတိုက်ဖျက်ရေးအတွက် ကော်ပိုရေးရှင်းကြီးများထံမှ အလှူငွေရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

သူမက အမေရိကန်နိုင်ငံသည် သတ်မှတ်ထားသော ငွေအားလုံးကို မသုံးစွဲသေးကြောင်း အီရတ်စစ်ပွဲ၏ ရှစ်ပတ်စာ စစ်သုံးစရိတ်ဖြစ်သည့် (၂ ဒသမ ၃) ဘီလီယံသာ သုံးစွဲသေးကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

❖

# နိုင်ငံတကာ

## အာမေးနီးယမ်းများ အစုလိုက်အပြုံလိုက်အသတ်ခံရမှု၊ တူရကီမျိုးချစ်များကန့်ကွက်ဆန္ဒပြ



တူရကီမျိုးချစ်များကန့်ကွက်ဆန္ဒပြနေစဉ်

အော်တိုမန် တူရကီအင်ပါယာအတွင်း ပထမကမ္ဘာစစ်ကာလ၌ အာမေးနီးယမ်းများ အစုလိုက်အပြုံလိုက်အသတ်ခံရမှုနှင့် စပ်လျဉ်း၍ ကျင်းပရန်ရည်ရွယ်ထားသည့် အငြင်းပွားဖွယ်ရာ ကွန်ဖရင့်တရပ်ကို တူရကီအစိုးရက ပိတ်ပင်တားမြစ်လိုက်သည့်အတွက် ရာပေါင်းများစွာသော တူရကီမျိုးချစ်များက တူရကီအလံများကို ကိုင်ဆောင်လျက် စက်တင်ဘာ (၂၄) ရက်နေ့က အစ္စတန်ဘူမြို့တော်တွင် ကန့်ကွက်ဆန္ဒပြကြမည်ဟု သတင်းများအရ သိရှိရသည်။

အာမေးနီယမ်း အစုလိုက်အပြုံလိုက် လူသတ်ပွဲသည် တူရကီနိုင်ငံတွင် ဆတ်ဆတ်ထိမခံသည့် ပြဿနာတရပ်ဖြစ်သည်။ ၁၉၁၅ မှ ၁၉၂၃ ခုနှစ်အတွင်း အော်တိုမန်တူရကီ တပ်ဖွဲ့များ၏ စနစ်တကျ မျိုးပြုတ်သတ်ဖြတ်မှု လက်ချက်ဖြင့် အာမေးနီးယမ်းလူမျိုး တသန်းခွဲသေဆုံးခဲ့ရသည်။

ယင်းကွန်ဖရင့်ကို စက်တင်ဘာ (၃၀) ရက်နေ့က အစ္စတန်ဘူရှိ တက္ကသိုလ်နှစ်ခု၌ ကျင်းပရန် စီစဉ်ထားသော်လည်း၊ နောက်ဆုံးအချိန်ကျမှ တရားရုံးက တားဆီးမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အီးယူအဖွဲ့ဝင်နိုင်ငံဖြစ်ရေး ဆွေးနွေးပွဲမစတင်မီ ရက်ပိုင်းမတိုင်ခင် တူရကီအစိုးရအား ယင်းကွန်ဖရင့်က အကျပ်အတည်း ဖြစ်ပေါ်နိုင်မည်ဟု အကြောင်းပြ၍ တရားရုံးက တားဆီးခဲ့သည်ဟုသိရသည်။

၁၉၂၃ ခုနှစ် အော်တိုမန်အင်ပါယာ ပျက်သုဉ်းပြီး ပြာပုံဘဝမှ ပြန်လည်ထူထောင်ရာ၌ အဓိကပါဝင်ဦးဆောင်ခဲ့သူ မူစတာဖာကမဲအာတတ်ရဲ့ ဂုဏ်သိက္ခာနှင့် တူရကီနိုင်ငံတော်တို့ကို ဒီကွန်ဖရင့်က စော်ကားမော်ကားလုပ်ရာရောက်သည်ဟု လက်ဝဲဝါဒီ အစ္စတန်ဘူဌာနခွဲ၏ ခေါင်းဆောင် အာကယ်အွန်ဆယ်လ်က ထုတ်ဖော်ပြောကြားသည်။ သို့ရာတွင် မျိုးချစ်အလုပ်သမားပါတီကမူ ဆန္ဒပြသူများ၏ ဘီလ်ဂျီယူနီဗာစီတီ အပြင်ဖက်တွင်စုရုံးရောက်ရှိ ဆန္ဒပြနေကြောင်း ထုတ်ဖော်ပြောဆိုကြသည်။ ❖

## ဟာရီကိန်း ရစ်တာမုန်တိုင်းကြောင့် လူထောင်ပေါင်းများစွာ စွန့်ခွာနေရ

အမေရိကန်ပြည်ထောင်စု တက်ဆပ်နှင့် လူဝီဆီနီးယားပြည်နယ် ကမ်းခြေများသို့ တနာရီလျှင် (၂၂၅) ကီလိုမီတာနှုန်းဖြင့် ဦးတည်ရွေ့လျားလာသော ဟာရီကိန်းရစ်တာမုန်တိုင်းကြောင့် မြို့ကြီးများမှ လူထောင်ပေါင်းများစွာသည် အစုလိုက်အပြုံလိုက် နေအိမ်များကို စွန့်ခွာထွက်ပြေးလျက်ရှိကြသဖြင့် မြေမျက်နှာပြင်မြင့်ရာသို့ ဦးတည်လျက်ရှိ၏။ ပြည်နယ်အဝေးပြေးကားလမ်းမကြီးများတွင် ယာဉ်ကြောများ လုံးဝရပ်တန့်နေရသည့်အခြေအနေကို ကြုံတွေ့နေရကြောင်း စက်တင်ဘာ (၂၄) နေ့က ထုတ်ပြန်သော သတင်းများအရ သိရှိရသည်။

နယူးအော်လင်းမြို့တော်ဝန် ( Ray Nagin) က ဟာရီကိန်း ရစ်တာမုန်တိုင်းဟာ အလွန်အန္တရာယ်များကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ စစ်တပ်အင်ဂျင်နီယာတပ်ဖွဲ့မှ နယူးအော်လင်း၏ ရေကာတာများကို သဲအိတ်များထပ်မံချထားခြင်း၊ မြို့တော်များသို့ အဝင်ပေါက်တူးမြောင်းများကို (၁၈) မီတာရှည်လျားသည့် သတ္တုကာဘာများ ကန့်လန့်ဖြတ် ပိတ်ဆို့ခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။ နယူးအော်လင်းမြို့တော်တွင် စစ်သား (၅၀၀၀) နှင့် ပုလိပ်အရာရှိ (၁၄၀၀) ခန့် ကျန်ရှိနေသေးပြီး၊ လုံခြုံရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေဆဲဖြစ်သည်ဟု သိရသည်။

တက်ဆက်နှင့် လူဝီဆီးနီးယား ကမ်းခြေများတွင် ဓါတုဓေဒ စက်ရုံ၊ ရေနံနှင့် အမေရိကန်၏ ရေနံချက်စက်ရုံ စုစုပေါင်း၏ လေးပုံတစ်ပုံတည်ရှိရာ ဒေသဖြစ်သည့်အတွက် ယင်းမုန်တိုင်းကြောင့် တိုင်းပြည်၏ ရေနံ၊ ဓာတုစက်မှုလုပ်ငန်းကို အကြီးအကျယ် ထိခိုက်ပျက်ဆီးစေမည်ဟု ခန့်မှန်းပြောဆိုနေကြသည်။

ယင်းမုန်တိုင်း မတိုင်မီ တိုက်ခတ်သော ဟာရီကိန်းကက်ထရီနာကြောင့် အမေရိကန်နိုင်ငံ၏အကြီးဆုံး ဝင်ကုန်ထွက်ကုန်ဆိပ်ကမ်းမြို့ကြီးဖြစ်ပြီး၊ ကမ္ဘာ့ပဥ္စမမြောက်အကြီးဆုံး ဆိပ်ကမ်းမြို့ကြီးဖြစ်သည့် နယူးအော်လင်းမြို့ကို အကြီးအကျယ်ပျက်ဆီးစေခဲ့ပြီး လူတသောင်းနီးပါး သေကြေခဲ့သည်ဟုသိရှိရသည်။ ယင်းမြို့တော်အတွင်း လူယက်မှုများစွာဖြစ်ပွားသဖြင့် စစ်တပ်အင်အားသုံးသောင်း ချထားခဲ့ရသည်။ လုံခြုံရေးတာဝန်ယူသူ အီရတ်စစ်ပြန်တဦးက 'ကျုပ်တော့ အီရတ်စစ်မြေပြင်ကိုသာ ပြန်သွားချင်တော့တာပဲ' ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး နိုင်ငံတကာသဘောတူချက်တရပ်ဖြစ်သည့် (Kyoto Protocal) ကို အမေရိကန်က သဘောမတူ လက်မှတ်မထိုးခဲ့သည့်အတွက် သဘာဝတရားက သမတဘုရှ်ကို ဒဏ်ခတ်ခြင်းဖြစ်သည်ဟု ဝေဖန်သူတချို့က မှတ်ချက်ချပြောဆိုလျက်ရှိသည်။
❖


ဟာရီကိန်း မစ်တာမုန်တိုင်းကြောင့် ပျက်စီးသွားသော အဆောက်အဦးများ

## အီရတ်နိုင်ငံတွင် ကားဗုံးဖောက်ခွဲမှုများကြောင့် အီရတ်တွင် လူ ၁၁၀ ဦးသေဆုံး

အောက်တိုဘာ (၁၅) ရက်နေ့တွင် ကျင်းပမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်စပ်လျဉ်း၍ ဆန္ဒခံယူပွဲမတိုင်မီ အီရတ်နိုင်ငံတွင် (၄) ကြိမ် ကားဗုံးပေါက်ကွဲရာ စုစုပေါင်း လူ (၁၁၀) ထက်မနည်း သေဆုံးကြောင်း သတင်းရရှိသည်။

ရှိယက်လူမျိုးအများစု နေထိုင်ရာ ဘက္ကဒက်မြောက်ဘက် (Bulad) မြို့တွင် စက်တင်ဘာ (၂၉) ရက်နေ့က စုစုပေါင်း (၃) ကြိမ် ကားဗုံးပေါက်ကွဲမှုဖြစ်ရာ စုစုပေါင်း (၉၈) ဦးသေဆုံးခဲ့ကြောင်း၊ ဆေးရုံညွှန်ကြားရေးမှူး (Kassim Aboud) ကပြောကြားခဲ့သည်။ ထို့အပြင် စက်တင်ဘာ (၃၀) ရက်နေ့က အီရတ်တောင်းပိုင်းမြို့တမြို့ဖြစ်သည့် (Hilla) တွင်လည်း အလားတူ ကြီးမားပြင်းထန်သည့် ကားဗုံးပေါက်ကွဲခဲ့ရာ လူ (၁၂) ဦးသေဆုံးပြီး (၄၇) ဦး ဒဏ်ရာရရှိကြောင်း ပုလိပ်ဘက်မှ အရာရှိများက ထုတ်ဖော်ပြောကြားခဲ့သည်။

ပုန်ကန်ထကြွသူများက အမေရိကန်ကြောင့် ယခုရက်သတ္တပတ်များအတွင်း အမေရိကန်စစ်သား (၅) ဦး ကျဆုံးခဲ့သည်ဟု သိရှိရသည်။

အီရတ်ရှိအမေရိကန်တပ်များ၏ တပ်မှူးက ဝါရှင်တန်မြို့တော်တွင် ဆီးနိတ်အထက်လွှတ်တော်အမတ်များအား ပြောကြားရာ၌ လာမည့် ဒီဇင်ဘာလတွင်ကျင်းပမည့် ရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲများမှတဆင့် အကြမ်းဖက်မှုများ ဆက်လက်တည်ရှိနေမှုကြောင့် အီရတ်ရှိ အမေရိကန်တပ်များ လာမည့်နှစ်တွင် လျှော့ချရေးအစီအစဉ်မှာ ကပျက်ကယက်လုပ်ခံနေရကြောင်း ထုတ်ဖော်ပြောကြားသည်။ အမေရိကန်တပ်များ၏ ကူညီပံ့ပိုးမှုမပါပဲ တိုက်ပွဲဝင်နိုင်သော အီရတ်တပ်ဖွဲ့၏ အရေအတွက်မှာ တပ်ရင်းတရင်းသာ ကျန်တော့သည့်အဆင့်သို့ လျော့ကျသွားသည်။

နောက်ဆုံးအနှစ်ချုပ်စာရင်းအရ ၂၀၀၃ ခုနှစ် မတ်လမှ ယနေ့အထိ အီရတ်စစ်မြေပြင်တွင်ကျဆုံးခဲ့သော အမေရိကန်စစ်သား အရေအတွက်မှာ အနည်းဆုံး (၁၉၂၉) ဦးရှိ


အီရတ်နိုင်ငံရှိ ကားဗုံးပေါက်ကွဲမှုတခု

ကျောထောက်နောက်ခံပြုဖွဲ့စည်းထားသည့် အီရတ်အစိုးရအား ဖြုတ်ချရနအသေခံဗုံးဖောက်ခွဲခြင်း၊ ပစ်ခတ်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်း စသည့်တိုက်ခိုက်မှုများအား တိုးမြှင့်ပြုလုပ်လျက်ရှိသည်။

အမေရိကန် စစ်တပ်မှသတင်းများအရ (Ramadi) မြို့အနီးရှိ ဗုံးဖောက်ခွဲမှုကြောင့် ယခုရက်သတ္တပတ်များအတွင်း ...

နေပြီး ဒဏ်ရာရသူများ (၁၃,၀၀၀) ထက်မနည်းရှိနေပြီးဖြစ်သည်။ ယခုအချိန်တွင် အမေရိကန်ပြည်ထောင်စုမှ စစ်သား (၁၄၉,၀၀၀) အီရတ်တွင်ရှိနေသည်။ အခြားနိုင်ငံများမှ စစ်သား (၂၀,၀၀၀) အနက် တဝက်ခန့်မှာ ဗြိတိန်နိုင်ငံမှဖြစ်သည်ဟု သိရှိရသည်။
❖

## ဂါဇာကမ်းမြောင်ဒေသအား အစ္စရေးက လေကြောင်းမှ တိုက်ခိုက်

စက်တင်ဘာ (၂၅) ရက်နေ့က ဂါဇာကမ်းမြောင်ဒေသအား အစ္စရေးက လေကြောင်းမှ အပြင်းအထန်တိုက်ခိုက်မှုပြုလုပ်ခဲ့ပြီး၊ ဂါဇာအနောက်ဘက်ကမ်းခြေမှ စစ်သွေးကြွဟု သံသယရှိသူပေါင်း နှစ်ရာကျော်ကို ဖမ်းဆီးခဲ့သည်။ အစ္စရေးဝန်ကြီးချုပ် အာရီရယ်ရှရှန်က ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးနယ်မြေအား ဒုံးလက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကို ရပ်ဆိုင်းရန် မည်သည့်နည်းလမ်းမဆိုအသုံးပြုရန် အစ္စရေးစစ်တပ်အား အမိန့်ပေးခဲ့ပြီးနောက်၊ ယင်းတိုက်ခိုက်မှု ဖြစ်ပေါ်လာခြင်းဖြစ်သည်။

စက်တင်ဘာလ (၁၂) ရက်နေ့က အစ္စရေးစစ်တပ်များ ဂါဇာဒေသမှ ဆုတ်ခွာမှုကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်အစပျိုးရတော့မည်ဟူသော မျှော်လင့်ချက်ရောင်ခြည်များယှက်သန်းလာမှုတို့ ယခုတိုက်ခိုက်မှုက ဖျက်ဆီးလိုက်ခြင်းဖြစ်သည်ဟု ပြောဆိုကြသည်။ ပါလက်စတိုင်းသမတ မာမွက်အာဘတ်စ်ကမူ အကယ်၍ မစ္စတာရှရှန်က စစ်တပ်အား အပြည့်အဝအသုံးချဖို့ အမိန့်ပေးခဲ့လျှင် သူဟာ တွေ့ဆုံဆွေးနွေးရေး၊ လုံခြုံရေးနဲ့ ငြိမ်းချမ်းရေးကို မလိုလားသူဟု ပြစ်တင်ပြောဆိုလိုက်ပြီး ဟာမက်စ်အဖွဲ့အတွင်း သဘောထားပျော့ပြောင်းသည့် ကဘူများဟု လူသိများသည့် ဟတ်ဆန်ယူဘက်ဖ်နှင့် မိုဟာမက်ဂါဇယ်တို့ကမူ အစ္စရေးတို့အား ချေမှုန်းပစ်မည်ဟု ကတိပြုပြောကြားခဲ့ကြသည်။ ❖

# ဖက်ဒရယ်ကိုကြောက်လန့်နေသော စစ်အာဏာရှင်များ

မင်းလွင် (ရှမ်းပြည်)

လွတ်လပ်ပြီးခဲ့သော မြန်မာပြည်သည် (၁၀) စုနှစ်အတွင်း ပါတီများအကွဲအပြဲ၊ လက်နက်ကိုင်ဝါဒများ အကွဲအပြဲတွေကြောင့် ဖဆပလအစိုးရသည် ပင်လုံစာချုပ်ပါ တိုင်းရင်းသားများ၏ တန်းတူအခွင့်အရေးများကို ဆောင်ရွက်နိုင်မှုအားနည်းခဲ့သည်။ ပြည်မ ပြည်နယ်တန်းတူရေးမှာ ကွာခြားချက်များကြောင့် တိုင်းရင်းသားများသည် ၁၉၆၁ တောင်ကြီးညီလာခံတွင် မျက်နှာစုံညီဆွေးနွေးခဲ့ကြသည်။

ယနေ့မြန်မာနိုင်ငံတွင် ဖက်ဒရယ်ဟု ပြောကြလျှင် တိုင်းရင်းသားအများစုမှာ ပင်လုံကို တမ်းတမိကြသည်။

တောင်တန်းပြည်မပူးပေါင်းရေး၏ သန္ဓေတည်ရာ ပင်လုံစာချုပ်သည် ပြည်နယ်–ပြည်မတန်းတူရေး၊ စည်းလုံးညီညွတ်ရေး၏ အဓိကသော့ချက်ဖြစ်သည်။

ဒါကို အာဏာသိမ်းဦးနေဝင်းက ဖက်ဒရယ်သည် ခွဲထွက်ရေးဟု ကင်ပွန်းတပ်ကာ ၁၉၆၂–မတ်လ (၂) ရက်၌ စစ်တပ်ကို အသုံးချကာ နိုင်ငံအာဏာကို သိမ်းယူခဲ့သည်။ အနာဂတ်လူငယ်များ ဖက်ဒရယ်အနှစ်သာရကိုသိရှိမည်ကိုစိုးရိမ်၍ ပညာရေးစနစ်တွင် ဖက်ဒရယ်ကို ခွဲထွက်ရေးဟု ပြဋ္ဌာန်းထားလေသည်။ ထို့ကြောင့် ဖက်ဒရယ်နှင့်ပတ်သက်၍ လူတော်တော်များများသည် ခွဲထွက်ရေးဟု သိရှိနားလည်ကြသည်။

တကယ်တော့ဖက်ဒရယ်သည် ခွဲထွက်ရေးမဟုတ်ပါ။ ၆၂ ခုတွင် ရှမ်းပြည်မှ ဖက်ဒရယ်မူကိုတောင်းဆိုခြင်းမှာ ပြည်ထောင်စုမှ ခွဲထွက်ခြင်းမဟုတ်ပါ။ ပင်လုံစာချုပ်ပါ အချက်တစ်ချက်ဖြစ်သော ခွဲထွက်လိုက ခွဲထွက်နိုင်သည်ဟူသောပြဋ္ဌာန်းချက်သည် ဖက်ဒရယ်မူ အရဖြစ်သော်လည်း မည်သည့် တိုင်းရင်းသားမှမခွဲထွက်လိုကြပါ။

မြန်မာ့သမိုင်းကိုပြန်ကြည့်လျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို နှလုံးရည်ဖြင့်စွမ်းဆောင်နိုင်သူများမှာ ကျန်စစ်သားနှင့် ဗိုလ်ချုပ်အောင်ဆန်းသာဖြစ်ကြောင်း သမိုင်းပညာရှင်များ ထုတ်ဖော်ဖူးသည်။ ဗိုလ်ချုပ်သည် မြန်မာ့လွတ်လပ်ရေးအတွက် လန်ဒန်တွင် ဆွေးနွေးနေခိုက် ရှမ်းစော်ဘွားများက ဗိုလ်ချုပ်သည်တောင်တန်းသားများ၏ ကိုယ်စားလှယ်မဟုတ်ကြောင်း ဘိလပ်အစိုးရထံ ကြေးနန်းစာပို့ခဲ့လေသည်။ ဤသို့ ပေးပို့ခြင်းကိုလက်မခံသော ခေတ်ပညာတတ်လူငယ်များပါဝင်ဖွဲ့စည်းထားသောရှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ (ရပလ) က ဒေသခံ တိုင်းရင်းသားများဖြစ်ကြသော ရှမ်း၊ ပအိုဝ့်၊ ပလောင်၊ အင်းသား၊ ဓနုများကိုဦးဆောင် စည်းရုံးကာ တောင်ကြီးမြို့၊ ဈေးနေ့ရက်ကြီးတွင် (ယခုကျောက်တိုင်ကွင်း)နေရာ၌ ဆန္ဒပြကာ လူထုဟောပြောပွဲကြီးပြုလုပ်ခဲ့သည်။ တချိန်တည်းမှာပင် လန်ဒန်သို့ ကြေးနန်းပေးပို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းသားများ၏ကိုယ်စားလှယ်ဖြစ်ကြောင်း၊ ပြည်နယ် ပြည်မအား တပေါင်းတည်းလွတ်လပ်ပေးရန်၊ လက်ရှိရှမ်းပဒေသရာဇ်စနစ်အား ဖျက်သိမ်းပေးရန် တောင်းဆိုခဲ့သည်။

အဆိုပါပေးပို့လိုက်သော ကြေးနန်း (၂) စောင်ကြောင့် ဗိုလ်ချုပ်တို့မှာ လွတ်လပ်ရေးအတွက် တိကျပြတ်သားသော သဘောတူညီမှုကိုမရခဲ့ဘဲ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်ရယူရန် ပင်လုံမြို့သို့ ၁၉၄၇ ဖေဖဝါရီ (၈) ရက်နေ့တွင် ရောက်ရှိခဲ့သည်။ ပင်လုံညီလာခံတွင် ဗိုလ်ချုပ်ဦးဆောင်သော ဖဆပလအဖွဲ့ချုပ်နှင့် တိုင်းရင်းသားအဖွဲ့များကြားတွင် ရပလသည် ထိန်းညှိဆောင် ရွက်ပေးခဲ့သည်။ ဤသို့ဖြင့် ဖေဖော်ဝါရီ (၁၂) ရက်နေ့တွင် သဘောတူညီမှုများရရှိခဲ့ကာ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ တိုင်းရင်းသားအရေးနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက ''ခွဲထွက်တယ် ခွဲမထွက်တယ်ဆိုတာက တိုင်းရင်းသားတွေရဲ့အလုပ်၊ ခွဲမထွက်အောင်လုပ်ပြရမှာက ကျုပ်တို့ (ဗမာ) တွေရဲ့ အလုပ်ဘဲ'' ဟု ရိုးရှင်းစွာ ပြောကြားခဲ့ဖူးသည်။

လွတ်လပ်ပြီးခဲ့သော မြန်မာပြည်သည် (၁၀) စုနှစ်အတွင်း ပါတီများအကွဲအပြဲ၊ လက်နက်ကိုင်ဝါဒများ အကွဲအပြဲတွေကြောင့် ဖဆပလအစိုးရသည် ပင်လုံစာချုပ်ပါ တိုင်းရင်းသားများ၏ တန်းတူအခွင့်အရေးများကို ဆောင်ရွက်နိုင်မှု အားနည်းခဲ့သည်။ ပြည်မ ပြည်နယ်တန်းတူရေးမှာ ကွာခြားချက်များကြောင့် တိုင်းရင်းသားများသည် ၁၉၆၁ တောင်ကြီးညီလာခံတွင် မျက်နှာစုံညီဆွေးနွေးခဲ့ကြသည်။ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးပါဝင်သူ ဦးတင်အေး (ရှမ်းပြည်) တို့က '' (၄၇) အခြေခံဥပဒေဟာ အိမ်အိုကြီးနှင့် တူနေပြီ။ ပြုပြင်သင့်တာတွေပြုပြင်ဖို့ အချိန်ရောက်နေပြီ'' ဟု အကြံပြုတင်ပြခဲ့သည်။ တက်ရောက်ကြသော တိုင်းရင်းသားခေါင်းဆောင်များကလည်း (၄၇) ခု အခြေခံဥပဒေ၏ အားနည်းချက်များကို အကြံပြုတင်ပြဆွေးနွေးခဲ့ကြသည်။

ဤညီလာခံကြောင့် သန့်ရှင်းဖဆပလ (ပထစ) အစိုးရသည် တိုင်းရင်းသားနှီးနှောဖလှယ်ပွဲကြီးကို ၁၉၆၂ ခု၊ ဖေဖော်ဝါရီ (၂၄) ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပပေးခဲ့သည်။ ဆွေးနွေးပွဲတို့မည်သည် ငြင်းကြခုန်ကြခြင်းသည် သဘာဝပေတည်း။ သဘောထားတူလျှင်ကျေနပ်နိုင်ပြီး သဘောထားမတူကြလျှင် အချေအတင်ငြင်းကြသည်မှာ မဆန်းလှပါ။ ထို့အတူ ဤနှီးနှောဖလှယ်ပွဲကြီးတွင် ဦးကျော်ငြိမ်း (တည်မြဲ ဖဆပလ) နှင့် ဦးထွန်းမြင့် (တောင်ကြီး) တို့၏ စကားအချေအတင် ပြောဆိုချက်များသည် စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဦးကျော်ငြိမ်းက ''ပြည်မရထားစက်ခေါင်းဟာ ပြည်နယ်တွဲများကိုဆွဲနေရတာကြောင့် ပင်ပန်းလှပြီ''ဟု ပြောဆိုချက်ကို ဦးထွန်းမြင့်က ''ပင်ပန်းလျှင် နောက်တွဲတွေကို ဖြုတ်ချလိုက်''ဟု ချေပတင်ပြခဲ့သည်။ တကယ်တော့ တည်မြဲဖဆပလသည် တိုင်းရင်းသားအရေးထက် ပါတီအရေးကိုသာ အလေးထားပုံရသည်။ ထို့ကြောင့်လည်း ဦးထွန်းမြင့်က ''သတို့သမီးကို အုန်း၊ ငှက်ပျောပွဲနဲ့ လာတင်တောင်းတာကိုသဘောမတူရင် ကားတင်ခိုးပြေးမှာဘဲ'' ဟုပြောဆိုခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်အတွက်ကိုယ်ကျိုးစွန့်ခြင်းကို နိုင်ငံသားတိုင်း လေးစားကြသလို၊ တောင်တန်းသားများအကျိုးအတွက် ရဲဝံ့စွာ တင်ပြတောင်းဆိုသော ဦးထွန်းမြင့်ကိုရော တိုင်းရင်းသားများ မလေးစားသင့်ပေဘူးလား။ သို့သော် ဦးထွန်းမြင့်၏ တင်ပြပြောဆိုချက်များကို ထိုစဉ်က နေရှင်းသတင်းစာမှ ပုံကြီးချဲ့ကာဖော်ပြခဲ့လေသည်။ မကြာလှပါ အာဏာကို အလစ်ချောင်းနေသော ဦးနေဝင်းက ဤအချက်များကို အကျကောက်ကာ ရှမ်းစော်ဘွားများက ပြည်ထောင်စုမှ ခွဲထွက်ရန် ခြိမ်းခြောက်နေ၍ သမိုင်းပေးတာဝန်အရသူကပဲတိုင်းပြည်ကို ချောက်ထဲကျတော့မည့်ဆဲဆဲ ကယ်တင်ခဲ့သည်ဟု မော်ကွန်းတင်ခဲ့လေသည်။

၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ (၇) ရက်၊ (၅၈) နှစ်မြောက်ရှမ်းပြည်နယ်နေ့ အခမ်းအနားကို တောင်ကြီးမြို့၊ ပြည်တော်သာရပ်၊ အက်စ်အက်စ်အေ ဆက်ဆံရေးရုံးတွင် ကျင်းပခဲ့သည်။ ရှမ်းခေါင်းဆောင်များ သက်သက် ပြုလုပ်ခြင်းမဟုတ်။ မျိုးချစ်ရှမ်းပြည်နိုင်ငံရေးသမားများ (လူမျိုးစုံပါဝင်သည်)၊ မျိုးဆက်သစ်လူငယ်များ၊ ငြိမ်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ တက်ရောက်ကြသည်။ ရှမ်းပြည်အရေးကိစ္စသက်သက်မဟုတ် မြန်မာပြည်အသွင် ကူးပြောင်းရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ ပို၍ထူးခြားသည်မှာ (၅၇) နှစ်မြောက်ရှမ်းပြည်နယ်နေ့ထက် စည်ကားသည်။ ယခင်နှစ်ပွဲတုန်းက စစ်ထောက်လှမ်းရေးအဖွဲ့များ၏ တားဆီးပိတ်ပင်မှုကြောင့် ဆွမ်းကပ်ရုံဖြင့် ပြီးစီးခဲ့လေသည်။ ယခုပွဲတွင် လူစုံတက်စုံပါဝင်သည်။ ရပခတိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ကလည်း ခွင့်ပြုထားကြောင်း၊ ကြေညာချက်များရှိပါက ထုတ်ပြန်ကြေညာချက်များ၏မိတ္တူကို ကြိုတင်ပေးထားရန်၊ လက်ရှိ အထိးကျန်ဖြစ်နေသော တပ်မတော်အစိုးရကို အကြံပြုတင်ပြသွားရန်ကို (SB) အရာရှိ ရဲလှမောင်က ဖေဖော်ဝါရီ (၅) ရက်နေ့တွင် လာရောက်ပြောပြသွားသည်။

အက်စ်အက်စ်အေဥက္ကဌ ဗိုလ်ချုပ်ဆေထင်မှလည်း ရှမ်းပြည်နယ်နေ့ကို ရှမ်းတောင်၌ မကျင်းပနိုင်ပါက ရှမ်းမြောက်၌ ကျင်းပမှာဖြစ်ကြောင်း အကြောင်းကြားလာသည်။ ရှမ်းမြောက်မှာသွားလာရေး ခက်ခဲသောကြောင့် ရှမ်းတောင်၌ ပြုလုပ်မှာဖြစ်ကြောင်း အကြောင်းကြားရာ ဦးဆေထင်မှ ငွေကျပ် (၂) သိန်းကူညီခဲ့သည်။ အက်စ်အဲန်အယ်လ်ဒီဥက္ကဌ ဦးခွန်ထွန်းဦးမှ (၇) ရက်နေ့ပွဲကို နောက်ကျမည်ဖြစ်ပေမယ့် ပြည်ထောင်စုနေ့အကြိုညစာစားပွဲကိုတက်ရောက်မည်ဟု အကြောင်းကြားခဲ့သည်။ ဗကသဥက္ကဌဟောင်း မင်းကိုနိုင်အားဖိတ်ကြားရာတွင် မိမိမှာ နိုင်ငံရေးအဆက်ပြတ်နေသောကြောင့် လေ့လာနေကြောင်း ဖိတ်ကြားမှုကို မတက်နိုင်ကြောင်း တောင်းပန်ခဲ့သည်။ ဒီမိုကရေစီပါတီမှ ဦးသုဝေမှာ ထောင်ကလွတ်ကတည်းက မည်သည့် အခမ်းအနားမှ မတက်ခဲ့ပေမယ့် ရှမ်းပြည်အဖွဲ့ကိုတော့ စိတ်ဝင်စားကြောင်း၊ တက်ရောက်ရန် ဆန္ဒရှိကြောင်း အကြောင်းကြားခဲ့သည်။

အခမ်းအနားကို ဖေဖော်ဝါရီ (၇) ရက်၊ နံနက် (၉) နာရီတွင် စတင်ကျင်းပခဲ့သည်။ အခမ်းအနားတွင် ရှမ်းပြည်အတိုင်ပင်ခံကောင်စီ၊ (၈၈) ကျောင်းသားလူငယ်များအဖွဲ့၊ မျိုးဆက်သစ် (ရှမ်းပြည်) အဖွဲ့များမှ ကြေညာချက်များထုတ်ပြန်ခဲ့သလို ငြိမ်းချမ်းရေးကဗျာဆရာကြီးမှလည်း ကဗျာတပုဒ်ပေးပို့ခဲ့သည်။ ညနေပိုင်းတွင် ကန်ရှေ့ရပ်၊ ဇောတိကလမ်း၊ စိန်တောင်တန်းစားသောက်ဆိုင်တွင် မိတ်ဆုံစားပွဲပြုလုပ်ခဲ့သည်။ စားသောက်ဆိုင်ပတ်ဝန်းကျင်တွင် (SB) များ အလုပ်များနေသလို စားသောက်ခန်းမတွင်၌လည်း (မကသ) မှ ကိုအေးလွင်အဖွဲ့မှာ ဗွီဒီယို၊ ကင်မရာများနှင့် အလုပ်များနေသည်။

သေချာလေ့လာသော် မှတ်တမ်းတင်ရန် တာဝန်ယူကြောင်းနှင့် ဦးသုဝေ၊ ဒေါ်ချိုချိုကျော်ငြိမ်းတို့နှင့် ရန်ကုန်မှ လိုက်ပါလာကြောင်းသိရှိရသည်။

ဖေဖော်ဝါရီ (၈) ရက်နေ့ မွန်းလွဲ (၂) နာရီတွင် မျိုးဆက်သစ်မှ ဆရာဦးမြင့်သန်းကို (SB) အရာရှိ ရဲလှမောင်အဖွဲ့က လာရောက်ဖမ်းဆီးသွားသည်။ တဆက်တည်းမှာပင် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့် အမိန့်ဖြင့် လူဖမ်းပွဲကြီးကို လုပ်ဆောင်တော့လေသည်။ (၉) ရက်နေ့တွင် တောင်ကြီးသို့ထွက်လာသော ဦးခွန်ထွန်းဦးကို လမ်းခရီး၌ ဖမ်းဆီးလိုက်သည်။

ဦးသုဝေနှင့် ဒေါ်ချိုချိုကျော်ငြိမ်းကို တည်းခိုရာဟော်တယ်တွင် အကျယ်ချုပ်ထားကာ ဗိုလ်ချုပ်ရွှေမန်းက ကြေးနန်းဖြင့်စစ်ဆေးခြင်းလုပ်သည်။ အခမ်းအနားတက်ရောက်သူများအားလုံးလိုလို ဖမ်းဆီးခံပြီး မှတ်တမ်းတင်သူ ကိုအေးလွင်မှာ ကိုယ်ဖျောက်အတတ်ရှိ၍လားမသိ လွတ်မြောက်နေသည်။ ဖေဖော်ဝါရီ (၁၇) ရက်နေ့တွင် ဖမ်းဆီးထားသူအားလုံးကို ကား (၂) စီးဖြင့် ရန်ကုန်သို့ပို့ လိုက်သည်။ မျိုးဆက်သစ်အဖွဲ့နှင့် ဗိုလ်ချုပ်ဆေထင်ပါသောကားသည် အင်းစိန်လမ်းမကြီးအတိုင်း မောင်းနှင်သွားပြီး တခြားအဖွဲ့ကားများမှာ ပြည်လမ်း (၈) မိုင်လမ်းဆုံမှ (SB) ဌာနချုပ်သို့ မောင်းဝင်သွားသည်။

မကြာမီ အစိုးရသတင်းများမှ ရှမ်းခေါင်း ဆောင်တချို့က ပြည်ထောင်စုမှခွဲထွက်ရန် လှုပ်ရှားခြင်းဟူ၍ဖော်ပြလာသည်။ ပြန်ကြားရေးဝန်ကြီး ဗိုလ်ကျော်ဆန်းမှလည်း သတင်းစာရှင်းလင်းပွဲ၌ အာခေါင်အာရင်းအော်မြည်လေတော့သည်။ နအဖတို့ အနာပေါ်ဒုတ်ကျသလို ခံစားကြရပြီ။ တကယ်ဆို (၆၂) ခုနှစ်ကတည်းက မရှိတော့ပြီဖြစ်သော ပြည်ထောင်စုကို မည်သူမှခွဲစရာမလိုတော့ပါ။

မျိုးဆက်သစ် (ရှမ်းပြည်) သည် ယခင် ရပလ အဆက်ကိုခံယူသော အဖွဲ့ဖြစ်သည်။ မျိုးဆက်ပျိုးခင်း ကျူရှင်ဘော်ဒါဆောင်ကို ထူထောင်ကာမျိုးဆက်သစ်လူငယ်များ ကို ဆက်လက်မွေးထုတ်ပေးလျှက် ဆင်းရဲနွမ်းပါးသော ကျောင်းသားကျောင်းသူများကိုလည်း အခမဲ့သင်ကြားပေးသည်။ ဝင်ငွေလေး မစို့မပို့လေးဖြင့် နိုင်ငံရေးလုပ်ငန်းကိုကြိတ်ပြီး လုပ်ကိုင်ကြသည်။ အဖွဲ့အစည်း၊ ပါတီများ၏ လွှမ်းမိုးမှုမပါဘဲ ပါတီအရောင်အသွေးကင်းသောအဖွဲ့အဖြစ် ခံယူထားသည်။ ထို့ကြောင့်လည်း ရပလအဖွဲ့ဝင်ဟောင်းပုဂ္ဂိုလ်များကပင် လေးစား၍ကူညီဝန်းရံခဲ့သည်။

နအဖတို့မှာ မိမိတို့အား ငယ်ထိပ်မြွေပေါက်တော့မည့်သူအထင်ဖြင့် ကြောက်လန့်ကာ ချေမှုန်းလေတော့သည်။ ယခင်ထောက်လှမ်းရေးတုန်းက ပိတ်ပင်တားမြစ်ပေမယ့် ဖမ်းဆီးခြင်းမပြုခဲ့ချေ။ ယခု (SB)တို့မှာတော့ အချိုသတ်ကာ ဖွင့်ဟပေးပြီး ထောင်ချောက်ဆင်ဖမ်းဆီးခြင်းမှာ တိုင်းမှူး ခင်မောင်မြင့် (ယခု နပခတိုင်းမှူး) စနက်ဖြစ်သည်။ စစ်ဘောင်းဘီဝတ်ထားပါလျက် ထမီဝတ်ချင်ကြသောစိတ်ဓာတ်ကို စဉ်းစား၍မရချေ။ သတင်းစာရှင်းလင်းပွဲ၌လည်း ထုတ်ပြန်နေသော ဗိုလ်မှူးချုပ်ကျော်ဆန်းကို အပေါ်ပိုင်းသာပြထားသည်။ အောက်ပိုင်းတွင် ထမီဝတ်ထားပုံရသည်။

ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နအဖညီလာခံတွင် ကော်မတီအတွင်းရေးမှူး ဖြစ်သည့်အားလျော်စွာ ညီလာခံတက်နေသော ငြိမ်းအဖွဲ့ခေါင်းဆောင်များနှင့် ဝင်ရောတတ်သည်။ ငြိမ်းအဖွဲ့ခေါင်းဆောင်များထံသွားလည်လျှင် အရက်ပုလင်းပါသွားတတ်ပြီး သူပဲမူးနေတတ်သည်။ တဘက်ထံမှစကားကို နှိုက်ဖို့နေနေသာသာ သူကိုယ်တိုင်ဖွင့်အန်လာသည်။

''ဖက်ဒရယ်နဲ့ပတ်သက်လာရင် ကျုပ်တို့ကတော့ ကာကွယ်ရမှာပဲ။ နောက်ဆုံးအသက်ပေးခုခံသွားမှာဘဲ''ဟူ၍ နအဖညီလာခံတွင် ဗမာပြည်နယ်ဖွဲ့ရန် တင်ပြသော ငြိမ်းအဖွဲ့ခေါင်းဆောင်အား အမှန်တကယ် ပြောဆိုခဲ့သည်။

နောက်လ ဆက်လက်ဖော်ပြပါမည်။

# စစ်အစိုးရအကျဉ်းထောင်အသီးသီးရှိ နိုင်ငံရေးအကျဉ်းသားများ၏ ကျန်းမာရေးအခြေအနေအထူးဆိုးရွားလျက်ရှိ



မြန်မာနိုင်ငံရှိ အကျဉ်းထောင်များအနက်မှ မန္တလေးအကျဉ်းထောင်မြင်ကွင်း

မြန်မာနိုင်ငံ အကျဉ်းထောင်အသီးသီးတွင် စစ်အစိုးရ၏ မတရားဖမ်းဆီးခြင်းခံထားရသော နိုင်ငံရေးအကျဉ်းသားများ၏ ကျန်းမာရေးအခြေအနေမှာ အထူးဆိုးဝါးလျက်ရှိသည်၊ အင်းစိန်ထောင်တွင် နှစ်ရှည်ထောင်ဒဏ်ချခံထားရသော အသက် (၆၂) နှစ်အရွယ် စာရေးဆရာ မုံရွာအောင်ရှင်သည် သွေးအားနည်းပြီး ရင်ကျပ်ရောဂါ ပြင်းထန်စွာ ခံစားနေရသည်။ ဆရာအောင်ရှင်သည် (၁၉၆၀) ခုနှစ်က မုံရွာတင်ရွှေ၊ ဆရာတင်မိုးတို့နှင့်အတူ စာပေပေါင်းကူးတွင် လက်တွဲလုပ်ဆောင်ခဲ့သူဖြစ်ပြီး (၁၉၆၇) ခုနှစ်တွင် တက်ကြွသော လက်ဝဲစာပေသမားအဖြစ် ဖမ်းဆီးခံခဲ့ရသည်။ တဖန် (၁၉၇၉) ခုနှစ် ရွေးကောက်ပွဲကာလတွင် အဲန်အယ်လ်ဒီအနိုင်ရရေးအတွက် မဲဆွယ်စည်းရုံးမှုကြောင့် ထပ်မံဖမ်းဆီးခံခဲ့ရသည်။ (၂၀၀၀) ခုနှစ် စောစောပိုင်းတွင် ပြန်လည်လွတ်မြောက်လာပြီးနောက် စက်တင်ဘာလ (၂၉) ရက်နေ့တွင် တတိယအကြိမ်ဖမ်းဆီးခံရပြီး ထောင်ဒဏ် (၂၁) နှစ်ချမှတ်ခံထားရသူဖြစ် သည်။

မန္တလေးထောင်တွင် ထောင်ဒဏ် (၅၉) နှစ် ကျခံနေရသူ ကျောင်းသားခေါင်းဆောင် ကိုသက်ဝင်းအောင်သည် ကျန်းမာရေးအခြေအနေဆိုးဝါးကာ ကောင်းစွာလမ်းလျှောက်နိုင်ခြင်းမရှိကြောင်း သိရှိရသည်။ အသက် (၃၃) နှစ်အရွယ်ရှိ ကိုသက်ဝင်းအောင်သည် (၁၉၉၈) ကျောင်းသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့သူဖြစ်ပြီး ယင်းနှစ် စက်တင်ဘာလတွင် အဖမ်းခံခဲ့ရသည်။

(၂၀၀၃) ခုနှစ် ဇူလိုင်လတွင် နိုင်ငံတော်ပုန်ကန်မှုဖြင့်အဖမ်းခံခဲ့ရပြီး အင်းစိန်ထောင်တွင် ထောင်ဒဏ်တသက်တကျွန်း ချမှတ်ခံထားရသူ မွန်ပြည်သစ်ပါတီမှ ကိုအောင်လွန်းမှာ အေအိုင်ဒီအက်စ်ရောဂါဖြင့် အင်းစိန်ဆေးရုံကြီးတွင် စက်တင်ဘာ (၂၀) ရက်က ကွယ်လွန်သွားကြောင်းသိရသည်။

မကွေးတိုင်း၊ သရက်ထောင်တွင် ထောင်ဒဏ်(၉)နှစ်အကျဉ်းကျခံနေရသော သရက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွင်းရေးမှူးဖြစ်သူ ဦးကိုကြီးမှာလည်း အဆစ်အမြစ်ကိုက်ရောဂါနှင့် အစာအိမ်ရောဂါကြောင့် ထောင်ဆေးရုံတွင် တက်ရောက်ကုသနေရသည်။

သာယာဝတီထောင်တွင်လည်း အစားအစာနှင့် ရေသန့်ရှင်းမှုမရှိခြင်းကြောင့် ယခုလ (၂၅) ရက်နေ့က ဝမ်းရောဂါ ပြင်းထန်စွာဖြစ်ပွားခဲ့သည့်အတွက် ရာဇဝတ်အကျဉ်းသား (၂၀) ကျော်သေဆုံးခဲ့ပြီး (၇၀) ခန့် ထောင်ဆေးရုံတွင် တင်ထားရကြောင်း သိရှိရသည်။ ထောင်ပိုင်ဦးမြင့်ဆွေက အကျဉ်းသားများကို ပိုးထိုးနေသောဆန်နှင့် ပဲများကိုကျွေးခဲ့ခြင်းကြောင့်လည်းကောင်း၊ မသန့်ရှင်းသောရေနှင့် ကျန်းမာရေးနှင့်မညီသော မိလ္လာစနစ်တို့ကြောင့်လည်းကောင်း အကျဉ်းသားများသေဆုံးရသည့်အထိ ဝမ်းရောဂါ အပြင်းအထန်ဖြစ်ပွားခဲ့ရကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ (အေအေပီပီ) က ကြေညာချက်ထုတ်ပြန်ထားသည်။ ထိုဝမ်းရောဂါကိုအကြောင်းပြပြီး နိုင်ငံရေးအကျဉ်းသားများကိုပါ ထောင်ဝင်စာပိတ်ထားကြောင်း နိုင်ငံရေးအကျဉ်းသားမိသားစုများမှတဆင့် သိရှိရသည်။

❖

စာမျက်နှာ (၁၃) ဇွန်မှိုင်းဆောင်းပါးမှ ...

ငယ်ချင်းတယောက်က သူက သူ့ဘဝမှာနေရတာတဲ့၊ အချုပ်အနှောင်တွေ အများကြီးပဲတဲ့။ သူသွားချင်သလို၊ သူနေချင်သလို လွတ်လပ်စွာ ဘာမှနေထိုင်ခွင့်မရှိခဲ့ဘူး။ သူ့ ဘဝမှာ လုပ်ချင်တာ လုပ်ခွင့်ရမယ်။ သူများကို မထိခိုက်ပဲပေါ့၊ အေးအေးချမ်းချမ်း နေထိုင်ခွင့်ရမယ်၊ စစ်တွေ ဘာတွေလည်း မဖြစ်ဘူး။ အဲလိုမျိုးရှိမယ်ဆိုရင်တော့ သူ့ဘဝအတွက် ငြိမ်းချမ်းမှာပါပဲတဲ့။ အဲဒီအဓိပ္ပါယ်နှင့် ဒီပုံလေးကို ဆွဲထားတာပါတဲ့။'

နောက်ပန်းချီကားလေးတခုကို သူက ယူပြီးပြပါတယ်။

ပန်းချီကားလေးထဲမှာက .... အိမ်ကလေးတလုံးရယ် လူရုပ်ပုံလေး လေးငါးခုရယ်။

ဘာ အဓိပ္ပါယ်ပါလိမ့် ....

ဆက်ပြီး အာရုံစိုက်ပြီးနားထောင်ကြည့်မိတဲ့အခါ ....

"ကိုယ့်အိုး၊ ကိုယ့်အိမ်၊ ကိုယ့်မိသားစုတွေ စုံစုံလင်လင်နှင့် ပျော်ပျော်ရွှင်ရွှင်နေထိုင်ခွင့်ရှိမယ်ဆိုရင် ဒါဟာ သူ့မှာ ဘဝမှာ ပေါ့နော် .... ငြိမ်းချမ်းမှုတခုပဲလို့ သူယုံကြည်တယ်။

အခုတော့ သူ့မှာ ကိုယ်ပိုင်အိမ်ဆိုတာလည်းမရှိဘူး။ မိသားစု စုံစုံလင်လင်နေထိုင်ဖို့ဆိုတာလည်း သူ့မှာအခွင့်အရေးမရှိဘူး။

အဲဒါကြောင့်မို့လို့ သူဟာ ဒီဘဝလေးကို အရမ်းလိုချင်တယ်။

ဒီဘဝမျိုးသာရမယ်ဆိုရင် သူ့ဘဝလေး ငြိမ်းချမ်းသွားမှာပါလို့ သူကဆိုလိုချင်တာပါ။"

"ဒါက လက်နက်ကို ကြက်ခြေခတ်ခတ်ထားတဲ့ ပုံပေါ့နော် .... အကယ်၍ တဦးနှင့်တဦး၊ တအုပ်စုနှင့်တအုပ်စု၊ တယောက်နှင့်တယောက် အချင်းချင်း တနိုင်ငံနှင့် တနိုင်ငံပေါ့နော်၊ အဲဒီလို စစ်မက်တွေ မဖြစ်ပွားဘူး၊ အမုန်းတရားတွေ မဖြစ်ပွားဘူးဆိုလို့ရှိရင် ဒါဟာလည်း ငြိမ်းချမ်းတယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ သူဆွဲထားတာပါ။"

ကျနော် ဆရာတာရာကို ဖြတ်ကနဲ အမှတ်ရမိတယ်။

**'ရန်သူမရှိ မိတ်ဆွေရှိ၊ မုန်းသူမရှိ ချစ်သူရှိ'**ဆိုတဲ့ ဆရာရဲ့စကား ....။

ဆရာရေ ....

ဆရာသာ ဒီပွဲလေးကို တက်ခွင့်ကြုံမယ်ဆိုရင် ဆရာ့ရင်တွေ ဘယ်လောက်ခုန်နေလိုက်မလဲ။

ဆရာရဲ့ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ စဉ်းစားချက်တွေ၊ အယူအဆတွေဟာ ဒီခလေးမလေးတွေရဲ့ ခံစားချက်တွေ၊ အယူအဆတွေ ဖြစ်နေလို့ပါလားဆရာ။

ဆရာ ဒီအသံလေးတွေ ကြားနိုင်ပါစေ။

ဆရာရယ်ဆရာသာရှိရင် ဘယ်လောက်များ ကြည်ကြည်နူးနူး ဖြစ်လိုက်လေမလဲ။

ရှင်းပြနေတဲ့သမီးလေးရဲ့ မျက်ဝန်းလေးကလည်း ကြည်နူးရိပ်တွေနဲ့ တောက်ပလို့ပဲဆရာ။

သူ ....ဆက်ပြီး ပြောပြန်တာက ....

"ဒါက သူငယ်ချင်းတယောက်ဆွဲထားတာက ကလေးလေးတယောက်အိပ်နေတဲ့ပုံပေါ့။ သူဆိုလိုချင်တဲ့အဓိပ္ပါယ်က ဘဝမှာ အရောင်ဆိုးခြင်းတွေ မရှိဘူး။ သူ့ဘဝမှာ ဖြူဖြူစင်စင်နှင့် သူသွားချင်တဲ့လမ်းကို သွားခွင့်ရမယ်၊ ဘာမှ အမုန်းတရားတွေ မကျေနပ်မှုတွေ ဘာမှမရှိပဲ အဲဒီလိုဖြူစင်နေမယ်ဆိုလို့ရှိရင် ငြိမ်းချမ်းနေမယ်လို့ သူယုံကြည်တယ်လို့ သူဆွဲထားတာပါ။"

*"ဒါက ဖယောင်းတိုင်ပုံပါ။ ဒီပုံရဲ့ အဓိပ္ပါယ်ကတော့ အလင်းပေါ့နော်။*

အလင်းဆိုတာက ပညာအလင်းရောင်ပဲဖြစ်ဖြစ်၊ အသိအလင်းရောင်ပဲဖြစ်ဖြစ် အဲဒီလိုမျိုးကမ္ဘာမှာရှိတဲ့ အမှောင်တရားတွေ မရှိပဲနဲ့ အလင်းပေးမှုတွေပဲရှိနေမယ်ဆိုလို့ရှိရင် သူ့ဘဝလမ်းကိုလည်း သူကောင်းကောင်းမွန်မွန် လျှောက်နိုင်တယ်။ ဒုက္ခဆင်းရဲခြင်းတွေအတွက်လည်း ကြိုတင်ပြင်ဆင်မှုတွေ လုပ်နိုင်မယ်၊ အဲဒီလိုမျိုးပညာအလင်းတွေ ရနေမယ်ဆိုရင် သူ့ဘဝငြိမ်းချမ်းမှာပဲဆိုပြီး ရေးဆွဲထားတာပါတဲ့။"

သူ့လက်ထဲမှာ ပန်းချီကားတထပ်ကြီးနှင့်။ သူ့ရင်ထဲမှာ ရှင်းပြစရာတွေ၊ ပြောပြစရာတွေ တပုံကြီးနှင့်။

သူဟာ နောက်ထပ် ပန်းချီကားတချပ်ကို ဆွဲထုတ်လိုက်ပြန်ပါတယ်။

ဒါဟာ သူရှင်းလင်းပြောပြရမယ့် ပန်းချီကားတွေထဲက နောက်ဆုံးကားတကားပါ။

*"ဒါကတော့ ညီမျှခြင်းပါ။ ဒီဖက်မှာ ဒီဖက်မှာ ဘာပုံမှဆွဲမထားပါဘူး။*

ဘာဖြစ်လို့လဲဆိုတော့ ဒီဖက်မှာ ယောကျာ်းလည်း ဖြစ်နိုင်တယ်။ မိန်းမလည်း ဖြစ်နိုင်တယ်။ တိရိစ္ဆာန်လေးတွေလည်း ဖြစ်နိုင်တယ်။ ကမ္ဘာကြီး တခုလုံးနှင့်ချိုပြီးတော့ပေါ့နော် ....

တယောက်နှင့် တယောက်

တအုပ်စုနှင့် တအုပ်စု

တလူမျိုးနှင့် တလူမျိုး

ဘာမှခွဲခြားခြင်းမရှိပဲနဲ့ တန်းတူအခွင့်အရေး ရရှိမယ်ဆိုရင် ....

ဒီဖက်ကတယောက်က တခုရမယ်ဆိုလို့ရှိရင် နောက်တယောက်ကလည်း တခုပေါ့။

အဲလိုမျိုး အပြန်အလှန်ညီတူညီမျှ ရနေမယ်ဆိုရင်၊ တန်းတူအခွင့်အရေး ရနေမယ်ဆိုလို့ရှိရင် အားလုံးဟာပြည့်စုံနေမယ်။

သူ့အတွက် ငြိမ်းချမ်းနေမယ်ဆိုတဲ့ အဓိပ္ပါယ်နှင့် သူဆွဲထားတာဖြစ်ပါတယ်။"

ဟုတ်တယ်။ ဒါကို ကျနော် သဘောတူတယ်။

ဒါတွေဟာ တကယ့်ရင်ထဲကအသံတွေ။ ကျနော်တို့ အလေးအနက်ထားကြရမယ့် လူထုရဲ့ အသံတွေပါ။

သိပ်ကို သေချာတာပေါ့။

တန်းတူ အခွင့်အရေးရဖို့လိုတယ်။

ဒီမိုကရေစီရဖို့ လိုတယ်။

လူ့အခွင့်အရေးတွေ အပြည့်အဝရဖို့လိုတယ်။

ဒါတွေရှိအောင်မလုပ်နိုင်ဘဲ ငြိမ်းချမ်းရေးကို ကျနော်တို့ ဘယ်လိုလုပ်ပြီး အရယူကြမလဲ။

စစ်ပွဲတွေကို ရပ်ပစ်ချင်တယ်ဆိုရင် စစ်မီးတွေကို ငြိမ်းသတ်ချင်တယ်ဆိုလို့ရှိရင် ....

အမျိုးသားရေးတန်းတူခွင့်နှင့် ဒီမိုကရေစီကို အမှန်တကယ် ရင်ထဲအသဲထဲကကို ပေးကြရလိမ့်မယ်။

တကယ့်ရင်ထဲက ပေးတာမဟုတ်ဘဲ လူကြားကောင်းရုံ၊ ကြည့်ကောင်းရုံ ပေးတာမျိုးလည်း မလိုချင်ဘူး။ ဒီကိစ္စက အတုလုပ်လို့ရတဲ့ အမျိုးမဟုတ်ဘူး။

နအဖ စစ်အုပ်စုက ဒီကိစ္စတွေကို၊ ဒီအသံတွေကို လေးနက်ဖို့ သိပ်ကိုအရေးကြီးနေပါပြီ။

အမေရိကန်သမတကြီး ဂျက်ဖါဆင်က ပြောဖူးတယ်။

'ဘုရားသခင်က လူသားတွေကို အညီအမျှ ဖန်ဆင်းပေးထားတာပါ' တဲ့။

ဘုရားသခင်ရဲ့အလိုတော်ကို ဆန့်ကျင်တဲ့သူတွေ ကျနော် ဘယ်သူ့ကိုမှမဖြစ်စေချင်ဘူး။

(၇)

အခုတော့ ....

နအဖ စစ်အုပ်စုဟာ .... လက်နက်နဲ့ ငြိမ်းချမ်းရေးကို လဲခိုင်းတာလိုလို၊ လက်နက်နဲ့ ဒီမိုကရေစီကို လဲခိုင်းတာလိုလိုနှင့် လက်တွေ့မှာ .... ကျနော်တို့ညီအကို တော်လှန်ရေးအင်အားစုတွေကို လက်နက်ချခိုင်းနေလို့ပါလား။

ဘယ်လိုလုပ်ကြမလဲ။

ကျနော့်အမြင်တော့ ငြိမ်းချမ်းရေးတို့ ဒီမိုကရေစီရေးတို့ဆိုတာ ဒန်အိုးပေါက်နှင့် ပဲကြီးလှော်နှင့်လဲသလိုမျိုး လဲလို့ ထပ်လို့ ရကောင်းတဲ့အရာ မဟုတ်ဘူးလေ။

ကျနော်တို့ ရင်ထဲကိုက ....

ငြိမ်းချမ်းရေးကို အသက်တမျှ တန်ဖိုးထားပါမှ

အမျိုးသားသင့်မြတ်ရေးဆိုတာကို အသက်တမျှ တန်ဖိုးထားပါမှ စစ်မြေပြင်မှာ 'ဒိုင်း'ခနဲ ပစ်ချလိုက်ရတာကို ကိုယ့်အသားကိုယ် ပြန်လှီးလိုက်ရသလို နာနာကျင်ကျင် ခံစားနိုင်ပါမှ ....

အဲဒီပဋိပက္ခ ဖြစ်နေသူတွေအချင်းချင်း လက်ဆွဲနှုတ်ဆက်နိုင်၊ စားပွဲဝိုင်းမှာ အတူထိုင်ပြီး စကားပြောနိုင်ကြမှာပါ။

စစ်ပွဲတွေကို ရပ်ပစ်ဖို့အတွက်၊ ကလေးငယ်တွေရဲ့ အနာဂတ်တွေ အစွမ်းကုန်လှပနိုင်စေဖို့အတွက် ....

ငြိမ်းချမ်းရေးမွတ်သိပ်နေတဲ့ ကျနော်တို့လူထုတွေရဲ့အသံတွေကို လေးလေးနက်နက် ပုံဖော်ပေးကြရမယ် မဟုတ်လား။

ကျနော် ဆုတောင်းပါရစေ ....။

ကမ္ဘာမြေ ငြိမ်းချမ်းပါစေ ....။

မြန်မာနိုင်ငံ ငြိမ်းချမ်းပါစေ ....။

ကလေးငယ်တိုင်း လွတ်လပ်ပျော်ရွှင်စွာ ကခုန်နိုင်ကြပါစေ ....။ ။

ငြိမ်းချမ်းရေး တည်ဆောက်သူများ အသင်းနှင့် ငြိမ်းချမ်းရေးချစ်သူတိုင်းကို ကျေးဇူးတင်စွာဖြင့် ....။

ဇွန်မှိုင်း

၂၉၊ ၉၊ ၂၀၀၅။

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
ဇော်ဝေဖိုး

**တာဝန်ခံအယ်ဒီတာ**
နေသွင်

**သတင်းအယ်ဒီတာ**
စောမင်းထိုက်ကျော်၊ ကျော်ဦးညီ

စာမျက်နှာဖွဲ့စည်းမှု
စောဒီထူး၊ အောင်ထက်

မိုးကြိုး သတင်းစဉ် သို့

စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

ပြည်တွင်းလှုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအံတုမှု
ကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

# တနှစ်အတွင်း ပြုပြင်ပြောင်းလဲမှုများမလုပ်လျှင် မြန်မာအားအာဆီယံမှထုတ်ပယ်မည်



ဘန်ကောက်မြို့တွင် အာဆီယံလွှတ်တော်များအဖွဲ့ (AIPMC) အစည်းအဝေးကျင်းပနေစဉ်

တနှစ်အတွင်း သိသာထင်ရှားသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာခြင်းမရှိလျှင် မြန်မာပြည်အား အာဆီယံအဖွဲ့ဝင်အဖြစ်မှထုတ်ပစ်ရန် အာဆီယံလွှတ်တော်အမတ်များက ဖိအားပေးတောင်းဆိုသွားမည်ဖြစ်ကြောင်း မြန်မာ့ရေးရာ အာဆီယံလွှတ်တော်အမတ်များအဖွဲ့ (AIPMC) က စက်တင်ဘာ (၂၃) ရက် ဘန်ကောက်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောဆိုသည်။

မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် အင်ဒိုနီးရှား (၅) နိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ်များ၏ မြန်မာ့ဒီမိုကရေစီရေးရာ အာဆီယံလွှတ်တော်အမတ်များအစုအဖွဲ့က (ASEAN Inter- Parliamentary Myanmar Concus) ဆွေးနွေးပွဲတွင် ယခုအချိန်မှစ၍ တနှစ်အတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများပြန်မလွှတ်ပေးခဲ့လျှင်၊ စစ်မှန်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဖြစ်ထွန်းမလာခဲ့လျှင် မြန်မာနိုင်ငံအားအာဆီယံအဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့ထားရန် တောင်းဆိုထားခဲ့သည်။ တဖြည်းဖြည်းဆိုးရွားလာနေသည့် မြန်မာ့နိုင်ငံရေးပြဿနာကို နိုင်ငံစုံပူးပေါင်းဖြေရှင်းမှုမျိုးနှင့် အဖြေရှာနိုင်ရေးအတွက် အာဆီယံနိုင်ငံများအနေနှင့် ဦးဆောင်လှုပ်ရှားသင့်ကြောင်းကိုလည်း တိုက်တွန်းထားသည်။

မြန်မာနိုင်ငံအတွင်း ဖြစ်ပျက်နေသည့် စစ်အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှုသာမက တိုင်းရင်းသားလူနည်းစုများ၏ ဒုက္ခများ၊ တိုင်းပြည်မှ ထွက်ပြေးနေရသည့် ဒုက္ခသည်များ၊ မူးယစ်ဆေးဝါးနှင့် (HIV / AIDS) ရောဂါပျံ့နှံ့မှု စသည့်အခြေအနေမျိုးစုံ ဆုတ်ယုတ်ပျက်စီးနေမှုများသည် နိုင်ငံတကာအတွက် ပြဿနာတခုဖြစ်လာနေကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ နိုဝင်ဘာလတွင် မလေးရှား ကွာလာလမ်ပူတွင် ကျင်းပမည့်အာရှလွှတ်တော်အမတ်များအစုအဖွဲ့ အစည်းအဝေးတွင် အိန္ဒိယနှင့် တရုတ်ကိုယ်စားလှယ်များကိုပါ ဖိတ်ခေါ်၍ မြန်မာ့နိုင်ငံရေးအတွက်တိုက်တွန်းပြောဆိုဖို့ရှိကြောင်း အာဆီယံအမတ်များအစုအဖွဲ့၏အတွင်းရေးမှူး၊ မလေးရှားနိုင်ငံလွှတ်တော်အမတ် ထရီဇာကော့က ဒီဗွီဘီအား ပြောကြားခဲ့သည်။

အေအိုင်ပီအမ်စီ၏အဖွဲ့ဝင် ထိုင်းအထက်လွှတ်တော် နိုင်ငံခြားရေးကော်မတီဥက္ကဋ္ဌ ခရိုင်ဆတ်ချွန်နာဘန်က "မြန်မာစစ်အစိုးရဟာ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေ အကုန်ပြန်လွှတ်ပေးရမယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီထွန်းကားရေးဆိုတဲ့ အာဆီယံရဲ့တောင်းဆိုမှုတွေကို လိုက်နာရပါမယ်"ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်၏ မိတ်ဆွေဟောင်းတဦးလည်းဖြစ်သော မစ္စတာခရိုင်ဆတ်က "ကျုပ်တို့အနေနဲ့ ဒီထက်ပိုပြီး သည်းမခံနိုင်တော့ပါဘူး။ အာရှမှာရှိတဲ့ ကျုပ်တို့ရဲ့သက်ဆိုင်ရာအစိုးရတွေအနေနဲ့ ဒီထက်ပိုပြီး လုပ်ဆောင်ဖို့လိုပါတယ်" ဟု သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုသည်။

ထိုင်းအတိုက်အခံဒီမိုကရက်တစ်ပါတီ လွှတ်တော်အမတ် ဒေါက်တာဘူဒါနက်က လွန်ခဲ့သည့် (၅) နှစ်အတွင်း ထိုင်းနိုင်ငံသည် မြန်မာစစ်အစိုးရကိုအကူအညီမျိုးစုံပေးနေပြီး ထိုင်းနိုင်ငံရှိ မြန်မာ့ဒီမိုကရေစီအင်အားစုများကို နှိမ်နင်းနေကြောင်း၊ ယခုအချိန်တွင် ထိုင်းနိုင်ငံအနေဖြင့် မြန်မာ့အရေးတွင် ပြတ်ပြတ်သားသားရပ်တည်သင့်ပြီဖြစ်ကြောင်း ပြောသည်။

❖


အေအိုင်ပီအမ်စီအဖွဲ့ဝင် ထိုင်းအထက်လွှတ်တော်နိုင်ငံခြားရေးကော်မတီဥက္ကဋ္ဌ ခရိုင်ဆတ်ချွန်နာဘန် ဆွေးနွေးနေစဉ်။



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်–၉၇/ခ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ် ၊ ရန်ကုန်မြို့

ရက်စွဲ – ၂၀၀၅ ခုနှစ်၊
စက်တင်ဘာလ (၂၁) ရက်
ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၄) ရက်။

## အထူးကြေညာချက်

၁။ မြန်မာနိုင်ငံတော်၏အရေးကစ္စကို ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီက လက်ခံစဉ်းစားဆောင်ရွက်ရန်အတွက် ချက်နိုင်ငံသမ္မတဟောင်း မစ္စတာဗားကလဗ်ဟာဗယ်လ်နှင့် ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင် ဘုန်းတော်ကြီးဒက်စ်မွန်တူးတူးတို့၏ ရှင်းလင်းဖော်ပြအစီရင်ခံချက်နှင့်ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သဘောထားကို အောက်ပါအတိုင်းကြေညာလိုက်ပါသည်။

၂။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖွဲ့စည်းတည်ထောင်ထားသော အဓိကရည်ရွယ်ချက်သည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီရေးနှင့်လူ့အခွင့်အရေးများ ဖြစ်ထွန်းပေါ်ပေါက်ရန် ဖြစ်ပေသည်။ သို့ဖြစ်ရာ တိုင်းပြည်တွင် လက်ရှိကြုံတွေ့နေရသော အခက်အခဲပြဿနာများကိုကျော်လွှန်၍ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပြီး ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာစေရန် ကြိုးပမ်းအားထုတ်မှုများကိုလည်းကောင်း၊ ယင်းသို့ ကြိုးပမ်းအားထုတ်မှုများကို အထောက်အကူပြုသော ပြောဆိုဆောင်ရွက်မှုများကိုလည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အစဉ်သဖြင့် အထူးလှိုက်လှဲစွာကြိုဆိုအပ်ပေသည်။

၃။ သို့ပါ၍ ချက်သမတဟောင်းနှင့် ဘုန်းတော်ကြီးတို့က မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ လက်ခံစဉ်းစားဆောင်ရွက်ပေးနိုင်ရန် စံနမူနာအထောက်အထား အခြေအနေအရပ်ရပ်များနှင့်တကွ ပြည့်ပြည့်စုံစုံခိုင်ခိုင်မာမာ အစီရင်ခံစာထွက် ပေါ်လာခြင်းအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကျေးဇူးတင်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းပြင် အဆိုပါပုဂ္ဂိုလ်ကြီးနှစ်ဦး အမှူးပြုပြီး ပြုစုထားသောစာတမ်းသည် စေတနာမှန်သောလုပ်ရပ်သက်သက် ဖြစ်သည်ဟုလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အသိအမှတ်ပြုအပ်ပေသည်။

၄။ ၎င်းပြင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့တင်ပြရန် ကမ္ဘာတွင်ထင်ရှားသည့် ပုဂ္ဂိုလ်ကြီးနှစ်ဦး၏စာတမ်းသည် မည်သည့်နိုင်ငံ မည်သည့်အဖွဲ့အစည်းများကိုမျှ ထိခိုက်နစ်နာစရာမပါရှိပဲ မြန်မာနိုင်ငံ၏ ကောင်းကျိုးချမ်းသာ၊ မြန်မာပြည်အရေးပြေလည်ရေး လက်တွေ့အားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရနိုင်မည့် အစီအစဉ်ဖြစ်သည့်အတွက် စေတနာသက်သက်လုပ်ရပ်ဖြစ်သည်ဟု လေ့လာတွေ့ရှိရပေသည်။

၅။ သို့ဖြစ်ရာ အဆိုပါပုဂ္ဂိုလ်ကြီးနှစ်ဦးတို့၏ အစီရင်ခံစာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်သွင်းရောက်ရှိလာသောအခါတွင် ကန့်ကွက်မှု တစုံတရာ မပြုလုပ်ကြပါဘဲ ဝိုင်းဝန်းကူညီပန့်ပိုးဆောင်ရွက်ပေးကြပါရန်နှင့် အထူးသဖြင့် ဗီတိုအာဏာသုံးစွဲတားမြစ်ခြင်း မပြုကြပါရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သက်ဆိုင်ရာလုံခြုံရေးကောင်စီဝင် နိုင်ငံအသီးသီးတို့အား အထူးမေတ္တာရပ်ခံအပ်ပါကြောင်း ကြေညာလိုက်ပါသည်။

(၂၁–၀၉–၀၅) ရက်နေ့က ကျင်းပပြုလုပ်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

" စစ်တပ်ဆိုတာ လူထုကရွေးချယ်လိုက်တဲ့ အဖွဲ့အစည်းရဲ့အပေါ်မှာ ဘယ်တော့မှ ရှိမနေစေရဘူး။
ဒီအယူအဆကို အခုချိန်မှာ နိုင်အောင်တိုက်ရင်တိုက် မတိုက်ရင် တိုင်းပြည်အတွက်အန္တရာယ်ပဲ။"

ဒေါ်အောင်ဆန်းစုကြည်